ကြေးမှု

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့၊ (20-11-2014) (၈၀၃၀)

ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၉

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၏ ပြင်ဆင်အတည်ပြုချက်များ၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်အဆိုပြုချက်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးတို့က တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✱

ရွှေတောင်သုတေသနနှင့် မျိုးပွားခြံတွင် နိုဝင်ဘာ ပထမပတ်က အောင်မြင်ဖြစ်ထွန်းနေသော စပ်မျိုးစပါး GW-1 (ပုလဲသွယ်)စိုက်ခင်းအားတွေ့ရစဉ်။

ယနေ့ မာတိကာ

မျှော်လင့်ချက်ရောင်ခြည်သန်းနေပြီ
စာမျက်နှာ - ၂

ရန်ကုန်-မန္တလေးအမြန်လမ်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် လိုက်နာရန် သတင်းထုတ်ပြန်
စာမျက်နှာ - ၈

ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ နလုံးခွဲစိတ်မှုနှင့် လက်အစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာ ခွဲစိတ်ကုသနိုင်
စာမျက်နှာ - ၁၁

လယ်ယာကလွှာ ဖွံ့ဖြိုးတိုးတက်ရေး စပါးမျိုးကောင်းမျိုးသန့်များ ပိုမိုတိုးချဲ့စိုက်ပျိုးပေး

ယနေ့ကမ္ဘာ့လူဦးရေတိုးတက်နှုန်းအရ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် ကိုးဘီလီယံကျော် ၁၀ ဘီလီယံအထိ တိုးတက်လာမည်ဖြစ်သည့်အတွက် လက်ရှိစားနပ်ရိက္ခာလိုအပ်ချက်အပါအဝင် တိုးတက်လာမည့် လူဦးရေအတွက် ရိက္ခာထုတ်လုပ်မှု ကမ္ဘာ့နိုင်ငံအသီးသီး အပြိုင်အဆိုင် ကြံဆသုံးသပ်ဆောင်ရွက်လျက် ရှိကြသည်။

မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏မိသားစုစိုက်ပျိုးရေးလုပ်ငန်းသည် ရှေးရိုးအစဉ်အလာ ယဉ်ကျေးမှုနှင့် အသက်မွေးမှုဘဝများ ယှက်နွယ်ပါဝင်နေပြီး စားနပ်ရိက္ခာကို ထုတ်လုပ်ဖြည့်ဆည်းပေးရာတွင် ကုသိုလ်လည်းရ ဝမ်းလည်းဝသည့် မိသားစုလုပ်ငန်းအသွင် လုပ်ကိုင်နေကြသည်။ ထိုကျေးလက်နေပြည်သူများ၊ လယ်သမားများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားအောင် ဆောင်ကြဉ်းပေးရန် နိုင်ငံတော်အစိုးရက ကျေးလက်ဒေသမိသားစု တစ်ပိုင်တစ်နိုင်မှ နိုင်ငံလယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဘက်စုံစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

သတင်းဆောင်းပါး - စိုးစိုးနိုင်(ကြေးမုံ)
ဓာတ်ပုံ - ဌေးအောင်(ကြေးမုံ)

နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက နိုင်ငံတော်သမ္မတကြီးသည် နေပြည်တော်ကောင်စီနယ်မြေ ဒကွိုဏာသီရိမြို့နယ် အဆင့်မြင့်စက်မှုလယ်ယာ ဧက ၃၀၀၀ စံပြစိုက်ကွင်းနှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪

ဥပဒေကြမ်းပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် "ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်း" စာမျက်နှာ (၈)မျက်နှာ အပိုပါရှိပါသည်။

ရေကြားမုံ့ ၂၀-၁၁-၂၀၁၄၊ ကြာသပတေးနေ့

မျှော်လင့်ချက်ရောင်ခြည်သန်းနေပြီ

၁၉၇၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ စတင်ကျင်းပခဲ့သည့် ဂျီ-၇ အုပ်စုတွင် ဖွံ့ဖြိုးပြီးစက်မှုထိပ်သီး ခုနစ်နိုင်ငံပါဝင်သည်။ ထို့နောက် ရုရှားနိုင်ငံ ထပ်မံပါဝင်လာသောကြောင့် ဂျီ-၈ ဖြစ်လာခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော အာရှငွေကြေးဂယက်ကြောင့် ကမ္ဘာ့စီးပွားရေးကို ထိန်းကျောင်းနိုင်ရန်အတွက် နိုင်ငံပေါင်း ၂၀ နိုင်ငံပါဝင်သည့် ဂျီ-၂၀ အုပ်စုဖြစ်ပေါ်လာသည်။

ဂျီ-၂၀ နိုင်ငံများတွင် အာဂျင်တီးနား၊ ဩစတြေးလျ၊ ဘရာဇီး၊ ကနေဒါ၊ တရုတ်၊ ပြင်သစ်၊ ဂျာမဏီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ တောင်ကိုရီးယား၊ မက္ကဆီကို၊ ရုရှား၊ ဆော်ဒီအာရေဗျ၊ တောင်အာဖရိက၊ တူရကီ၊ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပယူနီယံတို့ပါဝင်ပြီး ထိပ်သီးအစည်းအဝေးများကို ဥရောပယူနီယံမှလွဲ၍ ကျန်နိုင်ငံများကို အုပ်စု ငါးစုခွဲကာ တစ်နှစ်လျှင် တစ်အုပ်စု၏ တစ်နိုင်ငံတွင် ကျင်းပခဲ့ကြသည်။

၂၀၁၄ ခုနှစ် နဝမအကြိမ်မြောက် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကို မကြာသေးမီရက်များက ဩစတြေးလျနိုင်ငံတွင်ကျင်းပခဲ့ရာ အိမ်ရှင် ဩစတြေးလျနိုင်ငံ၏ အထူးဧည့်သည်တော်အဖြစ် ဖိတ်ကြားခြင်းခံရသဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ယူထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတ တက်ရောက်ခဲ့သည်။

ထိုအစည်းအဝေးသို့ မြန်မာနိုင်ငံအား အာဆီယံဥက္ကဋ္ဌအဖြစ် ဖိတ်ကြားခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများကိုယ်စား နိုင်ငံတော်သမ္မတ တက်ရောက်ကာ ရှင်းလင်းပြောကြားခွင့်ရခဲ့သည့်အပြင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် တိုးတက်မှုဖြစ်စဉ်များကိုလည်း ပြောကြားခွင့်ရခဲ့သောကြောင့် ကောင်းမွန်သည့်အခွင့်အရေးတစ်ရပ်ကိုရရှိခဲ့သည့် အကျိုးများသော ခရီးစဉ်တစ်ခုဟု ဆိုရမည်ဖြစ်သည်။

ပို၍ထူးခြားလေးနက်သည်မှာ ၁၀ နှစ်မှတစ်ကြိမ် ကျင်းပခွင့်ရသည့် အာဆီယံထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ယူချိန် အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာဆောင်ရွက်ပြီးချိန်တွင် ဂျီ-၂၀ ထိပ်သီးခေါင်းဆောင်များက မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များအား အသိအမှတ်ပြု ဂုဏ်ပြုချီးကျူးခဲ့ခြင်းပင်ဖြစ်သည်။

ထို့အပြင် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး ကျင်းပပြီးစီးခဲ့ပြီးနောက် ပေါ်ထွက်လာသည့်ရလဒ်များတွင်လည်း မြန်မာနိုင်ငံနှင့်ပြည်သူပြည်သားများအတွက် အကျိုးရှိစေမည့်ကိစ္စရပ်များနှင့် နိုင်ငံတော်အစိုးရက ဆောင်ရွက်သင့်သော အချက်များကိုရရှိခဲ့သောကြောင့် ကောင်းမွန်သောအခွင့်အရေးတစ်ရပ်အား လက်ဝယ်ပိုင်ပိုင်ရရှိနိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များ ဆောင်ရွက်နေဆဲကာလတွင် ကမ္ဘာ့ဒေသအသီးသီးမှ နိုင်ငံများအနက် ဖွံ့ဖြိုးဆဲနိုင်ငံများသာမက ဖွံ့ဖြိုးပြီးနိုင်ငံများနှင့်ပါ စဉ်ဆက်မပြတ်ထိတွေ့၍ နှစ်နိုင်ငံဆက်ဆံမှုများ တိုးတက်အောင် ဆောင်ရွက်နေသည့် နိုင်ငံတကာနှင့်ထိတွေ့မှုပိုများသောနှစ်ဟု ဆိုရမည်ဖြစ်သည်။ ထိုအချိန်တွင် ဂျီ-၂၀ ကဲ့သို့သော ထိပ်သီးနိုင်ငံများနှင့် ထိတွေ့ခွင့်ရခဲ့သည့်အတွက် ပိုမိုကောင်းမွန်သော အဆင့်တစ်ခုသို့ ထပ်မံရောက်ရှိခဲ့ပေသည်။

မြန်မာနိုင်ငံတွင် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ ရေးဆွဲဆောင်ရွက်နေသောကာလတွင် အနာဂတ်အတွက် ဆောင်ရွက်သွားမည့် ပြည်သူ့ဗဟိုပြုလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံတိုးချဲ့ရေးတို့အပြင် အခွန်အကောက်၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအား ဆောင်ရွက်သွားမည့်အစီအမံများကို အဆိုပါထိပ်သီးနိုင်ငံကြီးများပါ ပါဝင်ခွင့်ရနိုင်မည့် အသိအမြင်များကို ပေးလိုက်နိုင်သည့် အကျိုးရလဒ်ကောင်းများစွာ ပေါ်ထွက်ခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ယူချိန်တွင် မြန်မာနိုင်ငံအတွက် ဂုဏ်ယူဖွယ်ကောင်းလောက်အောင် ဆောင်ရွက်နိုင်သကဲ့သို့ တစ်ဆက်တစ်စပ်တည်းကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးများသို့ ပါဝင်တက်ရောက်ဆွေးနွေးခွင့်ရခဲ့သဖြင့် နိုင်ငံများအားလုံးနှင့် တူညီသော အမြင်၊ တူညီသော ပူးပေါင်းဆောင်ရွက်မှုများဖြင့် အနာဂတ်တွင် လက်တွဲဆောင်ရွက်သွားနိုင်မည်ဖြစ်၍ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်မည့် မျှော်လင့်ချက်ရောင်ခြည်သန်းနေပြီဟု ဆိုနိုင်ပါသည်။ ။

ပျဉ်းမနား သ/မအသင်းစု ပြန်လည်ဖွဲ့စည်း

နေပြည်တော် နိုဝင်ဘာ ၁၉

ပျဉ်းမနားမြို့နယ် သမဝါယမ အသင်းစု၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ပြန်လည်ဖွဲ့စည်းရေး အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက်နံနက် ၉ နာရီက အသင်းစုရုံးတွင် ကျင်းပရာ နေပြည်တော် သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးချစ်၊ လ/ထညွှန်ကြားရေးမှူး ဦးလှမိုးနှင့် တာဝန်ရှိသူများ၊ မြို့နယ် အသင်းစု ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် ဒါရိုက်တာအဖွဲ့ဝင်များနှင့် သမဝါယမအသင်း ၈၀ မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် အသင်းစုပြန်လည်ဖွဲ့စည်းရေး အစည်းအဝေးကို ကျင်းပရာ သဘာပတိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးချစ်က အမှာစကားပြောကြားသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့ဝင် ငါးဦးနှင့် အသင်းသားစာရင်းစစ် နှစ်ဦးတို့ကို ရွေးချယ်အတည်ပြုပြီး သဘာပတိရွေ့မှောက်တွင် ကတိသစ္စာခံယူကြသည်။(ဝဝုံ)

ထို့နောက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ အသစ် ဦးခင်မောင်မြင့်က နှုတ်ခွန်းဆက်စကား ပြောကြားကြောင်း သိရသည်။

(၅၈၆)

အမျိုးသားပြတိုက်(ရန်ကုန်)တွင် အသံဖြင့်လမ်းညွှန်မှုပြုသောစနစ်များ အသုံးပြု

ရန်ကုန် နိုဝင်ဘာ ၁၉

အမျိုးသားပြတိုက် (ရန်ကုန်)သို့ အောက်တိုဘာ ၃၀ ရက်က ဂျပန်နိုင်ငံ မီယရှိတကုမ္ဗဏီမှ အသံဖြင့် လမ်းညွှန်စနစ် (Audio Guide System) အလုံး ၄၀ လျှောက်ထားခဲ့ပါသည်။ အဆိုပါစနစ်တွင် ပြသပစ္စည်း အမျိုးပေါင်း ၃၀ အတွက် မြန်မာ၊ အင်္ဂလိပ်၊ ဂျပန်၊ တရုတ်ဘာသာလေးမျိုးဖြင့် အသံသွင်းထားကြောင်း သိရသည်။ အဆိုပါစက်များအား အမျိုးသားပြတိုက် (ရန်ကုန်)တွင် နိုဝင်ဘာ ၁၁ ရက်မှ စတင်၍ အခမဲ့ဌားရမ်းလျက်ရှိပြီး နိုဝင်ဘာ ၁၉ ရက်တွင် အထက(၂) (မြို့မကျောင်း)မှ ကျောင်းသား ကျောင်းသူ ၃၅ ဦးက အဆိုပါ အသံဖြင့် လမ်းညွှန်မှုစနစ်အား အသုံးပြု၍ လာရောက်လေ့လာခဲ့ကြသည်။

(အပေါ်ပုံ)
အမျိုးသားပြတိုက်(ရန်ကုန်)



ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်	ရွှေဈေး	၆၇၂၀၀၀ - ၆၇၂၀၀၀
မန္တလေး	ရွှေဈေး	၆၇၂၀၀၀ - ၆၇၂၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၈၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၁၀၄၈. ၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၁၂. ၅
(ဂ)	တရုတ်	တစ်ယွမ်	= ၁၇၁. ၂၁
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၁. ၉၆၁
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၁၂. ၁၄
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၉၇၉
(ဆ)	ဂျပန်	တစ်ရာယန်း	= ၈၉၅. ၅၀
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၅. ၀၂၇
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၁၁. ၁၁
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၈၀၇. ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်
သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်တွင်းရေးရာ

ပြည်သူများ၏လူနေမှုဘဝကို ပိုမိုကောင်းမွန်ပြည့်စုံအောင် ဆောင်ရွက်ပေး

နေပြည်တော် နိုဝင်ဘာ ၁၉

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ ညနေ ၄ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဝင်းယူနတီ ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကား ပြောကြားသည်။**(ယာပုံ)**

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင် ကုမ္ပဏီ လီမိတက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ လုပ်ငန်းများကို ကဏ္ဍလေးခုခွဲ၍ ဆောင်ရွက်လျက်ရှိရာ ကဏ္ဍအလိုက်ရည်မှန်းချက်ရောက်သည်အထိ အရှိန်အဟုန်မပျက်ရန် လိုကြောင်း၊ ယခင်ကာလများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာအတွေ့အကြုံ နည်းပါးခဲ့သဖြင့် အားနည်းချက်များရှိခဲ့သော်လည်း ယခုအခါတွင် နည်းပညာများ တိုးတက်လာသည်နှင့်အမျှ ကဏ္ဍအလိုက်လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပိုမိုတိုးတက်ကောင်းမွန်လာပါကြောင်း။

စီမံကိန်းနယ်မြေ ပတ်ဝန်းကျင်ကျေးရွာများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် CSR Plan အရ လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံပြည်သူများဘက်မှ ရပ်တည်စဉ်းစား၍ ပြည်သူများ၏ လူနေမှုဘဝကို ပိုမိုကောင်းမွန်ပြည့်စုံအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ CSR Plan ဖြင့်ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်အလိုက် သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

ယနေ့အချိန်တွင် ကော်မတီ၏လုပ်ငန်းများဆောင်ရွက်မှု အရှိန်အဟုန်များရရှိနေပြီဖြစ်သည့်အတွက် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်းများကို ပြည်သူများ ယခုထက်ပိုမိုပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ဒေသ၏မြေထု၊ လေထု၊ ရေထုနှင့်ဆက်စပ်သည့် Environmental Effect များနှင့်ပတ်သက်၍ ဒေသခံများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ တိကျစွာစီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ESIA အစီရင်ခံစာ ထွက်ပေါ်လာရေးအတွက် နိုင်ငံတော်မှ ဖွဲ့စည်းထားသည့် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော အဖွဲ့ဖြင့် စနစ်တကျစိစစ်သုံးသပ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက် ရယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းသည် နိုင်ငံတော်၏အကျိုးစီးပွား၊ ဒေသခံပြည်သူများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရသည်ဖြစ်သကဲ့သို့ ကုမ္ပဏီ၏ အကျိုးစီးပွားလည်း ပါဝင်သဖြင့် စီမံကိန်းကြောင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝကို ထိခိုက်နစ်နာမှုမရှိစေရေးအတွက် လက်တွေ့လုပ်ဆောင်နေသည့် တာဝန်ရှိသူများအနေဖြင့် အလေးအနက်ထား ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့နေရာမှနေ၍ အားနည်းချက်များကို မြင်အောင်ကြည့်တတ်ပြီး လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ဒေသအတွင်းဖွင့်လှစ်သင်ကြားပေးခဲ့သည့် Vocational Training သင်တန်းများ တက်ရောက်အောင်မြင်ပြီးသူများကို ဘာသာရပ်ဆိုင်ရာလုပ်ငန်းများတွင် အလုပ်အကိုင်ခန့်ထားနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်သူများနှင့်ဆက်ဆံရာတွင် စိတ်ရှည်သည်းခံ၊ စည်းရုံးဆောင်ရွက်ကြရန် လိုကြောင်း၊ လုပ်ငန်းနှင့်ပတ်သက်၍ တာဝန်ရှိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိလုပ်ငန်းကိုလည်းကျွမ်းကျင်မှုရှိအောင် လေ့လာဆောင်ရွက်ထားကြရန်လိုကြောင်း၊ လုပ်ငန်းကျွမ်းကျင်မှုသာ ထောင့်စေ့အောင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စစ်ရေးချုပ်တို့က လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် လိုအပ်ချက်များကို လည်းကောင်း၊ ကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင် ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်ပြောကြားရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့များ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ကော်မတီ၏လုပ်ငန်းများ တိုးတက်အောင်မြင်မှုများရှိကြောင်း၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများအနက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များသည် များစွာအရေးကြီးပါကြောင်း၊ စီမံကိန်းနေရာသည် ကျေးရွာများနှင့် ဆက်စပ်နေသည့်နေရာ ဖြစ်သည့်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ရာနှုန်းပြည့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ပြည်သူ့ဆန္ဒသဘောထားများနှင့်အညီ ပွင့်လင်းမြင်သာစွာ စနစ်တကျဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတက္ကန်(တောင်)ကျေးရွာ မဟာဗောဓိတစ်ထောင် ဗုဒ္ဓဝတောင်ကုန်းတော်၌ တည်ထားကိုးကွယ်မည့် လေးကျွန်းစကြီ၁ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

လေးကျွန်းစကြီ၁ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ဘူမိဖသမုဒ္ဒြာပုံတော်ဖြစ်ပြီး တောင်မြောက်ပေ ၂၄၀ ၊ အရှေ့အနောက် ၁၃၃ ပေ၊ အမြင့် ၂၇ ပေရှိ ကြာပလ္လင်ပေါ်တွင် တည်ထားကိုးကွယ်မည်ဖြစ်ပြီး ထိုင်တော်မူရုပ်ပွားတော်၏ ဥဏှတော်အမြင့် ၂၀၇ ပေ စုစုပေါင်း အမြင့်မှာ ၂၃၄ ပေဖြစ်ကြောင်း သိရသည်။

ထို့နောက် မဟာဗောဓိတစ်ထောင် ဗုဒ္ဓဝတောင်ကုန်းတော်၌ တည်ထားကိုးကွယ်မည့် လေးကျွန်းစကြီ၁ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၁၉

အကြိမ်(၂၀)မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ-တရုတ်ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ဂျပန်ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယားပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးများကို မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ နိုဝင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ ဟိုတယ်ရွှေပြည်သာ၌ နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးများမတိုင်မီ (၃၈)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ-တရုတ်ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ-ဂျပန်ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံ-ကိုရီးယားပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့ကို နိုဝင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ မန္တလေးမြို့ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ယင်းအစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ပို့ဆောင်ရေးဝန်ကြီးများ၊ ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့ အပါအဝင် စုစုပေါင်းကိုယ်စားလှယ် ၂၁၀ ခန့် တက်ရောက်ကြမည်ဖြစ်သည်။

အစည်းအဝေးတွင် အာဆီယံထိပ်သီးအစည်းအဝေးမှ လမ်းညွှန်ချက်များ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်မှုအခြေအနေ၊ အာဆီယံလေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှု ဖြေလျှော့မှုအခြေအနေ၊ အာဆီယံတစ်ခုတည်းသော လေကြောင်းနှင့် ရေကြောင်းစျေးကွက်ဖော်ဆောင်မှု၊ အာဆီယံမောင်းတက်/မောင်းဆင်း ရေလမ်းကြောင်းကွန်ရက်တည်ဆောက်မှု၊ စင်ကာပူ-ကူမင်းရထားလမ်းစီမံကိန်း အကောင်အထည်ဖော်မှု၊ အာဆီယံအဝေးပြေးလမ်း ကွန်ရက်တည်ဆောက်မှု၊ အာဆီယံပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူညီချက်များ အကောင်အထည်ဖော်မှု၊ နယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်မှုဆိုင်ရာ အာဆီယံမူဘောင်သဘောတူညီချက် အကောင်အထည်ဖော်မှု၊ အာဆီယံဆွေးနွေးဖက်နိုင်ငံများနှင့် ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် အကောင်အထည်ဖော်မှု ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညနေပိုင်းထမင်းဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အို များအား ထမင်း/ဟင်းချက်ပြုတ်ခြင်း မပြုစေရန်။

(ခ) မီးဖိုအား သုံးစွဲပြီးပါက မီးကြင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

KMD mobile

ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ / ဘာသာစကားလေ့လာသူများ နှင့် Tourist Guide များအားထားရာ

မြန်မာပြည်အတွက် ပထမဦးဆုံးသော ဘာသာစကားအမျိုး(၂၀)ပါဝင်သည့်

COMET Language Learning Tablet

1 Year Warranty

- အခြေခံမှစ၍ (4 Skill Level) အထိ သင်ခန်းစာပေါင်း များစွာပါဝင်ခြင်း...။
- တိကျမှန်ကန်သော အသံထွက်များပါဝင်ခြင်း...။
- နိုင်ငံတကာတွင် ဖြေဆိုလျှက်ရှိသော ဘာသာစကားဆိုင်ရာ စာမေးပွဲ မေးခွန်းဟောင်းများ ပါဝင်ခြင်း။
- Tablet တစ်လုံးထဝ်ဝယ်စရာ မလိုဘဲ Multi Media (Games, Internet, Application) များ အသုံးပြုနိုင်ခြင်း။

20 Languages

English	Thai
German	Cambodian
French	Vietnamese
Spanish	Lao
Italian	Myanmar
Portuguese	Bengali
Russian	Malay
Chinese	Indonesian
Japanese	Filipino
Korean	Arabic

KMD (ပန်းဆိုးတန်း) - ၂၄၅၅၁၀၊ ၃၈၁၀၃၅ | KMD (မြေနီကုန်း) - ၅၀၃၅၁၁၊ ၅၀၃၅၅၂ | KMD (လမ်းမတော်) - ၂၃၀၃၀၈၂ | KMD (တာမွေ) - ၀၉- ၃၁၂၅၇၄၄ | KMD (မန္တလေး) - ၀၂-၆၀၂၃၉ | KMD (နေပြည်တော်) - ၀၆၇-၄၂၀၆၅

ဒုတိယမြောက် ပြင်သစ် ဂျီဟတ်ဝါဒီအား အိုင်အက်စ်တို့ထုတ်ပြန်သည့် ဗီဒီယိုမြင်ကွင်းခ့ဏ်တွေ့ရ

ပါရီ နိုဝင်ဘာ ၁၉

အိုင်အက်စ်အဖွဲ့က ဆီးရီးယားလူမျိုး အကျဉ်းသားတစ်ဦးအား ခေါင်းဖြတ်သတ်ဖြတ်ပုံကို ရိုက်ကူးလွှင့်တင်သည့် ဗီဒီယိုပြကွက်တွင် ဒုတိယမြောက် ပြင်သစ်နိုင်ငံသား ဂျီဟတ်ဝါဒီတစ်ဦး၏ရှုပ်ပုံကိုတွေ့ရှိရကြောင်း ပြင်သစ်နိုင်ငံက အတည်ပြုပြောကြားသည်။

အိုင်အက်စ်အဖွဲ့မှ ထုတ်လွှင့်သည့် ဗီဒီယိုပြကွက်၌ ပါရှိလာသည့် ပြင်သစ်နိုင်ငံသား ဂျီဟတ်တပ်ဖွဲ့ဝင်အား တွေ့ရစဉ်။

အမည်ဖော်ပြခြင်း မရှိသည့် ပြင်သစ်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အား ပြင်သစ်မီဒီယာက ကောက်နုတ်ဖော်ပြရာတွင် ၎င်းမှာ ပြင်သစ်နိုင်ငံ ပါရီမြို့အရှေ့ဘက် ဆင်ခြေဖုံးဒေသမှ အသက် ၂၂ နှစ် အရွယ်ရှိသူတစ်ဦးဖြစ်သည်ဟု ဆိုသည်။

ယခုရက်သတ္တပတ်အကုန်ပိုင်းက ထုတ်ပြန်သည့် ယင်းဗီဒီယိုပြကွက်ပါ စစ်သွေးကြွမှာ နော်မန်ဒီဒေသမှမက်မီဟုခေါ်အမည်ရှိသူ ဖြစ်ကြောင်း ပြင်သစ်အစိုးရက အစောပိုင်းတွင် ပြောကြားသည်။

အီရတ်နှင့်ဆီးရီးယားနိုင်ငံများသို့ ပြင်သစ်နိုင်ငံသားဂျီဟတ်ဝါဒီ၁၀၀၀ခန့် ထွက်ခွာသွားကြပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယခုနှစ်အစောပိုင်းက ဘရပ်ဆဲလ်မြို့ရှိ ဂျူးအမျိုးသားပြတိုက်တွင် သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားအပြီးတွင် ပြင်သစ်နိုင်ငံသားများ ပဋိပက္ခ၌ ပါဝင်ပတ်သက်မှု ပိုမိုမြင့်မားလာသည့် အကြောင်းတစ်ရပ်ဖြစ်လာခဲ့သည်။

ယင်းသေနတ်ပစ်ခတ် တိုက်ခိုက်မှုတွင် လူလေးဦးသေဆုံးခဲ့ပြီး တိုက်ခိုက်မှုကို ပြုလုပ်ခဲ့သူမှာ အသက် ၂၉ နှစ်အရွယ် မက်ဒီနမ်မိုချေအမည်ရှိ ပြင်သစ်နိုင်ငံသားဖြစ်ပြီး ၎င်းမှာ ဆီးရီးယားနိုင်ငံတွင်း၌ ဂျီဟတ်တိုက်ခိုက်ရေးသမားတစ်ဦးအဖြစ် ပါဝင်တိုက်ခိုက်ခဲ့သူဖြစ်သည်။ **ဘီဘီစီ။**

ကိုလံဘီယာအစိုးရတပ်ဖွဲ့မှ ဗိုလ်မှူးချုပ်တစ်ဦးအား ပြန်ပေးဆွဲခဲ့မှုအပေါ် လက်ဝဲသူပုန်အဖွဲ့ ခုခံပြောဆို

ဘိုဂိုတာ နိုဝင်ဘာ ၁၉

ကိုလံဘီယာအစိုးရနှင့်(အက်ဖ်အေအာရ်စီ) လက်ဝဲသူပုန်တပ်ဖွဲ့တို့အကြား ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နေစဉ်အတွင်း အဆိုပါသူပုန်အဖွဲ့က ကိုလံဘီယာတပ်မတော်မှ ဗိုလ်မှူးချုပ်တစ်ဦးနှင့် အခြားနှစ်ဦးတို့အား ပြန်ပေးဆွဲခဲ့မှုအပေါ် ၎င်းသူပုန်အဖွဲ့က ခုခံချေပသည့် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

သူပုန်အဖွဲ့၏ ကြေညာချက်တွင် ၎င်းတို့အား ဖမ်းဆီးရခြင်းမှာ ၎င်းတို့သည် စစ်ဘက်ဆိုင်ရာဝန်ထမ်းဖြစ်ခြင်းနှင့် စစ်ဖြစ်ပွားနေသည့် ဇုန်အတွင်းသွားလာနေခြင်းကြောင့် ဖြစ်ကြောင်း ဖော်ပြသည်။

ကိုလံဘီယာနိုင်ငံတွင် နှစ်ပေါင်း ၅၀ နီးပါးမျှကြာသည့်တိုင် ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခအတွင်း၌ ပြန်ပေးဆွဲခံရသည့် ရှုဘင်ဒါရီယို အယ်လ်ဇီတ်မှာ ကိုလံဘီယာတပ်မတော်မှ ပထမဆုံး ဗိုလ်မှူးချုပ်အဆင့်ရှိသူ တစ်ဦးဖြစ်သည်။

ကိုလံဘီယာလက်ဝဲသူပုန်အဖွဲ့(အက်ဖ်အေအာရ်စီ)တပ်ဖွဲ့ဝင်များ။

ယင်းဖြစ်ရပ်ကြောင့် ကိုလံဘီယာ သမ္မတ ဂျူအန်မန်ရှုရယ်ဆန်းတို့စိတ် အက်ဖ်အေအာရ်စီ သူပုန်အဖွဲ့နှင့် ပြုလုပ်နေသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို နိုဝင်ဘာ ၁၆ ရက်တွင် ဆိုင်းငံ့ခဲ့သည်။ ယင်းဆွေးနွေးမှုများကို လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ ပြန်ပေးဆွဲခံရသည့် ကိုလံဘီယာတပ်မတော်မှ ဗိုလ်မှူးချုပ်အား ပြန်လည်စေလွှတ်ပေးရန် ကိုလံဘီယာသမ္မတက တောင်းဆိုခဲ့ပြီး ၎င်းတို့ မလွတ်မြောက်မီအထိ ဆွေးနွေးမှုများ ပြန်လည်စတင်နိုင်မည်မဟုတ်ဟု ပြောကြားခဲ့သည်။ **ဘီဘီစီ။**

အမေရိကန်ဆောင်းဦး ဆီးနှင်းထူထပ် ဒေသအချို့၌ ဆီးနှင်းထုခြောက်ပေကျော်ကျဆင်း

နယူးယောက် နိုဝင်ဘာ ၁၉

အမေရိကန်နိုင်ငံတစ်ဝန်းတွင် အအေးလွန်ကဲလျက်ရှိပြီး ဆီးနှင်းများထူထပ်စွာ ကျရောက်မှုကြောင့် နယူးယောက်မြို့နှင့် အချို့ဒေသများတွင် ဆီးနှင်းထုမှာ ခြောက်ပေကျော်အထိရှိသည်။ နယူးယောက်မြို့နှင့် မိုင် ၁၀၀ ဝန်းကျင်တွင် လမ်းများပိတ်ဆို့သွားခဲ့ပြီး ကောလိပ်ဘတ်စကတ်ဘောအသင်းတစ်သင်းသည် ဘတ်စ်ကားပေါ်တွင် ၂၄ နာရီကျော်ကြာ ပိတ်မိနေခဲ့သည်။

အမေရိကန်နိုင်ငံ အမျိုးသားမိုးလေဝသဌာနက နိုဝင်ဘာ ၁၇ ရက်ကတည်းက ဘတ်ဖ်ဖလိုးမြို့၏ အချို့နေရာများတွင် ဆီးနှင်းထုမှာ ၇၆လက်မအထိရှိခဲ့ကြောင်း နိုဝင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။ ယခုကဲ့သို့ ၂၄ နာရီလုံး ဆီးနှင်းကျရောက်နေမှု အမေရိကန်နိုင်ငံတွင် ယခင်က မည်သည့်နေရာမျှ မရှိခဲ့ဟုဆိုသည်။

"အလွန်ဆိုးရွားတဲ့ နှင်းမုန်တိုင်းပဲဗျာ၊ လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်းက စံချိန်တင်တိုက်ခတ်ခဲ့တဲ့နှင်းမုန်တိုင်းတစ်ခုကို သတိရမိပါတယ်" ဟု ဘတ်ဖ်ဖလိုး ပြည်သူ့အလုပ်အကိုင်ကော်မရှင်မှ စတီဗင်စတက်နစ်ခ်က ပြောကြားသည်။

ဆီးနှင်းများကျရောက်နေစဉ်အတွင်း လူလေးဦးသေဆုံးသွားခဲ့ရာ တစ်ဦးမှာ ယာဉ်မတော်တဆမှုကြောင့်သေဆုံးရခြင်းဖြစ်ပြီး ကျန်သုံးဦးမှာ နှလုံးရောဂါကြောင့် သေဆုံးသွားခြင်းဖြစ်သည်။ နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူးက နယူးယောက်မြို့နှင့် ဘတ်ဖ်ဖလိုးမြို့များသို့ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အမျိုးသားလုံခြုံရေးတပ်ဖွဲ့များနှင့်အတူ လူ ၁၅၀ စေလွှတ်ခဲ့ပြီး စီရင်စု ၁၀ စုကိုလည်း နိုင်ငံတော် အရေးပေါ်အခြေအနေကျရောက်နေသည့် ကာလအဖြစ် ကြေညာခဲ့သည်။ **အင်နှင်ဘီစီ။**

အီရတ်ကာ့ဒ်လူမျိုးတို့၏ မြို့တော်တွင် ကားပုံးတစ်လုံး ပေါက်ကွဲ

အာဘီလ် နိုဝင်ဘာ ၁၉

အီရတ်ကာ့ဒ်လူမျိုးတို့၏ မြို့တော် အာဘီလ်တွင် နိုဝင်ဘာ ၁၉ရက်က အသေခံကားပုံးဖောက်ခွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူလေးဦးထက်မနည်း သေဆုံးကြောင်း ယနေ့ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။

ယင်းမြို့တော်၏ အုပ်ချုပ်ရေးမှူးရုံး ပြင်ပတွင် အသေခံပုံးဖောက်ခွဲမှုနှင့် သေနတ်များဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ ယင်းပုံးဖောက်ခွဲမှု ဖြစ်ပွားရာနေရာမှာ မြို့နယ်ရှိ သမိုင်းဝင် ရဲတိုက်အနီးတွင်ဖြစ်သည်။

အီရတ်ကာ့ဒ်များသည် အီရတ်အစိုးရတပ်ဖွဲ့များနှင့်အတူ အစ္စလာမ္မစ်နိုင်ငံအဖွဲ့(အိုင်အက်စ်)တို့အား တိုးမြှင့်တိုက်ခိုက်လျက်ရှိသော်လည်း ၎င်းမြို့မှာမူ အဓိကတိုက်ခိုက်မှုများမှ ရှောင်လွှဲနိုင်လျက်ရှိသည်။

ရေနံထုတ်လုပ်ရာမြို့လည်းဖြစ်သည့် အာဘီလ်မြို့သည် နိုင်ငံခြားသားများ အခြေပြုရာ လုံခြုံစိတ်ချရသောမြို့အဖြစ် နာမည်ရသည်။

နိုဝင်ဘာ ၁၉ရက် နေ့လယ်ပိုင်းတွင် ယင်းမြို့အုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံပြင်ပ စစ်ဆေးရေးဂိတ်၌ အဆိုပါ ပုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက အေအက်ဖ်ပီသို့ပြောကြားသည်။ **ဘီဘီစီ**

အီရတ်ကာ့ဒ်မြို့တော်၌ အသေခံ ကားပုံးဖောက်ခွဲအပြီး မြင်ကွင်း။

အိုင်အက်စ်ကို တိုက်ခိုက်ရန် အနောက်နိုင်ငံများ၏ လက်နက်ထောက်ပံ့မှုမလုံလောက်ဟု ကာ့ဒ်သမ္မတဆို

ပါရီ နိုဝင်ဘာ ၁၉

အီရတ်ကာ့ဒ်လူမျိုးစုသမ္မတ မာဆွတ်ဘာဇနီက အနောက်နိုင်ငံများအနေဖြင့် မိမိ၏ကာ့ဒ်တပ်ဖွဲ့များအပေါ် လုံလောက်သောလက်နက်များ ထောက်ပံ့မှုမရှိကြောင်း ပြောကြားလိုက်သည်။ အိုင်အက်စ်တပ်ဖွဲ့များ၏အန္တရာယ်မှာ နိုင်ငံတကာအရေးဖြစ်လာပြီး အီရတ်နှင့် ဆီးရီးယားတွင် နေမြေများချဲ့ထွင်ကာ အစ္စလာမ္မစ်နိုင်ငံထူထောင်ရန် ကြိုးပမ်းနေကြသည်။

အနောက်နိုင်ငံများက ကာ့ဒ်တပ်ဖွဲ့များအား အိုင်အက်စ်တို့၏ နယ်မြေထိန်းချုပ်မှုကို တားဆီးနိုင်သော အသက်သွေးကြောသဖွယ်ရှုမြင်ကြပြီး ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီနှင့် အခြားနိုင်ငံများက ကာ့ဒ်တပ်ဖွဲ့များကို လက်နက်များ ထောက်ပံ့ပေးနေကြသည်။ ကာ့ဒ်တပ်ဖွဲ့များ ကိုင်ဆောင်သော လက်နက်များမှာ ဆိုဗီယက် စစ်ကျန်လက်နက်များဖြစ်ကြပြီး တိုက်ပွဲတွင် အသုံးချရန် ထိရောက်မှု မရှိချေ။ မဟာမိတ်တပ်ဖွဲ့များ၏ လက်နက်ထောက်ပံ့မှုကို ကျေးဇူးတင်ရှိကြောင်း၊ သို့ရာတွင် မိမိတို့အနေဖြင့် သတ်မှတ်ထားသော လက်နက်အရေအတွက် မရရှိသေးကြောင်း ကာ့ဒ်သမ္မတဘာဇနီက ပြင်သစ်-၂၄ ရုပ်သံသို့ ပြောကြားသည်။

"ကျွန်တော်တို့လိုအပ်တာကတော့ အရေအတွက်နဲ့ အရည်အသွေးပြည့်ဝတဲ့ လက်နက်ကြီးထောက်ပံ့မှု ဥပမာ တင့်ကား၊ လေယာဉ်တို့ဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုမျိုး လက်နက်တွေမရရှိသေးပါဘူး"ဟု ၎င်းကဆိုသည်။ ပြင်သစ်က ကာ့ဒ်တပ်ဖွဲ့ဝင်များထံသို့ စက်သေနတ်များနှင့် လက်နက်ခဲယမ်းများ ထောက်ပံ့ပေးထားပြီး ပြင်သစ်အထူးတပ်ဖွဲ့ဝင်များကလည်း ကာ့ဒ်တပ်ဖွဲ့ဝင်များနှင့်အတူ လေ့ကျင့်လျက်ရှိသည်။

ဂျာမနီနိုင်ငံက မိမိတို့အနေဖြင့် ကာ့ဒ်တပ်ဖွဲ့ဝင် ၄၀၀၀အတွက် လိုအပ်သော စက်သေနတ်များ၊ လက်ပစ်ဗုံးများ၊ တင့်ကားများ ထောက်ပံ့ပေးထားကြောင်း၊ အင်္ဂလန်နိုင်ငံကလည်း တင့်ကားဖျက်လက်နက်များ ညကြည့်မှန်ပြောင်းများနှင့် ရေဒါများ ထောက်ပံ့ပေးထားကြောင်း ပြောကြားခဲ့သည်။ သို့သော် ထိုထောက်ပံ့မှုများမှာ လုံလောက်မှုမရှိသေးကြောင်း ဘာဇနီက ပြောကြားသည်။ **ရိုက်တာ။**

ပြည်တွင်းရေးရာ

အများနှင့် သက်ဆိုင်သောသမဝါယမဘဏ် နှစ်ပတ်လည်နေ့ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Senoda Hotel ၌ ကျင်းပသည့်အများနှင့်သက်ဆိုင်သော သမဝါယမဘဏ် ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်ပတ်လည်စုံညီအစည်းအဝေးတွင် အမှာစကားပြောကြားရာ၌ သမဝါယမဘဏ်ကို ၁၉၉၂ ခုနှစ်တွင် "ပုဂ္ဂလိကဘဏ်အဖြစ် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ပုဂ္ဂလိကဘဏ်မှ အများပိုင်ဘဏ်" အဖြစ် ပြောင်းလဲထူထောင်နိုင်ခဲ့သည်ကို သိရှိရပါကြောင်း၊ အများပြည်သူအတွက် ငွေကြေးဝန်ဆောင်မှုကို ပိုမိုကျယ်ပြန့်စွာ ဖြည့်ဆည်းအကျိုးပြုဆောင်ရွက်နိုင်ခဲ့သည်မှာ (၂၂)နှစ်ပြည့်မြောက်ပြီး (၂၃) နှစ်ထဲသို့ ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ အတွေ့အကြုံများတိုးတက်မှုများပြားပြီး ပိုမိုပြည့်ဝရင့်ကျက်လာသည်နှင့်အမျှ စွမ်းဆောင်ရည်အရည်အသွေးများလည်း တိုးတက်မြင့်မားလာခဲ့ပါကြောင်း၊ နည်းပညာပိုင်းအနေဖြင့် နိုင်ငံတကာတွင် အသုံးပြုနေသော Temenos Modern Core Banking Software ကို အသုံးပြုနိုင်ခဲ့ပြီး Trade Service၊ Easi Smart Card၊ Master Card၊ Visa Card အပါအဝင်ဘဏ်ဝန်ဆောင်မှု ၄၃ မျိုးအထိ ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို သိရှိရပါကြောင်း၊ အဆိုပါဆောင်ရွက်မှုများကြောင့် The Industry Leadership Award 2013၊ Redail Banker၊ Asia Trailblager Award 2014၊ Best Customer Services Bank Myanmar 2014၊ Best Cooprate Banking Service Myanmar 2014 ဆုများရရှိခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆိုပါအောင်မြင်မှုများသည် နိုင်ငံတော်၏ ငွေကြေးမူဝါဒများအရ အကောင်အထည်ဖော်ရခြင်း၊ နိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ၊ နည်းဥပဒေ၊ ဗဟိုဘဏ်ဥပဒေများအတိုင်း လိုက်နာအကောင်အထည်ဖော်မှုကြောင့် ရရှိခဲ့သည့် အောင်မြင်မှုများဟု ဆိုနိုင်ပါကြောင်း၊ အနာဂတ်ရေရှည်အောင်မြင်မှုအတွက် စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ ဝန်ဆောင်မှုတို့ကို ခေတ်မီနည်းစနစ်များနှင့်အညီ ကြိုးစားတီထွင်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ သို့မဟုတ် စားသုံးသူများ၏ ယုံကြည်မှုပိုမိုရရှိမှာဖြစ်ကြောင်း၊ စားသုံးသူများ၏ ယုံကြည်မှုသည် ဘဏ်လုပ်ငန်းအောင်မြင်မှုအတွက် အဓိကကျသည့်အတွက် စားသုံးသူများ ယုံကြည်မှုပျက်ပြားစေမည့် လုပ်ဆောင်ချက်၊ အကျင့်ပျက်ပြားမှု၊ နည်းစနစ်မကျမှုတို့ကို ရှောင်ကြဉ်၍ ဝန်ဆောင်မှုလုပ်ငန်းများကို ထိထိရောက်ရောက် စေတနာရှိရှိနှင့် သမဝါယမ၏ ဆောင်ပုဒ် "Let's Win-Win Together" အတိုင်း တိုးတက်အောင်မြင်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သီရိစန္ဒာအထည်ချုပ်လုပ်ငန်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမလီမိတက်သို့ သွားရောက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဤလုပ်ငန်းသည် လုပ်သားများ၏ လုပ်အားပေါ်မူတည်၍ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း အခြားဝန်ကြီးဌာနများ၏ လိုအပ်ချက်အပေါ်မူတည်၍ သမဝါယမအသင်းများက ချိတ်ဆက်ပြီး လိုအပ်ချက်များကို ထုတ်လုပ်ရန် ရည်ရွယ်မျှော်မှန်းထားပါကြောင်း၊ လုပ်ငန်းတိုးတက်အောင်မြင်ရန်အတွက် စက်စွမ်းအားနှင့် လူစွမ်းအားအရင်းအမြစ် အလွန်ပင်အရေးကြီးသည့်အတွက် စက်ရုံနှင့် အလုပ်သမားများကြား ဆက်ဆံရေးကောင်းမွန်ရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း သမဝါယမအသင်းများ ပွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

ပထမအကြိမ် ကယားစာပေသင်တန်းဆင်း

နေပြည်တော် နိုဝင်ဘာ ၁၉

ပထမဆုံးအကြိမ် ကယားစာပေသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁၉ ရက်က နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သင်တန်းခန်းမတွင် ကျင်းပသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှ ကယား ဘာသာအစီအစဉ်များကို မြန်မာဗျည်းအက္ခရာများဖြင့် ရေးသားထုတ်လွှင့်ပေးနေရာမှ ကယားလူမျိုးတို့၏ ဘုံစာပေဖြစ်သော ကျယ်ဖိုးကြီးဗျည်းအက္ခရာစာပေဖြင့် ပြောင်းလဲထုတ်လွှင့်ပြသနိုင်ရေးအတွက် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

"အရင်က မြန်မာ့အသံရေဒီယိုမှာလည်း မြန်မာဗျည်းအက္ခရာနဲ့ စာလုံးပေါင်းတဲ့ ကယားဘာသာကို သုံးပါတယ်။ အခုတော့ ကျယ်ဖိုးကြီးစာပေကို အသုံးပြုဖို့ ညွှန်ကြားလာတဲ့အတွက် ဒီသင်တန်းကို ဖွင့်လှစ်သင်ကြားပေးတာပါ"ဟု မြန်မာအသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန္ဒာအောင်က ပြောသည်။

လွိုင်ကော်မြို့ ကယားစာပေနှင့် ယဉ်ကျေးမှုအသင်းမှ ဆရာ၊ ဆရာမ နှစ်ဦးဖြင့် MRTV ကယားတိုင်းရင်းသား ဝန်ထမ်းများအား ကျယ်ဖိုးကြီး ဘာသာ အရေးနှင့်အဖတ်ကို နိုဝင်ဘာ ၈ ရက်မှ ၁၈ ရက်အထိ လွိုင်ကော်မြို့နှင့် နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ သင်တန်းခန်းမတို့တွင် တစ်ပြိုင်တည်း သင်ကြားပေးခဲ့သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဖွင့်လှစ်သော သင်တန်းတွင် ကယား ဘာသာအသံလွှင့်ဝန်ထမ်း ငါးဦး၊ NRC Channel မှ ကယားဘာသာ ဝန်ထမ်းရှစ်ဦး စုစုပေါင်း ၁၃ ဦးနှင့် NRC လွိုင်ကော်ဗျူရိုရှိ ဝန်ထမ်းခြောက်ဦးတို့ကို သင်ကြားပေးခဲ့သည်။

ကယားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ဆရာမ နော်မသဲက "အရင်ကမြန်မာဗျည်းအက္ခရာနဲ့ သင်ရတာကိုတော့ တတ်ကြတယ်။ အခု ကျယ်ဖိုးကြီးစာပေကို ဘုံစာပေအဖြစ် အတည်ပြုလိုက်တဲ့အခါကျတော့ ဒီစာကို သူတို့တတ်ကျွမ်းအောင်နဲ့ ရုပ်မြင်သံကြားမှာလည်း ဒီစာလုံးတွေနဲ့ ထုတ်လွှင့်နိုင်ဖို့အတွက်ဆို သူတို့မှာ အကူအညီလိုတာပေါ့နော်။ သူတို့တတ်မြောက်စေဖို့ ကိုယ့်လူမျိုးအချင်းချင်း စေတနာ၊ မေတ္တာနဲ့ လာရောက်သင်ကြားပေးခြင်းဖြစ်ပါတယ်"ဟု ပြောသည်။ ကယားဘာသာတွင် ဘုံစကားတစ်မျိုးတည်းထားရှိပြီး ယခုအခါ ကျောင်းချိန်ပြင်ပ အဖြစ် မနက် ၈ နာရီမှ ၉ နာရီနှင့် ညနေ ၃ နာရီမှ ၄ နာရီထိ သင်ကြားပေးနေပြီး လူကြီး လူငယ်များပါမကျန် ကျယ်ကျယ်ပြန့်ပြန့် သင်ကြားလာကြကြောင်း ၎င်းက ပြောသည်။

"အခုသင်ပေးတဲ့အထဲမှာ လောလောဆယ် ချက်ချင်းထုတ်လွှင့်ဖို့တော့ အခက်အခဲရှိမယ်။ အရင်က ဗျည်းအက္ခရာကို ပိုအားသာတဲ့အတွက် မြန်မာဗျည်းနဲ့ ပိုအဆင်ပြေတယ်။ ခုတော့ ဒီသင်တန်းက နောင်လာ နောက်သားတွေအတွက် ပညာရေးပိုင်းမှာ ပိုပြီးအဆင့်မြင့်ပါတယ်။ ခုချိန်မှာတော့ ကြိုးစားသင်ယူနေပါတယ်။ အရင်မြန်မာဗျည်းအက္ခရာနဲ့ အခုကျယ်ဖိုးကြီးက နည်းနည်းလေးကွဲပါတယ်"ဟု NRC ကယားသာသာ ခေါင်းဆောင်သင်တန်းသူ ဒေါ်သင်းသင်းထူးက ပြောသည်။

အများပြည်သူဝန်ဆောင်မှု Public Service Media အဖြစ် ပြောင်းလဲပုံဖော်နေသည့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကချင်၊ ကယား၊ အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ စကောကရင်၊ ချင်း(လိုင်ဇီး)နှင့် ချင်း(ချီး)၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ဝတိုင်းရင်းသားဘာသာ ၁၁ မျိုးဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။

ထက်ထက် (MRTV)

ဆေးပညာသတင်းဆန်းများ (၇၉)

ဒေါက်တာ ကံညွှန့်

Medical Tourism ခေါ်တဲ့ ဆေးကုသဖို့ခရီးထွက်တာဟာ အခုအခါ အတော်ခေတ်စားလာပါပြီ။ နိုင်ငံရပ်ခြားတစ်ခုမှာ မိမိကျန်းမာရေးအတွက် သွားရောက်ဆေးကုသသူတွေဟာ တစ်နေ့တခြားများပြားနေပါတယ်။ ဒီနိုင်ငံတွေထဲမှာ ကုသမှုခံယူဖို့ထိပ်ဆုံးရောက်နေတဲ့ နိုင်ငံတွေကတော့ ထိုင်း၊ အိန္ဒိယ၊ အမေရိကန်နိုင်ငံနဲ့ အင်္ဂလန်နိုင်ငံတို့ပဲ ဖြစ်ပါတယ်။ ကုသခံဖို့သွားရောက်ကြတဲ့ ရောဂါတွေကတော့ အလှပြင်ခြင်းနှင့် ကင်ဆာရောဂါတို့က အများဆုံးဖြစ်နေပြီ။ ကလေးမရနိုင်တာ (Infertility) နှင့် နှလုံးရောဂါ၊ သွားရောဂါတွေကတော့ နောက်ကလိုက်နေတယ်လို့ဆိုပါတယ်။ ဒါကတော့ International Medical Travel Journal (IMTJ)မှာဖော်ပြထားတာပါ။ Medical Tourism Climate 2014 ဆိုတဲ့ခေါင်းစဉ်နဲ့ ရေးထားတဲ့ဆောင်းပါးမှာ နိုင်ငံပေါင်း ၆၀ က ဆေးရုံဆေးခန်းပေါင်း ၂၈၀ ကို လေ့လာပြီးဖော်ပြထားတာပါ။ အိန္ဒိယနိုင်ငံမှာ ၂၀၁၂ ခုနှစ် မှတ်တမ်းများအရ နိုင်ငံခြားကလာရောက်ဆေးကုသမှုခံယူသူပေါင်း တစ်သိန်းခြောက်သောင်းခြောက်ထောင်ကျော်သာရှိခဲ့ရာမှ ယခုနှစ်မှာ နှစ်သိန်းသုံးသောင်းကျော်ထိရှိလာနိုင်မယ်လို့ တွက်ဆထားကြပါတယ်။ ၂၀၁၈ ခုနှစ်မှာတော့ လူလေးသိန်းကျော်လောက်ဖြစ်လာနိုင်ပြီး ဒီအထဲက ဝင်ငွေ USD ၆ ဘီလီယံလောက်ပင် ငွေရရှိလိမ့်မယ်လို့ ဖော်ပြထားပါတယ်။ အခုဆိုရင် အာရှနိုင်ငံတွေထဲက တောင်ကိုရီးယား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ မလေးရှားနိုင်ငံတွေကလည်း ဆေးကုသခံဖို့လာမယ့်ခရီးသွားတွေကို ဆွဲဆောင်နိုင်စရာတွေ ကြော်ငြာနေကြပါပြီ။ Medical Tourism ဆိုတဲ့ ဆေးကုသဖို့ခရီးထွက်တဲ့လုပ်ငန်းဟာ ဆေးပညာကိုအသုံးပြုပြီး စီးပွားရေးလုပ်ငန်းမှာ အရေးပါတဲ့လုပ်ငန်းတစ်ခုဖြစ်လာနေတာကို တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြမယ့် ဆေးပညာသတင်းကတော့ လမစေ့ဘဲမွေးဖွားကြတဲ့ ကလေးငယ်တွေအတွက် လူကောင်းတစ်ယောက်လိုဖြစ်လာနိုင်တဲ့ ကုသမှုတစ်ခုအကြောင်းပါ။ လမစေ့ဘဲမွေးဖွားတဲ့ ကလေးဆိုတာ ကိုယ်ဝန် ၃၂ ပတ်မတိုင်မီမွေးတဲ့ ကလေးတွေပါ။ ဒီကလေးတွေဟာ ကိုယ်ခံအားလျော့နည်းပြီး အထွေထွေကျန်းမာရေးပြဿနာတွေ ခံစားရခြင်း၊ ဦးနှောက်ချို့ယွင်းပြီး လူစဉ်မမီဖြစ်တတ်ခြင်းတို့ ခံစားရတတ်ပါတယ်။ ဒီလိုလမစေ့မွေးတဲ့ ကလေးပေါင်းတစ်နှစ်မှာ ၂ ဒသမ ၆ သန်းကျော်ရှိတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ စာရင်းအရ သိရပါတယ်။ ဒီကလေးတွေကို မွေးပြီးချက်ချင်း ၁၂ နာရီ၊ ၃၆ နာရီနှင့် ၄၂ နာရီတို့မှာ အကြိမ်သုံးခါ Erythropoietin (EPO)လို့ အတိုကောက်ခေါ်တဲ့ သွေးနီဥဖြစ်ပေါ်တာမှာ အရေးကြီးတဲ့ ဟော်မုန်းဆေးတစ်ခုကို ထိုးပေးလိုက်ရုံနဲ့ ဒီကလေးတွေဟာ လူစဉ်မီတဲ့ ကလေးတွေ ဖြစ်လာနိုင်တယ်လို့ဆိုပါတယ်။ ဒီလေ့လာချက်ကိုတော့ ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့ University Hospital of Geneva က ဆေးပညာရှင်တွေ တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ ရက်သတ္တ ၂၆ ပတ်ကနေ ၃၂ ပတ်အတွင်း မွေးတဲ့ကလေးပေါင်း ၄၉၅ ဦးကို စမ်းသပ်တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ဒီ EPO ဆေးဟာ ဟော်မုန်းတစ်မျိုးဖြစ်ပြီး သွေးအားကောင်းခြင်းကိုဖြစ်ပေါ်စေတာကြောင့် သွေးအားနည်းတဲ့ အားကစားသမားတွေမှာလည်း အသုံးပြုရတာဖြစ်ပါတယ်။ ဒီဆေးထိုးပေးခြင်းဖြင့် သွေးသွင်းကုသရမယ့်အနေအထားကိုလည်း လျော့ပါးစေတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

> **“ E-Cigarette သောက်သုံးသူ လူငယ်တွေဟာ အဲဒီမှာပါတဲ့ Nicotine ဓာတ်ကို ယဉ်ပါးစွဲလမ်းလာပြီး စီးကရက်အစစ်ကို သောက်ချင်စိတ်များလာတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီစီးကရက်သုံးဖူးတဲ့ လူငယ်တွေဟာ တစ်နှစ်ကြာတာနဲ့ စီးကရက်အစစ်ကို သောက်ချင်လာကြတယ်လို့ သူတို့လေ့လာချက်မှာ ဖော်ပြထားပါတယ်။ ဒါကြောင့် မိမိသားသမီးတွေ ဆေးလိပ်စွဲသူဖြစ်မလာအောင် E-Cigarette သောက်သုံးမှာကို လုံးဝခွင့်မပြုသင့် ”**

နောက်ဖော်ပြလိုတဲ့ သတင်းကတော့ E-Cigarette အကြောင်းပါ။ အမှန်တော့ E-Cigarette ဆိုတာ လူရွယ်လူကြီးတွေ ဆေးလိပ်ဖြတ်တဲ့အခါ ဆေးလိပ်ကိုအစားထိုးသောက်ဖို့ဦးထွင်ခဲ့ကြတာပါ။ ဆေးလိပ်မှာပါတဲ့ Nicotine ဓာတ်ကို အင်္ဂေ့အသက်လောက်သာထည့်ပြီး ရှူရှိုက်ရတာကြောင့် ဆေးလိပ်ကိုအစားထိုးအသုံးပြုနိုင်တာဖြစ်ပြီး ဘေးပတ်ဝန်းကျင်ကိုရော ရှူရှိုက်သူရဲ့ကျန်းမာရေးကိုပါ မထိခိုက်နိုင်တာကြောင့် အထူးအသုံးဝင်ခဲ့ပါတယ်။ ဒါပေမယ့် အခုအခါမှာတော့ ဒီ E-Cigarette ကို လူငယ်တွေ အသုံးပြုမှုများလာတာကြောင့် အသက်(၁၈) နှစ်အောက် လူငယ်တွေကို ဒီ E-Cigarette မရောင်းဖို့ US Food and Drug Administrating အဖွဲ့ကြီးက ပိတ်ပင်လိုက်ပါပြီ။ အမေရိကန်နိုင်ငံမှာ ဆယ်ကျော်သက် လူငယ်တွေရဲ့ ၁၅ ဒသမ ၇ ရာခိုင်နှုန်းဟာ ဒီ E-Cigarette ကို သောက်သုံးနေတယ်လို့ ၂၀၁၃ ခုနှစ် လေ့လာချက်အရ သိရပါတယ်။ ဒါဟာ ၂၀၁၁ ခုနှစ်ကထက် အရေအတွက် သုံးဆတိုးလာတာဖြစ်တယ်)။ ဒီ E-Cigarette သောက်သုံးသူ လူငယ်တွေဟာ အဲဒီမှာ ပါတဲ့ Nicotine ဓာတ်ကို ယဉ်ပါးစွဲလမ်းလာပြီး စီးကရက်အစစ်ကို သောက်ချင်စိတ်များလာတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီစီးကရက်သုံးဖူးတဲ့လူငယ်တွေဟာ တစ်နှစ်ကြာတာနဲ့ စီးကရက်အစစ်ကို သောက်ချင်လာကြတယ်လို့ သူတို့လေ့လာချက်မှာ ဖော်ပြထားပါတယ်။ ဒါကြောင့် မိမိသားသမီးတွေဆေးလိပ်စွဲသူတွေဖြစ်မလာအောင် E-Cigarette သောက်သုံးမှာကို လုံးဝခွင့်မပြုသင့်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ Melanoma ခေါ်တဲ့ အရေပြားကင်ဆာတစ်မျိုးမျိုးကို ထိရောက်စွာ ကုသနိုင်ရမယ့် ဆေးတစ်ခုပေါ်လာပြီဆိုတဲ့သတင်းပါ။ ဆေးကိုတော့ နာမည်ကြီး Merck ဆေးကုမ္ပဏီကြီးက ထုတ်လုပ်ခဲ့တာဖြစ်ပြီး ဆေးအမည်ကတော့ Pembrolizumab လို့ခေါ်ပါတယ်။ ဒီဆေးဟာ ကိုယ်ခံအားကို မြှင့်တင်ပေးပြီး ကင်ဆာ Cell တွေကို တိုက်ခိုက်ဖို့ အာနိသင်ရှိအောင် ပြုလုပ်ထားတဲ့ Immunooncology ဆေးပါ။ ဒီဆေးက ကိုယ်ခံအားကို မြှင့်တင်နိုင်တဲ့အပြင် ကင်ဆာ Cell တွေကိုကြီးထွားဖို့လိုအပ်တဲ့ Protein တစ်မျိုးကိုလည်း Block လုပ်နိုင်စွမ်းရှိတဲ့ဆေးဖြစ်ပါတယ်။ ဒီ Protein ကို Progammed Death Receptor PD-1 နှင့် PD-L1 လို့ ခေါ်ပါတယ်။ ဒီဆေးဟာ Melanoma ဖြစ်နေတဲ့ အရေပြားကင်ဆာ Late Stage ဖြစ်နေတဲ့ လူတွေကိုတောင် ကင်ဆာအကျိတ်သေးငယ်သွားစေပြီး အနည်းဆုံး သုံးပုံတစ်ပုံလောက် ကယ်တင်နိုင်တယ်လို့ ဆိုပါတယ်။ အမေရိကန်နိုင်ငံ FDA အဖွဲ့ကြီးက အတည်ပြုထားပြီး ယခုအခါ တခြားဆေးကုမ္ပဏီတွေဖြစ်တဲ့ Bristol, Squibb, Roche,Astra-Zeneca စတဲ့ ဆေးကုမ္ပဏီတွေကလည်း အပြိုင်ထုတ်လုပ်ဖို့ ကြိုးစားနေကြပါပြီ။ အိုဇုန်းလွှာပါးလွှာတာနဲ့အမျှ အရေပြားကင်ဆာဟာ အမေရိကန်နဲ့ အနောက်နိုင်ငံတွေမှာ လူလတ်ပိုင်းတွေအဖြစ်များတဲ့ ကင်ဆာတစ်မျိုးဖြစ်ပါတယ်။ အမေရိကန်တစ်နိုင်ငံတည်းမှာကို တစ်နှစ်လူတစ်သောင်းလောက် သေဆုံးနေရတဲ့ ရောဂါပါ။ ဒီဆေးပေါ်ပေါက်လာတာဟာ အရေပြားကင်ဆာဝေဒနာရှင်တွေအတွက် ဝမ်းသာစရာသတင်းအဖြစ် တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ကင်ဆာရောဂါရှင်တွေနဲ့ ဆိုင်တဲ့သတင်းပါ။ ကင်ဆာရောဂါရှင်တွေရဲ့ ထက်ဝက်ကျော်ခန့်ဟာ သူတို့ရဲ့ ကိုက်ခဲနာကျင်မှုကို ကုသမှုမခံယူရဘဲ ရှိနေတယ်လို့ ဆိုပါတယ်။ သူတို့ဟာ သူတို့ဘဝရဲ့ နောက်ဆုံးအချိန်ထိ ဒီကိုက်ခဲမှုဝေဒနာကို မခံစားရအောင် ကုသပေးဖို့ လိုအပ်တယ်လို့ Journal of Clinical oncology မှာ ထောက်ပြထားပါတယ်။ ဝေဒနာရှင်က သူတို့ခံစားမှုကို တင်ပြလာရင် သမားတော်တွေဟာ ဒီအတွက် ဆေးဝါးတွေကို ညွှန်ကြားနိုင်ခွင့်ရှိတယ်လို့လည်း ဆိုထားပါတယ်။ အများအားဖြင့် ကင်ဆာရောဂါရှင်တွေဟာ သူတို့ဘဝ ကုန်ဆုံးချိန်အထိ အကိုက်အခဲဝေဒနာကို မခံစားရဘဲ ကုန်ဆုံးအောင် သမားတော်တွေက ညွှန်ကြားဖို့လိုကြောင်း ထောက်ပြထားပါတယ်။ များသောအားဖြင့် အကိုက်အခဲပျောက်ဆေးတွေဟာ opioids ခေါ် မူးယစ်ဆေးပါဝင်တဲ့ ဆေးတွေဖြစ်ပေမယ့် ဒီဝေဒနာရှင်တွေကို ညွှန်ကြားရာမှာ သူတို့ရဲ့ အကိုက်အခဲအခြေအနေမှာ မူတည်ပြီး သူတို့သက်သာစွာနေထိုင်နိုင်မှုအပေါ်မူတည်ပြီးပေးသင့်တယ်။ သူတို့ကို ဆေးစွဲသွားမှာကြောက်ပြီး Undertreatment ဆေးကိုလျော့ပါးပြီး မပေးသင့်ဘူးလို့ဆိုပါတယ်။ အမေရိကန်နိုင်ငံမှာရှိတဲ့ International Narcotic Control Board ကလည်း မူးယစ်ဆေးပါတဲ့ ဆေးတချို့ကို ကင်ဆာဝေဒနာရှင်တွေအား ပေးသုံးဖို့ ညွှန်ကြားထားပါတယ်။ ဒီဆေးတွေထဲမှာ Hydrocodone (Vicodin) ခေါ်တဲ့ဆေးဟာ သုံးစွဲမှု အများဆုံးဆေးဖြစ်ပါတယ်။ တခြားဆေးတွေကတော့ Hydromorphine (Dilaudid), Oxycodone (Oxycontin, Perocet) စတဲ့ ဆေးတွေ ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့ဆေးပညာသတင်းတစ်ပုဒ်ကတော့ နှလုံးရောဂါမဖြစ်အောင် ကာကွယ်နေထိုင်ခြင်းဟာ ဦးနှောက်ရဲ့ မှတ်ဉာဏ်အားကိုလည်း ပိုမိုကောင်းမွန်စေတယ်ဆိုတဲ့ လေ့လာထားချက်တစ်ခု အကြောင်းပါ။ နှလုံးက ထွက်လာတဲ့ (Aorta) ခေါ်တဲ့ သွေးလွှတ်ကြောဟာ ဦးနှောက်ကိုလည်း သွေးရောက်အောင် ပို့ပေးနေတဲ့ သွေးကြောကြီးတစ်ခုပါ။ လူတစ်ယောက်ဟာ အသက်ကြီးသွားလို့ သွေးကြောနံရံမှာ Cholestrol ဆိုတဲ့ အဆီကပ်လာတယ်ဆိုရင် ပထမဦးဆုံးအဆီကပ်ခံရတဲ့ သွေးကြောဟာ ဒီသွေးကြောပဲ ဖြစ်ပါတယ်။ နှလုံးရောဂါမှာ ပေးလေ့ပေးထရှိတဲ့အဆီကျဆေး၊ ကိုယ်လက်လှုပ်ရှားမှု၊ အဆီဓာတ်ပါတဲ့ အစားအစာတွေလျှော့စားမှု၊ သွေးကျဆေး ပုံမှန်သုံးစွဲနေမှုတို့ဟာ နှလုံးကျန်းမာရေးအတွက်ဆိုပေမယ့် ဦးနှောက်ကို သွေးပို့နိုင်တဲ့အားကျမသွားအောင် လုပ်ပေးနေတာဖြစ်တဲ့အတွက် ဒီလိုလေ့ကျင့်နေထိုင်သူတွေမှာ အသက်ကြီးလာသည့်တိုင် ဦးနှောက်ရဲ့စွမ်းအားတစ်ခုဖြစ်တဲ့ မှတ်ဉာဏ်လျော့ပါးသွားခြင်းမရှိနိုင်ဘူးလို့ ဆိုပါတယ်။ ဒီအကြောင်းကိုတော့ ကနေဒါနိုင်ငံ Montreal ဆေးတက္ကသိုလ်နှင့် သုတေသနဌာနတို့က ဆေးပညာရှင်တွေ လေ့လာတွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ အသက်(၁၈) နှစ်မှ(၃၀)အထိ လူငယ်အုပ်စုတစ်စုနှင့် အသက်(၅၅)နှစ်ကနေ (၇၅)နှစ်အထိရှိတဲ့ လူကြီးအုပ်စု နှစ်ခုကို မှတ်ဉာဏ်စစ်ဆေးတဲ့ Stroop Task ခေါ်တဲ့ စစ်ဆေးနည်းနဲ့ ဦးနှောက်ရဲ့သွေးလှည့်ပတ်မှု၊ နှလုံးသွေးကြောအခြေအနေကို သိနိုင်တဲ့ MRI စမ်းသပ်နည်းတွေနဲ့ စမ်းသပ်လေ့လာခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် အသက်(၅၀) ကျော် အရွယ်လောက်ကပဲ နှလုံးအတွက် လေ့ကျင့်နေထိုင်ခြင်းဟာ ဦးနှောက်ကျန်းမာရေးအတွက်ပါ အထောက်အကူပြုနိုင်တယ်ဆိုတာ သတင်းကောင်းတစ်ခုအဖြစ် တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

ပြည်တွင်းရေးရာ

✱ ပြည်ထောင်စုလွှတ်တော်မှ

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ကယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ယနေ့ဆွေးနွေးကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ၊ အစိုးရအဖွဲ့အစည်းမှ ဥပဒေနှင့်ပတ်သက်ပြီး ဆွေးနွေးအကြံဉာဏ်ပေးနိုင်မည့်သူများ အားလုံးပါဝင်သောအဖွဲ့ဖြင့် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြရန် ဆုံးဖြတ်ခဲ့သည်။

ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကိုက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများအား ရွေးချယ်ခန့်အပ်ရာတွင် ပြည်သူများရွေးချယ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များ ထဲမှ ရွေးချယ်ခန့်အပ်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်သူများ၏ အကျိုးကို ပိုမိုသိမြင်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်အပြင် ဒီမိုကရေစီကျင့်သုံးမှုနည်းလမ်းလည်း ပိုမိုမှန်ကန်နိုင်မည်ဖြစ်ပါကြောင်း။

ထို့အပြင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့အတွက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ ရွေးချယ်ခန့်အပ်ရာတွင်လည်း တပ်မတော်သားကိုယ်စားလှယ်များ ထဲမှ ရွေးချယ်ခန့်အပ်ရန်လိုအပ်ပါကြောင်း၊ သို့မှသာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင် (၃)ရပ်သည် အချင်းချင်း အပြန်အလှန် ပိုမိုထိန်းကျောင်းနိုင်မည်ဖြစ်ပြီး လုပ်ငန်းပိုင်းဆိုင်ရာများတွင်လည်း ပိုမိုတတ်ကျွမ်းသိရှိနားလည်မှုရှိသောကြောင့် ပိုမိုအောင်အောင်မြင်မြင်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမကျင်းပမီ အနည်းဆုံး ခြောက်လအလိုတွင် ပြင်ဆင်သင့်သည့် အကြောင်းအရာများကို ဥပဒေပြု၍ ပြင်ဆင်ပြီး ဖြစ်အောင် လုပ်ငန်းအစီအစဉ်ပြု အချိန်ဇယား သတ်မှတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မိမိတို့၏ အကျိုးစီးပွားကို ယခုချိန်တွင် အားလုံး

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိမ်းထွဋ်။

တံတားဦး မဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို။

ဘေးချထားပြီး နိုင်ငံ့ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးကို တည်ဆောက်စေလိုပါကြောင်း၊ နိုင်ငံသားအားလုံးသည် တရားမျှတပြီး စံချိန်စံညွှန်းပြည့်မီသည့် ဒီမိုကရေစီ၏ တန်ဖိုးအနှစ်သာရများကို ခံစားခွင့်ရရန်လိုပါကြောင်းဖြင့် ဆွေးနွေးသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိမ်းထွဋ်က တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် ပြည်ထောင်စုအစိုးရအပေါ် ယခုထက် ပိုမိုယုံကြည်လာစေရေးအတွက် ပုဒ်မ ၉၆ အရဖြစ်သည့် ဇယား(၁)ပါ ဥပဒေပြုပိုင်ခွင့်အချို့ကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအား ခွဲဝေပေးသင့်ပါကြောင်း၊ ဇယားပါအချက်များကို ပြင်ဆင်ခြင်းဖြင့် တိုင်းရင်းသားများ၏ အမြင်တွင် တန်းတူရည်တူရှိမှု၊ သာတူညီမျှမှုတို့ဖြစ်ပေါ်ခံစားလာမှာဖြစ်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပိုမိုခိုင်မြဲလာကာ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုများကိုပါ အထောက်အကူပြုလာနိုင်မည်ဖြစ်ပါကြောင်း။

"ရွာမြေ၊ မြို့မြေစီမံခန့်ခွဲရေး"၊ အိမ်ဌား၊ မြေဌား၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် တရားစီရင်ရေး၊ ရွှေ့နေများဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုရန်လိုအပ်လာလျှင် ပြည်ထောင်စုအစိုးရအနေဖြင့်သာမက မြေပြင်ထိတွေ့ဆောင်ရွက်ရသည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအနေဖြင့်လည်း ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ပူးတွဲဥပဒေပြုစာရင်းသို့ ထည့်သွင်းထားရှိလိုခြင်းဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ အခန်း(၁၂)ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းတွင် ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြင်ဆင်နိုင်ပါရန် အကြံပြုတင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဖေကြိုင်က ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်ခြင်းနှင့် အဓမ္မနည်းဖြင့်ဆောင်ရွက်၍ ဖြစ်လာသည့် အရေးပေါ်အခြေအနေတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများ အချိန်မီခေါ်ယူကျင်းပရန် အခြေအနေပေးချင်မှ ပေးမည်ဖြစ်ပါကြောင်း၊ ယင်းအတွေ့အကြုံများကိုလည်း ၁၉၈၈ ခုနှစ်ကလည်း ကိုယ်တိုင်ကြုံတွေ့ခဲ့ကြပြီးဖြစ်ပါကြောင်း၊ ထိုအကျိုးဆက်၏ရလဒ်က အခြေခံဥပဒေနှင့် မညီညွတ်သည့် အာဏာသိမ်းမှုများဆီကို ဦးတည်သွားရတာမျိုးကြုံတွေ့ရတတ်သောကြောင့် အရေးပေါ်အခြေအနေရောက်လာလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အခြေခံဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်နှင့်အညီ အချိန်မီကျင့်သုံးဆောင်ရွက်ခွင့်ရှိစေလိုပါကြောင်း။

သို့မှသာ နိုင်ငံရေးအခြေအနေ ပိုမိုဆိုးရွားမသွားမီ ထိန်းသိမ်းပြီး အာဏာ(၃)ရပ်ကို သက်ဆိုင်ရာများထံ ပြန်လည်အပ်နှင်းနိုင်မည်ဖြစ်ပါကြောင်း။ ထို့ကြောင့် ပုဒ်မ ၄၀(ဂ)မှ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည်ဆိုသည့် စကားရပ်ရှေ့တွင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဆိုသည့် စကားရပ်ထည့်သွင်းပါက အရေးပေါ်အခြေအနေတွင် အချိန်မီဆောင်ရွက်ရမည့် ကိစ္စများကို မဆောင်ရွက်နိုင်ဘဲ မလိုအပ်သည့်ဆုံးရှုံးမှုများ ဖြစ်နိုင်သည့်အတွက် စကားရပ်ထပ်မံ ဖြည့်စွက်ခြင်းမပြုသင့်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မများကို ပြင်ဆင်ရန် အဆိုပြုကြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခန်း(၁၂)၊ ပုဒ်မ၄၃၃ (က)၊(ခ)၊၄၃၄၊၄၃၅နှင့် ၄၃၆ (က)၊ (ခ) ပြဋ္ဌာန်းချက်များနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်ကြမှာသာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာစောင့်ထိန်းသော ကိုယ်စားလှယ်များ ပီသကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အစွဲမျိုးစုံကို ဖယ်ခွာပြီး ဥပဒေနှင့်ညီညွတ်စွာ စဉ်းစားဆွေးနွေးဆုံးဖြတ်နိုင်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ရေမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းက မြန်မာနိုင်ငံသည် လူဦးရေပေါက်ဖွားနှုန်းမြင့်မားသော နိုင်ငံကြီးနှစ်ခုကြားတွင် တည်ရှိနေသောကြောင့် မိမိတို့နိုင်ငံ၏ အတိတ်နှင့်ပစ္စုပ္ပန်အခြေအနေတို့ကိုလေ့လာပြီး အနာဂတ်နိုင်ငံရေးအတွက် အလေးအနက်ထားစဉ်းစားဆောင်ရွက်ရေးသည် အရေးကြီးသည်ဟု ထင်မြင်ယူဆပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပထမဆုံးပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်၍ ကုသိုလ်ထူးသော၊ ခေတ်တစ်ခေတ်၏ သမိုင်းမှတ်တိုင်ကို စိုက်ထူနိုင်သော ပုဂ္ဂိုလ်များပီပီ နိုင်ငံတော်နှင့် ပြည်သူများအတွက် အလွန်အရေးကြီးသည့် ပုဒ်မ၄၃၆ ကို အားလုံးပူးပေါင်းပါဝင်၍ ပြင်ဆင်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ဆွေးနွေးသည်။

ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က ပြည်တွင်း ပြည်ပ နိုင်ငံရေး အခြေအနေနှင့် မနက်ဖြန်အတွက် ခန့်မှန်းချက်တို့ကိုသုံးသပ်ပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှု၊ တည်ငြိမ်အေးချမ်းမှု၊ အနာဂတ်နိုင်ငံတော်၏ တည်တံ့ဖွံ့ဖြိုးတိုးတက်နိုင်မှုတို့ကို ဆင်ခြင်သုံးသပ်ပြီး အုပ်ချုပ်သူ၏ ရပိုင်ခွင့်မူဘောင်၊ အအုပ်ချုပ်ခံပြည်သူတို့၏ ရပိုင်ခွင့်မူဘောင်နှင့် တိုင်းရင်းသားများမျှော်မှန်းသည့် စစ်မှန်သောပြည်ထောင်စုမူဘောင်အဖြစ် ပေါ်ထွန်းရေးဆွေးနွေးကြရမည်ဖြစ်သည့်အတွက် နိုင်ငံနှင့် နိုင်ငံသားများ၏ ကောင်းကျိုးအတွက် ကိုယ့်ဘက် သူ့ဘက်လွန်ဆွဲမှုကို အတတ်နိုင်ဆုံးလျှော့ချပြီး ကောင်းမြတ်သည့်စေတနာအရင်းခံဖြင့် ဆွေးနွေးရပ်တည်ပေးကြမည်ဆိုပါက ခေတ်ကာလနှင့်အလွန်သင့်လျော်သည့် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံကြီးတစ်ခုကို ရရှိမည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးသည်။

(သတင်းစဉ်)

❑ ကျောဖုံးမှ

အာရှနဂါး ငါး၊ ပုစွန်ရောင်းဝယ်ရေးဒိုင်မှ လုပ်ငန်းရှင် ကိုပြည့်စုံက ငါးသလောက်တစ်ကောင်ချင်း ဂရမ် ၂၀၀ မှ ၃၀၀ တစ်ပိသာကျပ် ၃၅၀၀၊ ဂရမ် ၃၀၀ မှ ၅၀၀ တစ်ပိသာ ကျပ် ၄၅၀၀၊ ဂရမ်၅၀၀ မှ ၈၀၀ တစ်ပိသာကျပ် ၇၀၀၀၊ ဂရမ် ၈၀၀ မှ ၁၀၀၀ တစ်ပိသာကျပ် ၉၅၀၀၊ ဂရမ် ၁၀၀၀ မှ ၁၂၀၀ တစ်ပိသာကျပ် ၁၀၅၀၀၊ ဂရမ် ၁၂၀၀ မှ ၁၅၀၀ တစ်ပိသာကျပ် ၁၂၅၀၀ နှင့် ဂရမ် ၁၅၀၀ အထက် တစ်ပိသာကျပ် ၁၈၀၀၀ ဖြင့် ဝယ်ယူလျက်ရှိကြောင်းနှင့် မွန်းလွဲပိုင်းတွင် စျေးနှုန်း အပြောင်းအလဲရှိတတ်ကြောင်း ပြောပြသည်။

ဖျာပုံမြို့တွင် ငါးသလောက်ဝယ်ယူသည့် ဒိုင်ငါးဒိုင်ရှိရာ နေ့စဉ်ဝယ်ယူရရှိသည့် ငါးသလောက်များ ပလတ်စတစ် သေတ္တာများတွင် ပိသာချိန် ၇၀ မှ ၈၀ အထိ ထည့်သွင်းရေခဲရိုက်၍ ကုန်တင်ကားများဖြင့် ရန်ကုန်စျေးကွက်သို့ ယခုရက်ပိုင်းတွင် ငါးသလောက် ပိသာချိန် ၆၀၀၀ မှ ၇၀၀၀ ကြား တင်ပို့လျက်ရှိသည်ဟု ရေလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

အလျဉ်းသင့်၍ ငါးသလောက်တို့၏ သဘာဝကိုတင်ပြရသော် ရေခန်ငါး သလောက်နှင့် ရေချိုငါးသလောက်ဟူ၍ နှစ်မျိုးရှိပြီး ငါးပုံပန်းသဏ္ဌာန်တူညီသော်လည်း ရေချိုငါးသလောက်က ကျောကုန်းဖွေး၍ အရောင်တောက်ပြောင်သည်။ ရေနန်ငါးသလောက်က ကျောကုန်းမည်းသည်။ ရေချိုငါးသလောက်က ရေနန်ငါးသလောက်ထက် စားသုံးရာတွင် ချိုပြီး အရသာပိုရှိသည်။ ဖမ်းဆီးရာတွင် ရေချိုငါးသလောက်က သမားရိုးကျမြစ်အတွင်း ပိုက်ချဖမ်း၍ အရနည်းသည်။ ရေနန်ငါးသလောက်က ခေတ်မီနည်းပညာများနှင့်အတူ စက်တပ်ရေယာဉ်ကြီးများဖြင့် ဖမ်းဆီးသည့်အတွက် တန်ချိန်များစွာရရှိသည်။ စျေးကွက် တွင်ကျယ်စွာ ရောင်းဝယ်နေကြသည့် ငါးသလောက်မှာ မြန်မာ့ပင်လယ်ပြင်မှ ဖမ်းဆီးရရှိသည့် ရေနန်ငါးသလောက်များသာ ဖြစ်သည်။

လက်ရှိမြန်မာ့ငါးသလောက်စျေးကွက်မှာ ရာသီအစ အမိအရနည်းနေသေး၍ ရောင်းလိုအားထက် ဝယ်လိုအားများနေသည့် ကာလဖြစ်ပြီး နိုဝင်ဘာလ နောက်ဆုံးပတ်တွင် လက်ရှိစျေးနှုန်းများထက် ကျဆင်းနိုင်ကြောင်း စျေးကွက်နှင့် လုပ်ငန်းကျွမ်းကျင်သူများက သုံးသပ်ပြောဆိုသည်။

အောင်ဝင်း(ဖျာပုံ)

သက်ကြီးသတင်းစာပညာရှင်များပူဇော်ကန်တော့ပွဲ ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)မှ ကြီးမှူး၍ ပထမအကြိမ် သက်ကြီးသတင်းစာပညာရှင်များပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၂၂ ရက် (စနေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံသက်ကြီးသတင်းစာပညာရှင်များထံဖိတ်ကြားစာများပေးပို့ထားပြီး ပူဇော်ကန်တော့ပွဲသို့ မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း(MJA)ဗဟို ဦးစီးအဖွဲ့ဝင်များလည်းတက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(အောင်သူရ)

❖ ချင်းတွင်းမှ

အဆိုပါ တံတားကြီးတည်ဆောက်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်မှ ကျပ်သန်းပေါင်း ၉၂၀ ခွင့်ပြုထားပြီး ပင်မတံတားတည်ဆောက်ရေးလုပ်ငန်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၁)က အရှည် ၂၈၈၇ ပေ၊ ယာဉ်သွားလမ်း အကျယ် နှစ်လမ်းမောင်း၊ သံမဏိ သံပေါင်တံတားမျိုးအစားဖြင့် တာဝန်ယူဆောက်လုပ်မည်ဖြစ်ကာ ကလေးဝဘက်တံတားချဉ်းကပ်လမ်းဖောက်လုပ်မှုလုပ်ငန်းကို လေယာဉ်ကွင်းအထူးအဖွဲ့(၃)က တာဝန်ယူဆောက်လုပ်မည်ဖြစ်သည်။

ယင်းတံတားကြီးသည် ကလေးဝ-ရေဦး မဟာမြို့ကားလမ်းမှ ကလေး-မော်လိုက်- ကလေးဝမြို့များကို တိုက်ရိုက်ဆက်သွယ်ပေးမည့် ချင်းတွင်းမြစ်ကူးတံတားကြီးဖြစ်ပြီး နိုင်ငံတော်က ယခုကဲ့သို့ အဆင့်မီတံတားကြီး တည်ဆောက်ပေးခြင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်မြောင်ပိုင်းရှိ ပြည်သူများအတွက် မျှားစွာအကျိုးပြုမည်ဖြစ်ကြောင်း ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ပြောသည်။

ချင်းတွင်းမြစ်ကူးတံတား တည်ဆောက်မည့်နေရာနှင့် မလွတ်ကင်းသည့် မြေနေရာများအတွက် သက်ဆိုင်ရာ မြေပိုင်ရှင်များအား လျော်ကြေးငွေကျပ် စုစုပေါင်း ၁၈၃ ဒသမ ၈၅ သိန်းကို တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး ကျေနပ်လျက်ရှိကြကြောင်းနှင့် မိမိပိုင်မြေပေါ်တွင် အများပြည်သူအကျိုးပြုမည့် တံတားကြီးတည်ဆောက်မည်ဖြစ်သည့်အတွက် ဝမ်းမြောက်လျက်ရှိကြကြောင်းသိရသည်။

(ကျိုးနက်)

✪ အာဆီယံမှ

နည်းပြချုပ် အေဗရာမိုဗစ်မှာ ၂၀၁၂ ပြိုင်ပွဲတွင် ချန်ပီယံရယူပေးခဲ့သည့် အသင်းဟောင်း စင်ကာပူအသင်းကို ပြန်လည်ရင်ဆိုင်ရမည်ဖြစ်သည်။

မြန်မာအသင်းမှာ အုပ်စုပွဲစဉ်များ ကျင်းပမည့် စင်ကာပူနိုင်ငံသို့ နိုဝင်ဘာ ၁၈ ရက်က ရောက်ရှိနေခဲ့ပြီး နိုဝင်ဘာ ၁၉ ရက်မှစ၍ လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။ မြန်မာအသင်းမှာ ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်မှုအဖြစ် ကာတာနိုင်ငံတွင် နိုဝင်ဘာ ၃ ရက်မှ ၁၇ ရက်အထိ လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ကာတာ ကလပ်အသင်းများနှင့် ခြေစမ်းပွဲသုံးပွဲကစားခဲ့ရာ နှစ်ပွဲသရေ တစ်ပွဲရှုံးနိမ့်ခဲ့သည်။

အုပ်စု(က)

ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ လာအို

၂၂-၁၁-၂၀၁၄	ဖိလစ်ပိုင်	-	လာအို
	ဗီယက်နမ်	-	အင်ဒိုနီးရှား
၂၅-၁၁-၂၀၁၄	ဖိလစ်ပိုင်	-	အင်ဒိုနီးရှား
	လာအို	-	ဗီယက်နမ်
၂၈-၁၁-၂၀၁၄	အင်ဒိုနီးရှား	-	လာအို
	ဖိလစ်ပိုင်	-	ဗီယက်နမ်

အုပ်စု(ခ)

စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ မြန်မာ

၂၃-၁၁-၂၀၁၄	မလေးရှား	-	မြန်မာ
	စင်ကာပူ	-	ထိုင်း
၂၆-၁၁-၂၀၁၄	ထိုင်း	-	မလေးရှား
	မြန်မာ	-	စင်ကာပူ
၂၉-၁၁-၂၀၁၄	ထိုင်း	-	မြန်မာ
	စင်ကာပူ	-	မလေးရှား

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မှုးယစ်ဆေး

ယခုပညာသင်နှစ်မှစ၍ B.E (၆)နှစ်သင်တန်းကို စတင်သင်ကြားပေးမည်

နေပြည်တော် နိုဝင်ဘာ ၁၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကိုကိုဦးသည် နိုဝင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော သတင်းမီဒီယာများနှင့်တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်တွင် လက်တွေ့ကျသော ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်မြင့်ပညာရေးတက္ကသိုလ်များဖွင့်လှစ်နိုင်ရန်အတွက် နည်းပညာတက္ကသိုလ်များကို ယခုပညာသင်နှစ်မှစ၍ B.E (၆)နှစ်သင်တန်းကိုစတင်သင်ကြားပေးမည်ဖြစ်ကြောင်း၊ မိမိတို့တက္ကသိုလ်များတွင်လည်း ပြုပြင်ပြောင်းလဲမှုများအတွက် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ထားကြောင်း၊ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာအဆင့်မီစေရေး၊ အရည်အသွေးမြင့်မားစေရေးနှင့် လက်တွေ့နယ်ပယ်ဖြစ်သော လုပ်ငန်းခွင်များတွင် လက်တွေ့အသုံးချနိုင်သည့်အဆင့်အထိရောက်အောင် သင်ရိုးညွှန်းတမ်းများဖြစ်ရန် ပြင်ဆင်ထားကြောင်း၊ သင်ကြားမှုပိုင်းတွင် စာတွေ့၊ လက်တွေ့ဖြင့် ထိထိရောက်ရောက်သင်ကြားပေးလျက်ရှိပါကြောင်းနှင့် တက္ကသိုလ်များတွင် ဆရာ ဆရာမများနှင့် ကျောင်းသားအချိုးညီမျှမှုရှိစေရန် ဆောင်ရွက်ထားရှိကြောင်း။

သင်ကြားမှု၊ သင်ယူမှုများ IT နည်းပညာအသုံးပြုနိုင်ရေးကို ဆောင်ရွက်ထားပါကြောင်း၊ စာသင်ဆောင်များ၊ Workshop များ၊ Lab ခန်းများအား နိုင်ငံတကာနှင့်အညီဖြစ်စေရန်အတွက် လိုအပ်သောပစ္စည်းများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာ ဆရာမများ၏ အရည်အချင်းမြင့်မားစေရန်နှင့် Lab ပစ္စည်းများကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ရန်အတွက် စက်မှုနည်းပညာမြင့်တင်ရေးဌာန(ဘယ်လင်း)တွင် သင်တန်းများကို ပို့ချသင်ကြားပေးနေကြောင်း၊ သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးနှင့် ဘာသာရပ်များအလိုက် လက်တွေ့လုပ်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူစွမ်းအားအရင်းအမြစ်ပွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သို့မှသာ တက္ကသိုလ်များ အဆင့်မြင့်မားလာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း။

အစိုးရစက်မှုလက်မှုသိပ္ပံ(G.T.I)ကျောင်း ၁၀ ကျောင်းအား ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ ယခုပညာသင်နှစ်တွင် ၁၀ ကျောင်းထပ်မံဖွင့်လှစ်၍ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ၁၀ ကျောင်းနှင့် စုစုပေါင်း ကျောင်း ၃၀ ဖွင့်လှစ်သွားရန် လျာထားကြောင်း၊ (G.T.I) များတွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၊ အစိုးရနည်းပညာအထက်တန်းကျောင်း (T.H.S)အောင်မြင်သူများ တက်ရောက်ရန် T.H.S များ ကန့်သတ်ချက်မထားတော့ဘဲ ရှစ်တန်းအောင် ကျောင်းသားများတက်ရောက်ရန် လျှောက်ထားနိုင်ကြောင်း၊ အသက်ကန့်သတ်ချက်၊ နှစ်ကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်းဖြင့် အမှန်တကယ်ကျွမ်းကျင်သူနှင့် ကျွမ်းကျင်လုပ်သားများအဖြစ် အလုပ်လုပ်ကိုင်လိုသူများ ကျောင်းများသို့ တက်ရောက်နိုင်ခွင့် ရရှိလာမှာဖြစ်ကြောင်း၊ Drop Out များ လျော့ကျစေရေးဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)နှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများမှ ကျောင်းသား ကျောင်းသူများအား အဆင့်မြင့်တက္ကသိုလ် (Centre of Excellence) များတွင် ကျောင်းသားဦးရေအများဆုံး သုံးရာခိုင်နှုန်းအထိ တိုးမြှင့်လက်ခံခြင်းနှင့်စပ်လျဉ်း၍ အဆင့်မြင့်ပညာတက္ကသိုလ်များသို့ တက်ရောက်ရန်အတွက် အဆိုပါဒေသများတွင် အမြဲနေထိုင်သူဖြစ်ရမည့်အပြင် ဒေသအတွက် ပြန်လည်အကျိုးပြုနိုင်မည့်သူဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဒေသအဖွဲ့အစည်း(မြို့နယ်အုပ်ချုပ်ရေးမှူး)၏ထောက်ခံချက်ဖြင့် လျှောက်ထားနိုင်မည်ဖြစ်ကြောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ဝင်ခွင့်ကိစ္စများ ဖြေလျှော့ခြင်းကိစ္စရပ်များ ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိပါကြောင်း၊ ဆရာ ဆရာမများကိုလည်း Capacity Building မြင့်မားရေးစီမံချက်အရ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း သက်ဆိုင်ရာဘာသာရပ်များကို ကြိုးကြိုးစားစားလေ့လာသင်ယူကြရေး ပိုင်းဝန်းတိုက်တွန်းရန်လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်၊ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာနနှင့် စက်မှုနှင့် သက်မွေးပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သတင်းမီဒီယာများတက်ရောက်၍ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက အသေးစိတ်ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အာဆီယံကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးနှင့် အာဆီယံ-ဂျပန် ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးများကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

အာဆီယံကာကွယ်ရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေး ASEAN Defence Ministers' Meeting Retreat ကို ယနေ့နံနက် ၉ နာရီတွင် ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်ရှိ ကျန်စစ်သားခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**

အဆိုပါအစည်းအဝေးသို့ အာဆီယံကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ အာဆီယံနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့် အစည်းအဝေး တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများသည် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးဆက်လက်ကျင်းပရာ နံနက် ၁၁ နာရီခွဲတွင် အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

ယင်းနောက် အနော်ရထာခန်းမ၌ အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးဥက္ကဋ္ဌတာဝန်လွှဲပြောင်းခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က အမှာစကားပြောကြားပြီး ၂၀၁၅ ခုနှစ်တွင်ပြုလုပ်မည့် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး၌ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့် မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Dato' Seri Hishammuddin Tun Hussein ထံသို့ အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးဥက္ကဋ္ဌ အထိမ်းအမှတ်တံဆိပ်အား လွှဲပြောင်းပေးအပ်သည်။

ဂင်းနောက် မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် အာဆီယံ-ဂျပန်ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး ASEAN-Japan Defence Ministers' Informal Meeting ကို ဆက်လက်ကျင်းပရာ အာဆီယံနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများနှင့် ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီး Mr. Akinori Eto နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အစည်းအဝေးကို ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၀-၁၁-၂၀၁၄ (ကြာသပတေးနေ့)

၅:၀၀	ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၄၀	"လောကသားတို့အတွက်မြတ်ဗုဒ္ဓ၏ကြိုးပမ်းချက်" (အပိုင်း-၃၉) တရားတော် [ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ]
၈:၃၅	ဟော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၂၅)
၁၂:၂၅	Trip To Webster University Thailand (Part-2)
၂:၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ Happy Beach (Season-2) (မော်ဝင်လက်စွပ်)
၆:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၅၈)
၉:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၁၈)
၉:၅၀	သုံးရာသီ Myanmar Music Award ဆောင်းရာသီ Myanmar Top Songs
၁၀:၀၅	"နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆုအတွက် အရည်အချင်းစစ်စာမေးပွဲ (Aptis Test) ဖြေဆိုနည်းလမ်းညွှန်"

ရန်ကုန်-မန္တလေးအမြန်လမ်း ယာဉ်မတော်တဆမှုများလျှော့နည်းကျဆင်းရေးအတွက် လိုက်နာရန်သတင်းထုတ်ပြန်

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးစတင်ဖွင့်လှစ်ချိန်တွင် ဖြတ်သန်းသွားလာသည့် ယာဉ်အရေအတွက် နည်းပါးခဲ့သော်လည်း ၂၀၁၃ ခုနှစ်တွင် နေ့စဉ်ယာဉ်စီးရေ ၈၀၀၀ ကျော်မှ ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေ့စဉ်ယာဉ်စီးရေ ၁၃၀၀၀ ကျော်ခန့်အထိ ဖြတ်သန်းသွားလာလျက်ရှိကြောင်း တွေ့ရှိရသည်။

ထိုသို့ အမြန်လမ်းမတစ်လျှောက် ယာဉ်သွားလာမှုများပြားလာသည်နှင့်အမျှ ယာဉ်မောင်းများ၏ ပေါ့လျော့စွာမောင်းနှင်မှု၊ မဆင်မခြင်မောင်းနှင်မှု၊ အရှိန်ပြင်းမောင်းနှင်မှု၊ မကျွမ်းကျင်မှု၊ ယာဉ်မောင်းကြွံခိုင်မှုအားနည်းမှု၊ ယာဉ်ကြွံခိုင်မှုအားနည်းခြင်းစသည့် အကြောင်းခြင်းရာများကြောင့် ယာဉ်မတော်တဆမှုများ ပိုမိုဖြစ်ပွားလာကြောင်း စိစစ်တွေ့ရှိရသည်။

အမြန်လမ်းတစ်လျှောက်ဖြစ်ပွားသော ယာဉ်မတော်တဆမှုများအား စိစစ်ရာတွင် ၂၀၁၂ ခုနှစ်အတွင်း ယာဉ်မတော်တဆမှု ၁၀၃ မှု၊ သေဆုံး ၅၇ ဦး၊ ဒဏ်ရာရ ၁၈၆ ဦး၊ ၂၀၁၃ ခုနှစ်အတွင်း ယာဉ်မတော်တဆမှု ၂၅၉ မှု၊ သေဆုံး ၁၁၃ ဦး၊ ဒဏ်ရာရ ၆၂၂ ဦးနှင့် ၂၀၁၄ ခုနှစ်အတွင်း ၁-၁-၂၀၁၄ ရက်မှ ၁၄-၁၁-၂၀၁၄ ရက်အထိ ယာဉ်မတော်တဆမှု ၃၆၂ မှု၊ သေဆုံး ၁၂၈ ဦး၊ ဒဏ်ရာရ ၇၂၇ ဦးရှိခဲ့သည့်အတွက် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ နှစ်စဉ်ယာဉ်မတော်တဆမှုပိုမိုဖြစ်ပွားလာခဲ့ကြောင်း တွေ့ရှိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက်ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများမှ လိုက်ထရပ်ယာဉ်တိုက်မှုပမာဏမှာ စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်ကြောင်း တွေ့ရှိရသည်။ ၂၀၁၂ ခုနှစ်အတွင်း လိုက်ထရပ်ယာဉ်တိမ်းမှောက်မှု ခုနှစ်ကြိမ်၊ သေဆုံး ၈၆ ဦး၊ ဒဏ်ရာရ ၄၇ ဦးရှိခဲ့သဖြင့် ယာဉ်မတော်တဆမှုအားလုံး၏ ၆ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပွားခဲ့သည်။ ၂၀၁၃ ခုနှစ်အတွင်း လိုက်ထရပ်ယာဉ်မတော်တဆမှု ၄၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ၁၃ ဦးသေဆုံးကာ ၂၁၉ ဦး ဒဏ်ရာရရှိခဲ့သဖြင့် ယာဉ်မတော်တဆမှုအားလုံး၏ ၁၆ ရာခိုင်နှုန်းကျော်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၁ ဒသမ ၅ ရာခိုင်နှုန်း၊ ဒဏ်ရာရသူ ၃၅ ရာခိုင်နှုန်းကျော်ရှိကြောင်း တွေ့ရှိရသည်။ ထို့အတူ ၂၀၁၄ ခုနှစ်အတွင်း နိုဝင်ဘာ ၁၇ ရက်အထိ လိုက်ထရပ်ယာဉ်မတော်တဆမှုပေါင်း ၄၆ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၄ ဦး၊ ဒဏ်ရာရသူ ၁၇၂ ဦးရှိသဖြင့် ယာဉ်မတော်တဆမှုအားလုံး၏ ၁၃ ရာခိုင်နှုန်းဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၁ ရာခိုင်နှုန်း၊ ဒဏ်ရာရသူ ၂၃ ဒသမ ၆ ရာခိုင်နှုန်းကျော်ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

ထို့ပြင် ၁-၁၁-၂၀၁၄ ရက်မှ ၁၇-၁၁-၂၀၁၄ ရက်အထိ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မတော်တဆမှု ၁၃ မှုဖြစ်ပွားခဲ့ပြီး ၁၀ ဦးသေဆုံး၍ ၄၁ ဦး ဒဏ်ရာရရှိခဲ့ရာတွင် လိုက်ထရပ်ယာဉ်မတော်တမှု လေးမှုဖြစ်ပွားခဲ့ပြီး ခြောက်ဦးသေဆုံးကာ ၁၇ ဦးဒဏ်ရာရရှိခဲ့သဖြင့် ၂၀၁၄ ခုနှစ်အတွင်းဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုပေါင်း၏ ၃၁ ရာခိုင်နှုန်း၊ သေဆုံးသူပေါင်း၏ ၆၀ ရာခိုင်နှုန်း၊ ဒဏ်ရာရရှိသူပေါင်း၏ ၄၁ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် လိုက်ထရပ်ယာဉ်မတော်တဆမှုဖြစ်စဉ်များ လျော့နည်းကျဆင်းစေရေးအတွက် အခြားယာဉ်များနည်းတူ ကြိုတင်ကာကွယ်ခြင်း၊ စစ်ဆေးအရေးယူခြင်းတို့အား ဆောင်ရွက်လျက်ရှိသည့်အပြင် လိုက်ထရပ်ယာဉ်များနှင့်ပတ်သက်၍ စည်းကမ်းချက်များထုတ်ပြန်ခြင်း၊ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးအရေးယူခြင်းတို့ကိုဆောင်ရွက်သွားရန် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

လိုက်ထရပ်ယာဉ်ကြောင့်ဖြစ်ပွားသော ယာဉ်မတော်တဆမှုများတွင် ယာဉ်၌လိုက်ပါလာသူအရေအတွက် များပြားခြင်းကြောင့် ဝန်ချိန်ပမာဏများပြားသဖြင့် ထိန်းကျောင်းရန်မလွယ်ကူခြင်း၊ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ခြင်း၊ ယာဉ်ကိုယ်ထည်အောက်ပိုင်း ကြံ့ခိုင်မှုအားနည်းခြင်း၊ ယာဉ်မောင်းအိပ်ငိုက်ခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရသဖြင့် အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရန်အတွက် အမြန်လမ်းတစ်လျှောက် ဖြတ်သန်းသွားလာလျက်ရှိသော လိုက်ထရပ်ယာဉ်များအနေဖြင့် သတ်မှတ်ထားသည့် တစ်နာရီလျှင် ကီလိုမီတာ ၈၀ အထိသာမောင်းနှင်ရန်၊ ယာဉ်ပေါ်တွင် ကုန်တင်ဆောင်မောင်းနှင်ခြင်းနှင့် ယာဉ်စီးသူဦးရေများပြားမှုမရှိရန်၊ ယာဉ်၏ကိုယ်ထည်အောက်ပိုင်းများနှင့် တာယာများ ကြံ့ခိုင်မှုအပြည့်အဝရှိရန်နှင့် ကောင်းမွန်မှုရှိစေရေး အမြစ်ဆေးပြုပြင်ရန်၊ ယာဉ်မောင်းများ ပင်ပန်းနွမ်းနယ်ပြီး အိပ်ငိုက်မောင်းနှင်မှုမရှိစေရေး ယာဉ်မောင်းများအား အနားပေးခြင်းနှင့် ယာဉ်ကိုလည်း မကြာခဏရပ်နားပေးစေခြင်းတို့ ဆောင်ရွက်ရန်လိုအပ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားရှိကြောင်း သိရသည်။

(ကြေးမုံ)

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၇။)

ဘုရားခေါင် ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ဘုရက်

(၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ကို ဒုတိယသမ္မတတစ်ဦးအား ဦးဆောင်စေပြီး အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊

(ခ) သက်ဆိုင်သည့်အစိုးရဌာန၊ အစိုးရအဖွဲ့စည်းများမှ ပုဂ္ဂိုလ်များ၊

(ဂ) တောင်သူလယ်သမားများအား ကိုယ်စားပြုသော အဖွဲ့အစည်းများနှင့် သင့်လျော်သော အခြားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့
၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်

INTERNATIONAL DAY OF PERSONS WITH DISABILITIES

3rd December, 2014

" စဉ်ဆက်မပြတ်ဖွံ့ဖြိုးအောင်၊နည်းပညာစွမ်းအားရလဒ်ဆောင် "

"Sustainable Development : The Promise of Technology"

အလုပ်အကိုင်ကျွမ်းကျင်မှု "စံ"သတ်မှတ်ရေးကော်မတီစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ NSSA မှ ကြီးမှူးပြုလုပ်မည့် Fast Track Skills Testing and Certification အစီအစဉ်တွင် ကျွမ်းကျင်မှု အကဲဖြတ်စစ်ဆေးခံမည့် သင့်တော်သူများ ရွေးချယ်ရေးအစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခန်းမ၌ ကျင်းပရာ သတ္တုနှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ"သတ်မှတ်ရေးကော်မတီဥက္ကဋ္ဌ စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်က အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေး၊ "စံ"သတ်မှတ်ရေးကော်မတီအတွင်းရေးမှူး စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုလွင်နှင့် တာဝန်ရှိသူတို့က "စံ"သတ်မှတ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

Fast Track Skills Testing and Certification အစီအစဉ်အတွက် ဂျာမနီနိုင်ငံ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (GIZ)မှထောက်ပံ့မည်ဖြစ်ပြီး Arc Welder၊ Air Conditioning Mechanic၊ Electrician၊Carpenter၊ Cabinet Maker နှင့် Waiter အလုပ်ခြောက်မျိုးအတွက် NSSA Level (1)နှင့် ကိုက်ညီသူများဝင်ရောက်ဖြေဆိုနိုင်ပြီး အောင်မြင်ပါက National Skill Certificate Level (1)ချီးမြှင့်ပေးအပ်မည်ဖြစ်သည်။

ကျွမ်းကျင်မှု လက်မှတ်ထုတ်ပေးသည်ကို နိုဝင်ဘာလအတွင်း အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

◎ လယ်ယာကဏ္ဍမှ

ပျင်းမနားမြို့နယ် အလျင်လိုကျေးရွာ တစ်ဆက်တစ်စပ်တည်းဧက ၄၄၀ တောင်သူပညာပေး စပ်ပြိုက်ကွင်းသို့ရောက်ရှိပြီး လယ်ကွင်းထဲအထိ ပုလဲသွယ် စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ငန်း၊ ဝတ်မှုန်ကူးပွဲတော်နှင့် စိုက်ပျိုးထားသည့်စပ်မျိုးစပါး GW 1 (ပုလဲသွယ်)လယ်ဧကတွင် ခေတ်မီရိတ်သိမ်း ခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းနေမှုအား ကြည့်ရှုပြီး တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သဖြင့် တောင်သူများ မျက်ရည်ကျသည်အထိ ဝမ်းသာပီတိဖြစ်ကြရသည်။

မြန်မာနိုင်ငံတွင် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းခန့်ရှိသဖြင့် ကျေးလက်နေပြည်သူများ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး ဝင်ငွေနှစ်ဆတိုးစေသည့် နည်းလမ်းများ ညွှန်ပြဆောင်ရွက်မှသာ ဆင်းရဲနွမ်းပါးမှု ထိထိရောက်ရောက် လျှော့ချနိုင်မည်ဖြစ်သည်။ တောင်သူလယ်သမားများဘဝ တိုးတက်စေရန်အတွက် မိမိလယ်ကွက်၊ယာကွက်များအား မြေပုံစံပြောင်းလဲခြင်း၊ စိုက်နည်းစနစ်မှန်ကန်စွာ အသုံးပြုခြင်း၊ မျိုးကောင်းမျိုးသန့်ရရှိအသုံးပြုခြင်း၊ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲခြင်းနှင့် တိုးတက်ကြီးပွားလိုသည့် စိတ်ဆန္ဒဖြင့် ဖြစ်မြောက်အောင်ဆောင်ရွက်ပါက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု မလွဲဧကန်ရရှိစေမည်ဖြစ်သည်။

စိုက်ပျိုးရာသီတွင် တောင်သူလယ်သမားများသည် မိမိတို့၏ရှိရင်းစွဲဒေသစပါးမျိုးများကို အထပ်ထပ်အကြိမ်ကြိမ်သုံးစွဲခဲ့သဖြင့် စပါးမျိုးများ အရည်အသွေးညံ့လာပြီး သတ်မှတ်ပန်းတိုင် အထွက်လည်းကျဆင်းလာသည်။ စပါးအထွက်ကျဆင်းသဖြင့် သွင်းအားစုလည်း အပြည့်အဝ ပေးသွင်းနိုင်ခြင်းမရှိဘဲ တောင်သူများဘဝ မရေရာဖြစ်ခဲ့ကြရသည်။ မြန်မာနိုင်ငံတွင် အစဉ်အဆက် အသုံးပြုခဲ့သည့် စပါးမျိုးများစွာရှိခဲ့သဖြင့် စနစ်တကျမျိုးထုတ်ထိန်းသိမ်းခဲ့သည့် တောင်သူများ အလွန်နည်းပါးသည်။ ယခင်က စျေးကွက်ဝင် စပါးမျိုးများ ပျောက်ကွယ်ခဲ့သည့်သာဓကများ ရှိခဲ့သည်။

ယခုအခါ အစိုးရသစ်ကာလတွင် ကျေးလက်နေတောင်သူများဘဝ တိုးတက်မြင့်မားစေရန် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်ရသည်။ နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် အခါအားလျော်စွာ လယ်ကွင်းထဲဆင်းပြီး တောင်သူများကို အားပေးမြှင့်တင်နေသည်ကို တွေ့မြင်ရပေသည်။ ထိုသို့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် မျိုးကောင်းမျိုးသန့်, ရွေးချယ်စိုက်ပျိုးရန်အချက်သည် အလွန်အရေးပါအရာရောက်သည့်အတွက် ထိုသို့ မျိုးကောင်းမျိုးသန့်များ မျိုးစေ့ထုတ်လုပ်ငန်းများအား ပုဂ္ဂလိက ကုမ္ပဏီများ စိတ်အားထက်သန်စွာ ပါဝင်လာစေရန် စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ငန်းများအား စိုက်ပျိုးရေးပညာရှင်များကိုယ်တိုင် စိတ်ဝင်စားပြီး Research & Development ဌာနများထားရှိကာ အရင်းအနှီးတတ်နိုင်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်လာသဖြင့် မြန်မာနိုင်ငံ၏စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများ တွေ့မြင်ရပြီဖြစ်သည်။ ဤသို့ဆောင်ရွက်နေသည့် စိုက်ပျိုးရေးဆိုင်ရာ သုတေသနပြုချက်များကို ဓာတ်ခွဲခန်း၌မထားဘဲ လယ်ကွင်းထဲအထိ ပို့ဆောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆန်ကို အဓိကစားသုံးသည့်နိုင်ငံဖြစ်ပြီး မိုးစပါးဧက ၁၆သန်း၊ နွေစပါးဧက လေးသန်းခန့် စိုက်ပျိုးသည့် ဧရိယာရှိသဖြင့် မျိုးကောင်းမျိုးသန့်စပါးမျိုးအဓိကထားဆောင်ရွက်ရန် လိုအပ်သည်။ မျိုးကောင်း မျိုးသန့် စပ်မျိုးစပါးများထုတ်လုပ်ရာတွင် လယ်တစ်ဧက အထွက်နှစ်ဆတိုးပြီး စျေးကွက်ဝင်စပါးမျိုး ဖြစ်စေရန်နှင့် စိုက်ပျိုးသည့်စပါးမျိုးသည် ရာသီဥတုနှင့် ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်ရှိပြီး မိမိဒေသနှင့် လိုက်ဖက်ညီမှုရှိရန် လိုအပ်သည်။

စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်နေသည့် ပုဂ္ဂလိကကုမ္ပဏီများ အနက် ရွှေတောင် သုတေသနနှင့် မျိုးပွားခြံတွင် ဆောင်ရွက်လျက်ရှိသည့် ဂရိတ်ဝေါလ်ကုမ္ပဏီ၏ စပ်မျိုးစပါး GW 1 (ပုလဲသွယ်) မျိုးစေ့ထုတ်လုပ်ငန်းအား သွားရောက်လေ့လာခဲ့သည်။ ၂၀၁၃-၂၀၁၄ ခုနှစ် နွေစပါးရာသီတွင် စပ်မျိုးစပါး GW 1 (ပုလဲသွယ်) မျိုးစေ့ထုတ်လုပ်ငန်းအား ရွှေတောင်ခြံတွင် ဧက ၄၀၀၊ နေပြည်တော်ကောင်စီတွင် ဧက ၇၀ စမ်းသပ်စိုက်ပျိုးထုတ်လုပ်ခဲ့သည်။ စပ်မျိုးစပါး GW 1 (ပုလဲသွယ်)မျိုးစေ့ ကီလိုလေးသိန်းခန့် ရရှိထုတ်လုပ်နိုင်ခဲ့သည်။ လယ်ဧက ငါးသောင်းခန့်အား ထိုစပ်မျိုးစပါးမျိုးစေ့ဖြင့် စိုက်ပျိုးနိုင်မည်ဖြစ်သည်။ ထို့အတူ ၂၀၁၃-၂၀၁၄ မိုးရာသီတွင် စပ်မျိုးစပါး GW 1 (ပုလဲသွယ်)ကို ရွှေတောင်ခြံတွင် ဧက ၃၀၀၊ နေပြည်တော်တွင် ဧက ၁၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့တွင် ဧက ၄၀ မျိုးစေ့ထုတ်လုပ်ငန်းစိုက်ပျိုးထားပြီး ယခုအခါ ဝတ်မှုန်ကူးစိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ယခင်နွေရာသီတွင် မျိုးစေ့ထုတ်ခဲ့သည့်စပ်မျိုးစပါး GW 1 မျိုးများအားတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ စိုက်ပျိုးရေးဦးစီးဌာနများမှတစ်ဆင့်ဖြန့်ဖြူးစိုက်ပျိုးခဲ့သည်။ မိုးရာသီအမီ စိုက်ပျိုးခဲ့သည့်စပ်မျိုးစပါး GW 1 (ပုလဲသွယ်)သည် သက်တမ်း ၁၀၅-၁၂၀ ရက် ।အပင်အမြင့် ၂ ပေ ၆ လက်မမှ ၃ ပေ ၆ လက်မ၊ ပင်ပွား ၁၂ ပင်အထက်၊ အနှံအရှည် ၉ လက်မမှ ၁၂ လက်မ၊ တစ်နှံပါသီးလုံး အစေ့ ၂၀၀ အထက်၊ အစေ့ ၁၀၀၀ အလေးချိန် ၂၄ဂရမ်၊ စပါးစေ့ပုံစံလုံးသွယ်၊ စပါးအုပ်စု ဧည့်မထ၊ အထွက်နှုန်းတင်း ၁၈၀ နှင့်အစေ့အပင်ပေါက်နှုန်း ၉၀ ရာခိုင်နှုန်းအထက် အရည်အသွေးများရှိကြောင်း သိရှိရသည်။

တောင်သူလယ်သမားများအနေဖြင့် ဒေသစပါးမျိုးများစိုက်ပျိုးရန်အတွက် ပျိုးထောင်ရာတွင် တစ်ဧကနှစ်တင်းခန့် ပျိုးထောင်ပြီးမှ စိုက်ရသည်။ ယခုစပ်မျိုးစပါး GW 1 (ပုလဲသွယ်)စပါးမျိုးအား ခုနစ်ကီလို(၅)-၆ ပြည်)ခန့်သာပျိုးထောင်ရသဖြင့် အလေအလွင့်တင်းပေါင်း မြောက်မြားစွာ သက်သာကြောင်း တွေ့ရသည်။ နို့ဆီဘူးတစ်ဘူး စပါးစေ့ ၇၀၀၀ ပါဝင်ပြီး တစ်ကီလို နို့ဆီဘူး ခြောက်ဘူး၊ အစေ့ ၄၂၀၀၀ ပါဝင်ပြီး တစ်ဧကခုနစ်ကီလို မျိုးစေ့ ၂၉၄၀၀၀ စေ့၊ အပင်ပေါက်နှုန်း ၉၀ ရာခိုင်နှုန်း အထက်ရှိသဖြင့် ပျိုးပင်လုလောက်မှုကိုတွေ့ရသည်။ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(၁၄)ချက် အတိုင်း စိုက်ပျိုးပြီး သွင်းအားစုစနစ်တကျပေးပါကစပါးပင်များသည် လွန်စွာအားရစရာကောင်းကြောင်း တွေ့မြင်ရသည်။

အလျင်လိုကျေးရွာတောင်သူ ဒေါ်ထွေးက "GW 1 (ပုလဲသွယ်)စပါးမျိုး ၂၁ ဧကစိုက်ထားပါတယ်၊ တစ်ဧက တင်း ၁၈၀ အထက် ထွက်မယ်လို့ မျှော်မှန်းထားပါတယ်။ ဒီနှစ်မိုးရာသီမှာ စမ်းသပ်စိုက်ပါတယ်။ စပါးတစ်ဧကစိုက်ပျိုးစရိတ် ရိတ်သိမ်းပြီးသည်အထိ ငွေကျပ် ၃၈၀၀၀၀ မှ ၄၀၀၀၀၀ ခန့်ကုန်ကျပါတယ်။ ဒေသမျိုးသာစိုက်ရင် တစ်ဧကအထွက်တင်း ၈၀ အမျှားဆုံးပဲ။ စပ်မျိုးစပါး GW 1 (ပုလဲသွယ်)စိုက်လို့ တင်း ၁၈၀ ခန့် ထွက်မယ်ဆိုရင် ဝင်ငွေနှစ်ဆကျော်တိုးလာနိုင်ပါတယ်။ အဲဒီစပါးမျိုးသာစိုက်ရင် တောင်သူတွေ လူနေမှုဘဝမြင့်တက်လာမှာဖြစ်လို့ ကျေနပ်ပီတိဖြစ်ရပါတယ်"ဟု ပြောပြသည်။

စပ်မျိုးစပါး GW 1 (ပုလဲသွယ်)၏ ဆန်အရည်အသွေးအား ရွှေတောင်စိုက်ကွင်းတွင် ချက်ပြုတ်စားသုံးကြည့်ရာတွင် စပါးအုပ်စု ဧည့်မထဖြစ်ပြီး ဆန်ကျိုချက်ခံနိုင်မှု အသင့်အတင့်အကျိုခံပြီး ထမင်းအိုးတက်ကောင်းကြောင်း၊ ဆန်ရည်ဆန်သားကြည်လင်တောက်ပြောင်ကာ ဆန်ရိုးမာပြီး ဆန်ထွက်ကောင်းကြောင်း၊ ကော်ဓာတ်ပါဝင်မှု ၄၀-၄၃ ရှိပြီး အမိုင်လို့စ်ပါဝင်မှု ၂၁ ဒသမ ၁၄ ပါဝင်ကြောင်း၊ ယခင်စပ်မျိုးစပါးများထက် သာလွန်ကြောင်း သိရှိရသည်။ ထို့အပြင် ဒေသစပါးများ ဆန်စက်တွင် စက်ကြိတ်ပါကအများဆုံး ၄၀-၄၁ ရာခိုင်နှုန်း ဆန်ထွက်ရပြီး၊ ယခု GW 1 စပါးမျိုးအား စက်တွင် ၆၀ ရာခိုင်နှုန်းအထက် ဆန်ထွက်သဖြင့် စက်သမားများအတွက် အကျိုးရှိကြောင်း သိရသည်။ စျေးကွက်တွင် စပ်မျိုးစပါး GW1စပါးမျိုးအား ယခုပေါက်စျေး ငွေကျပ် ၄၅၀၀၀၀ အထက်ရှိကြောင်း၊ တောင်သူအများ စိုက်လာပါက ယခုထက်စျေးပိုပေးနိုင်ကြောင်း သိရသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်သမားများသည် မျိုးကောင်းမျိုးသန့် စပါးများရွေးချယ်ရာတွင် အထွက်နှုန်းကောင်းသည့်စပါး၊ အရည်အသွေးကောင်းသည့်စပါး၊ ရာသီမရွေး စိုက်ပျိုးနိုင်သည့်စပါး၊ ဒေသနှင့် ကိုက်ညီသည့်စပါး၊ ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်ရှိသည့်စပါး၊ အဖျင်းအမှော်မပါဘဲ မျိုးစေ့သန့်စင်သည့်စပါး၊ စားသုံးမှုအဆင့်ကောင်းသည့်စပါး၊ စျေးကွက်ရနိုင်သည့်စပါး၊ တောင်သူများ ဝင်ငွေတိုးစေမည့်စပါး စသဖြင့် ရွေးချယ်စိုက်ပျိုးပြီး စက်မှုလယ်ယာ ဖော်ထုတ်ကာ သိပ္ပံနည်းကျစနစ်တကျ စိုက်ပျိုးမှသာ ယခုလက်ရှိထက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အပြိုင်အဆိုင် စပ်မျိုးစပါးများ အားထုတ်လုပ်ပြီး ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် အထွက်ကောင်းပြီး စားသုံးမှုအဆင့်ကောင်းသည့်စပါးမျိုးများ ကြံဆတီထွင်ဆောင်ရွက်လျက်ရှိသည်။ မိမိနိုင်ငံအနေဖြင့် စိုက်ပျိုးရေးပညာရှင်များ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းပြီး စပ်မျိုးစပါး မျိုးကောင်းမျိုးသန့်များအား ယခုထက် ဧရိယာပိုမိုတိုးချဲ့ပြီး စဉ်ဆက်မပြတ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

အကြံပြုဆွေးနွေးချက်များကို ပေါင်းစပ်ကာ အမျိုးသားမြေအသုံးချမှုမူဝါဒ(မူကြမ်း)အား ပြင်ဆင်ရေးဆွဲမည်

ကိုကိုနေ၊ နိုင်လင်းကြည် (ကြေးမုံ)

နေပြည်တော် နိုဝင်ဘာ ၁၉

အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)အပေါ် အကြံပြုဆွေးနွေးပွဲကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ကန်တော်မင်္ဂလာခန်းမ၌ နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ ကြေးမုံသတင်းအဖွဲ့အနေ ဖြင့် အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)အပေါ် အကြံပြုဆွေးနွေးပွဲတွင် လက်ရှိကြုံတွေ့နေရသည့် အခြေအနေ များနှင့် ပတ်သက်၍ သိလိုသည်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်အား မေးမြန်းခဲ့သည်။

မေး။ ။အခု လယ်ယာမြေ၊ စားကျက်မြေတွေ ဆုံးရှုံးမှုတွေ တွေ့နေရပါတယ်၊ အဲဒီဆုံးရှုံးမှုတွေကို ပြန်လည်ဖြေရှင်းပေးနိုင်မယ့် အချက်တွေ ဒီအမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)ရေးဆွဲမယ့်အချက်တွေထဲမှာ ပါဝင်လာမလား။

ဖြေ။ ။လယ်ယာမြေ၊ စားကျက်မြေတွေ သိမ်းဆည်းထားတဲ့ ကိစ္စနဲ့ပတ်သက်လို့ လက်ရှိ အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)ကို အကောင်အထည်ပေါ်အောင် ဆောင်ရွက်နေပါတယ်၊ အခုအချိန်မှာ မူဝါဒသာရှိသေးပြီး အမျိုးသားမြေအသုံးချမှု ဥပဒေ ပြဋ္ဌာန်းပြီးတာနဲ့ မြေယာအငြင်းပွားမှု ကိစ္စရပ်တွေကို ဥပဒေနဲ့အညီ ဖြေရှင်းဆောင်ရွက်သွားမှာပဲဖြစ်ပါတယ်။

မေး။ ။လယ်ယာမြေ၊ စားကျက်မြေ၊ မြေလွတ်မြေရိုင်းတွေကို အိမ်ရာကွက်တွေ ဖော်ဆောင်နေပြီးတော့ စိတ်ပိုင်းရောင်းချမှုတွေ ရှိနေပါတယ်၊ ရန်ကုန်မြို့နဲ့ မြို့ကြီးတွေရဲ့ အနီးတစ်ဝိုက်မှာရှိတဲ့ ကျေးလက်မြေတွေဟာ အဲဒီလိုဖြစ်နေပါတယ်၊ ဒီဥပဒေအတည်ပြုပြဋ္ဌာန်းပြီးတဲ့ အချိန်မှာ စားကျက်မြေနဲ့ စိုက်ခင်းမြေတွေမှာ ဝယ်ထားတဲ့သူတွေအနေနဲ့ ဒီဥပဒေအသက်ဝင်လာတဲ့အချိန်မှာ တရားဝင်ဖြစ်လာမလား၊ ပြန်လည်သိမ်းဆည်းပြီးတော့ စိုက်ခင်းစားကျက်မြေတွေ ပြန်ပေါ်ထွက်လာမလားဆိုတာ သိချင်ပါတယ်။

ဖြေ။ ။ လယ်ယာမြေတွေ၊ စားကျက်မြေတွေ၊ မြေလွတ်မြေရိုင်းတွေ၊ စိုက်ခင်းတွေနဲ့ ပတ်သက်လို့ ဝယ်တာရောင်းတာနဲ့ စပ်လျဉ်းပြီး တရားမဝင်ဖြစ်သွားမလား ဆိုတာကတော့ လယ်ယာစိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နဲ့ မြေစာရင်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဌာနတွေမှာ မြေအမျိုးအစားအလိုက် စာရင်းအတိအကျရှိပါတယ်၊ ဒီမြေတွေကို ပြောင်းလဲအသုံးပြုရင် လုပ်ထုံးလုပ်နည်းအရတရားဝင်ပြောင်းလဲရန် လိုအပ်ပါတယ်၊ဥပဒေနဲ့အညီတရားဝင်နည်းလမ်းများအရ မပြောင်းလဲခဲ့ရင် နဂိုမူလမြေအမျိုးအစားအတိုင်းသာ ရှိနေပါမယ်။

မေး။ ။ပြန်လည်ပေးအပ်ထားတဲ့ စိုက်ပျိုးမြေတွေပေါ်မှာ စိတ်ပိုင်းရောင်းချပြီး အိမ်ရာကွက်တွေ ဖော်ဆောင်နေတာတွေနဲ့ ပတ်သက်လို့ ဘယ်လိုဖြစ်လာမလဲဆိုတာ သိလိုပါတယ်။

ဖြေ။ ။ ဒုတိယမေးခွန်းနဲ့ တစ်စပ်တစ်ဆက်တည်းရှိပြီး သိမ်းဆည်းထားတဲ့ လယ်ယာမြေတွေကို ပြန်လည်လွှဲပြောင်းတဲ့အခါမှာ နဂိုမူလကထားရှိတဲ့ မြေအမျိုးအစားကို ခွဲခြားသွားမှာဖြစ်ပါတယ်၊ ဥပဒေမှာ အသေးစိတ်ပြီးတော့ မြေအမျိုးအစား(၁၀)မျိုး သတ်မှတ်ထားပါတယ်၊ စိုက်ပျိုးမြေကို စိုက်ပျိုးမြေအမျိုးအစားအလိုက် ဆောင်ရွက်သွားမှာဖြစ်ပြီး အဲဒီလိုဆောင်ရွက်ပြီးမှသာ မြေအသုံးချမှုဆိုင်ရာတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး။ ။သစ်တောမြေတွေမှာ သစ်တောစိုက်ကွက်အနေနဲ့ မြေကေများစွာ ရယူထားပြီး စိုက်ပျိုးခြင်းမရှိတာတွေ တွေ့ရပါတယ်၊ မြေများရယူထားပြီး အသုံးချမှုမရှိတဲ့အပေါ် ဘယ်လို ကိုင်တွယ်မလဲဆိုတာ သိလိုပါတယ်။

ဖြေ။ ။ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေရာဝန်ကြီးဌာနက သစ်မာစိုက်ခင်းစိုက်ရန် မြေများကို ငှားရမ်းရာမှာ မြေအကျယ်ကြီးယူပြီးတော့ မစိုက်ပျိုးပါက မြေလွတ်မြေရိုင်း ဥပဒေနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေရာဝန်ကြီးဌာနက ၂၀၁၃ ခုနှစ် မတ်လမှစ၍ သတင်းစာထဲမှာ ဖော်ပြပြီး ၂၀၁၄ မတ်လအထိ မစိုက်ပျိုးတဲ့မြေဧက ငါးသိန်းကျော်ကို ပြန်လည် သိမ်းဆည်းခဲ့ပါတယ်၊ အခုအစိုးရလက်ထက်မှာ ပွင့်လင်းမြင်သာစွာရှိစေဖို့အတွက် အောက်တိုဘာလ အတွင်းက ပုဂ္ဂလိကသစ်တောစိုက်ခင်းများတည်ထောင်ရန် အိတ်ဖွင့်တင်ဒါစနစ်နဲ့ ဧကနှစ်သိန်းခွဲကို တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ပြီး ၂၀၁၅ မိုးရာသီ စိုက်ပျိုးနိုင်ရေးအတွက် ချထားပေးခဲ့ပါတယ်။ မစိုက်တဲ့မြေများကိုလည်း ဆက်လက်စိစစ်သိမ်းဆည်းနေဆဲ ဖြစ်ပါတယ်။

ဒါ့ပြင် အခုအမျိုးသား မြေအသုံးချမှု မူဝါဒ(မူကြမ်း)အပေါ် အကြံပြုဆွေးနွေးပွဲတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ ကျင်းပသွားဖို့ ရှိနေပြီး အဲဒီအကြံပြုဆွေးနွေးချက်တွေကို ပေါင်းစပ်ပြီး အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)ကို ပြင်ဆင်ရေးဆွဲသွားမှာပဲဖြစ်ပါတယ်ဟု ရှင်းပြခဲ့သည်။

ရဲလုပ်ငန်းဆိုင်ရာများရှင်းလင်းဆွေးနွေး

ပဲခူး နိုဝင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီးအတွင်း မှုခင်းဖြစ်ပွားမှုအခြေအနေများနှင့် ရဲလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို မိဒီယာနှင့် မြို့နယ် အထောက်အကူပြုအဖွဲ့များတွေ့ဆုံချပြဆွေးနွေးခြင်းကို နိုဝင်ဘာ ၁၈ ရက်က ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက်ရှိ ရဲရိပ်သာတွင် ပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး ဒုတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းစိန်၊ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီးအောင်ဆန်းဝင်း၊ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှမိုး၊ ပဲခူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းနှင့် စခန်းမှူးများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များနှင့် မိဒီယာများ တက်ရောက်ကြပြီး ရဲမှူးကြီးဝင်းစိန်က အဖွင့်အမှာစကားပြောကြားကာ ဒုတိယရဲမှူးကြီးအောင်ဆန်းဝင်းက မှုခင်းဖြစ်ပွားမှုအခြေအနေများ၊ ရဲလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်အထောက်အကူပြုကော်မတီဝင်များနှင့် မိဒီယာများ၏ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်းသိရသည်။

(ပဲခူးသား)

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ပေါက်တူးကိုင်နှောင့်ယှက်သူများထဲမှ ကျန်တရားခံ ထပ်မံဖမ်းဆီးရမိ

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ် (၉၉/၄) အနီးခြံ နိုဝင်ဘာ ၆ ရက် ညနေ ၅ နာရီခန့်တွင် ပေါက်တူးကိုင်၍ ခရီးသည်တင်ယာဉ်များအား အနှောင့်အယှက်ပေးရန် အုပ်စုဖွဲ့၍ ကြံစည်ဆောင်ရွက်နေကြောင်း နိုဝင်ဘာ ၇ ရက် လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြခဲ့ရာ အဆိုပါသတင်းနှင့် ပတ်သက်၍ အမြန်လမ်းရဲတပ်ဖွဲ့မှ ကျေးရွာပြည်သူလူထုနှင့် အမာခံသတင်းပေးတို့ဖြင့် ပူးပေါင်း၍ အခင်းဖြစ်ရပ်ပတ်ဝန်းကျင်သို့ ပိုက်စိပ်တိုက်ရှာဖွေခြင်း၊ စုံစမ်းခြင်းတို့ ဆောင်ရွက်ခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ သုံးဦးတို့၏ အမည်များအား စုံစမ်းဖော်ထုတ်နိုင်ခဲ့သည်။ ထို့နောက် ပိတ်ဆို့ရှာဖွေဆောင်ရွက်ခဲ့ရာ တရားခံ ညွှန့်ဝင်း(၄၂)နှစ်၊ ကိုလင်း(၅၅)နှစ်တို့နှစ်ဦးအား ဖမ်းဆီးနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်ခဲ့ပြီး ဖမ်းဆီးရမိခဲ့ခြင်းမရှိသေးသော ကရင်(ခ)ဝင်းထူးအား ဖမ်းဆီးရမိရေးအတွက် ရှင်းနေထိုင်ရာ ကျောက်တံခါးမြို့နယ် ကျလိုကျေးရွာသို့ နိုဝင်ဘာ ၁၁ ရက်တွင် သွားရောက်ရှာဖွေခဲ့ရာ ကျလိုကျေးရွာမှာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အနောက်ဘက်ခြမ်း ပဲခူးရိုးမပေါ်တွင်တည်ရှိပြီး အိမ်ခြေ ၁၅ အိမ်ခန့်သာရှိသော တောင်ပေါ်ကျေးရွာငယ် တစ်ခုဖြစ်ကြောင်း၊ ရှင်းကျေးရွာသို့ အမြန်လမ်းမကြီးမှ ၇ နာရီခရီးသွားလာရကြောင်း၊ အဆိုပါရွာတွင် ကရင်(ခ)ဝင်းထူးအား မတွေ့ရှိခဲ့သဖြင့် ညအိပ်အခြေပြုကာ ပတ်ဝန်းကျင်ကျေးရွာ တောင်ကြောများတစ်ဝိုက် လိုက်လံရှာဖွေခဲ့သော်လည်း တွေ့ရှိခဲ့ခြင်းမရှိသဖြင့် ကျေးရွာလူကြီးနှင့် ရပ်မိရပ်ဖများအား တရားခံအားဥပဒေနှင့်အညီ ရင်ဆိုင်နိုင်ရေးအတွက် အပ်နှံပေးရန် စည်းရုံးမှာကြားခဲ့သည်။ ထို့နောက် နိုဝင်ဘာ ၁၆ ရက်တွင် ကျောက်ခဲအင်းကျေးရွာ ရပ်မိရပ်ဖများမှ တရားခံ ကရင်(ခ)ဝင်းထူး (၂၈)နှစ်အား လာရောက်အပ်နှံပေးခဲ့သည်။ ထို့နောက် ပြစ်မှုကျူးလွန်သူ သုံးဦးအား မြို့ချောင်းအမြန်လမ်းရဲစခန်းမှ ဥပဒေနှင့်အညီ အမြန်ဆုံးတရားစွဲတင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြို့ချောင်းအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ အနေဖြင့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်အား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ထားရှိခြင်း၊ ကျေးရွာနေပြည်သူလူထုနှင့် တစ်သားတည်းရှိခြင်းတို့ကြောင့် ယခုကဲ့သို့ ပြည်သူမှ တုံ့ပြန်ကူညီခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။

ယခုဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူများအနေဖြင့် အရက်သေစာ သောက်စားရာမှ မလိုလားအပ်သော ဖြစ်စဉ်များ ဖြစ်ပွားခဲ့ခြင်းဖြစ်ရာ အမြန်လမ်းရဲတပ်ဖွဲ့အနေဖြင့် မြို့ချောင်းအမြန်လမ်းရဲစခန်းနှင့် ဆက်စပ်ကျေးရွာများရှိ ကျေးရွာ ပြည်သူလူထုသို့မှုခင်းနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ ဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့အား တိုးမြင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

FROM EXPERIENCE-BASED TRADITIONAL MEDICINE, TO EVIDENCE-BASED TRADITIONAL MEDICINE.
ဂရိတ်ဓဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ခရေးမှ ထုတ်လုပ်သည်။
အသည်းဝေဒနာရှင်များ၊ ယမကာမိုက်ဝဲနေသူများအတွက်
ရွှေအသည်း
အမှတ်တံဆိပ်
အသည်းအားဆေး
အသည်းရောဂါ ဘီပိုး၊ စီပိုးကို ခွန်မနှင်းနိုင်တဲ့ တိုင်းရင်းဆေး
ရွှေအသည်း
အသည်းအားဆေး
SHWE AH THAE
NATURAL LIVER TONIC
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
0613Y010511
* အသည်းရောဂါ ဘီပိုး၊ စီပိုးကို လျော့နည်းတားဆီးနိမ့်နင်းနိုင်ကြောင်း။ ရောဂါပိုးရှာမတွေ့နိုင်သော အနေအထားသို့ ရောက်ရှိသွားကြကြောင်းကို ဖော်ပြသည့် Case Study သုတေသနအား တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ၌ တင်သွင်းခဲ့ပါသည်။
* အသည်းပျက်စီးခြင်းအန္တရာယ်ကို အမှန်တကယ် ကာကွယ်တားဆီးပေးနိုင်ပါသည်။ အသည်းပျက်စီးခြင်းကြောင့် မြင့်တက်လာသော အသည်းအင်ဇိုင်းများ (ALT, ALP, AST), T.BIL တို့ကို ပုံမှန်သို့ လျော့နည်းကျဆင်းစေပြီး အသည်း၏ လုပ်ဆောင်ချက်များကို ပိုမိုကောင်းမွန်လာစေပါသည်။
* အသည်းပျက်စီးမှုကို ကာကွယ်ထားခြင်းကြောင့် အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းတို့မှ ကင်းဝေးစေနိုင်ပါသည်။ အသည်းခြောက်နေသူများအတွက် ပိုမို၍ အသည်းခြောက်ခြင်းမှ လျော့နည်းသက်သာလာစေပါသည်။
* Antioxidant Action ရှိကြောင်း သုတေသနပြုလုပ်တွေ့ရှိရပါသည်။
* Sub-acute Toxicity Test ကို စမ်းသပ်ထားပြီးဖြစ်ပါသည်။
* ဤဆေးသည် အမှန်တကယ် ဆေးစွမ်းအာနိသင်ထက်မြက်ကြောင်းကို ခိုင်မာသော အထောက်အထားများဖြင့် သိပ္ပံနည်းကျ သုတေသနပြုလုပ်ထားပြီး ဖြစ်ပါသည်။ ဤဆေး၏ သုတေသနစာတမ်းများကို ဂုဏ်သိက္ခာမြင့်မားသော ပြည်တွင်းပြည်ပ
* အပြည်ပြည်ဆိုင်ရာ ဆေးသုတေသနညီလာခံများတွင် တင်သွင်းနိုင်ခဲ့ပါသည်။
နာတာရှည်အသည်းရောဂါရှိသူများ၊ အသည်းရောဂါပိုးရှိသူများ၊ အရက်သောက်နေသူများ၊ အသည်းခြောက်၊ အသည်းအဆီပုံ၊ အသည်းကြီး/ရောင်၊ အသည်းဝေဒနာရှင်များ အားကိုးအားထားပြုရာ တိုင်းရင်းဆေးဖြစ်ပါသည်။
Reference :
(1) Myanmar Health Research Congress 2010 / (2) Myanmar Traditional Medicine Conference 2010 / (3) The 2nd Traditional Medicine Research Congress 2011 / (4) Indo-US Symposium on "Frontiers in Medicinal Chemistry and Drug Discovery" INDIA 2011 / (5) The 4th Traditional Medicine Research Congress 2013 / (6) ကြေးမုံသတင်းစာ၊ ဇွန် ၂၂ ၊ ၂၀၁၃
(တိုင်းရင်းဆေးဝေဘဲဦးစီးဌာန၊ တိုင်းရင်းဆေးသုတေသနဝေနှင့်ဆေးဝါးများကြေငြာစီစစ်ရေးအဖွဲ့၊ ကြေငြာနှင်းပြုမှတ်အမှတ် ၀၉၆/ ၀၉၁၃)

23
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနှစ်အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။
မဆလာ
(ဓာတ်အင်္ဂါးအကြင်)
အမှတ်(၁၃၀)၊ ၎င်းထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂ ၊ ၀၉၇၃၃၀၅၅၆၃။ ၀၉၈၆၃၇၆၅ ၊ ၀၉၂၅၀၄၉၉၇၂

Wonderful Days Travels & Tours

✦ တောင်ကြီး ခရီးစဉ်	Nov - 28, Dec - 24	190,000 /-
✦ ပုဂံ-ပုပ္ပါး-ပခုက္ကူ ခရီးစဉ်	Nov - 28, Dec - 24	185,000 /-
✦ မန္တလေး-ပြင်ဦးလွင်ခရီးစဉ်	Nov - 28, Dec - 24	185,000 /-
✦ မော်လမြိုင်-ဘားအံခရီးစဉ်	Nov - 28, Dec - 26	157,000 /-
✦ ငွေဆောင် ခရီးစဉ်	Dec - 26	180,000 /-

See Travelling, Feel Happy !
အမှတ်(၂၂၈)မြေညီထပ်၊ ဝဇိုလမ်း၊ အလုံမြို့နယ်။
Ph- 220 905, 09 731 93262, 09 731 78716.

သင့်စီးပွားရေး
တိုးတက်အောင်မြင်ဖို့
ကြေးမုံ
သတင်းစာတွင်
ကြော်ငြာစို့

ပြည်တွင်းရေးရာ

ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ နှလုံးခွဲစိတ်မှုနှင့် လက်အစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာခွဲစိတ်ကုသနိုင်

နိုင်ငံတော်က ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ ဆေးဝါးနှင့် ဆေးရုံသုံး ကိရိယာပစ္စည်းများ ပံ့ပိုးပေးမှု၊ ဆရာဝန်ဆရာမများ၊ သူနာပြုများနှင့် ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုတို့ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် နှလုံးခွဲစိတ်မှုနှင့် လက်အစားထိုးခွဲစိတ်ကုသမှုများ အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်း နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်ပြည်သူ့ ဆေးရုံကြီး Training Centre ၌ ပြုလုပ်သည့် ခွဲစိတ်ကုသခြင်းဆိုင်ရာစာနယ်ဇင်းရှင်းလင်းပွဲမှသိရသည်။

ယခုနှစ် စက်တင်ဘာ ၂၃ ရက်က နှလုံးတွင် ဓားထိုးဒဏ်ရာဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနသို့ ရောက်ရှိလာခဲ့သော ဦးမြတ်ဦးအား ခွဲစိတ်ကုသပေးခဲ့သည့် နှလုံးနှင့် သွေးကြောခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ဇော်မျိုးက "အရင်တုန်းက ဒီလိုလူနာမျိုးတွေကြုံခဲ့ပါတယ်။ အရေးပေါ်ကုသပြီး အောင်မြင်တာရှိသလို ဆုံးရှုံးတာလည်းရှိပါတယ်။ ဘာပဲဖြစ်ဖြစ် လူနာတစ်ယောက် ခံစားနေရတဲ့ ဝေဒနာ၊ အသက်အန္တရာယ်၊ အသက်ဆုံးရှုံးနိုင်တဲ့အခြေအနေက ကယ်တင်နိုင်ခဲ့တာဟာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ တာဝန်ထမ်းဆောင်နေတဲ့ အရေးပေါ်ဌာနအပါအဝင် မေ့ဆေးဆရာဝန်တွေနဲ့ သက်ဆိုင်ရာဌာနကဝန်ထမ်းတွေက စုပေါင်းပြီး တက်တက်ကြွကြွနဲ့ လုပ်ဆောင်နိုင်တဲ့အတွက် ဒီလို အောင်မြင်တာဖြစ်ပါတယ်" ဟု ပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ ဆေးဝါးကုသမှုအတွက် လူနာများ၏ စိုက်ထုတ်သုံးစွဲငွေ လျော့နည်းကျဆင်းစေရန် အခမဲ့ဆောင်ရွက်ပေးခြင်းနှင့် ဝန်ထမ်းများ၏ အရည်အသွေး ဝန်ဆောင်မှုနှင့် စည်းကမ်းတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်၏ ပြောပြချက်အရ သိရသည်။

လက်ပိုင်းဆိုင်ရာခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာခင်မောင်မြင့်။

နှလုံးခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ဇော်မျိုး။

နှလုံးခွဲစိတ်မှုခံယူခဲ့သည့် ဦးမြတ်ဦး။

"ဆေးလောကတိုးတက်ဖို့ဆိုတာ ကျွန်တော်တို့တွေမည်သည့်ပါဘူး။ နှစ်ပေါင်းများစွာရှိတဲ့ ပစ္စည်းကိရိယာတွေနဲ့ လုပ်ခဲ့ကြတာပဲလေ။ အခုနိုင်ငံတော်က အဆင့်မီတဲ့ ကိရိယာတွေ၊ ဆေးဝါးတွေအပြင် အရင်းအမြစ်တွေ တိုးတက်အောင်လုပ်ပေးနေတာဆိုတော့ ဒီထက်ပိုပြီး ကျွန်တော်တို့ လုပ်လာနိုင်မှာပါ။ ဒီထက်ပိုပြီး တိုးတက်လာမှာပါ"ဟု နှလုံးခွဲစိတ်ဆရာဝန်ကြီးက သုံးသပ်ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နေမှုများ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံသုံး ခေတ်မီစက်ပစ္စည်းများ လက်ခံရရှိမှုအခြေအနေ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ပြသသည့် လူနာများ၏ စိုက်ထုတ်ကုန်ကျငွေ ကျဆင်းစေရန်အတွက် အခမဲ့ဆောင်ရွက်ပေးမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးတိုးတက်ကောင်းမွန်စေရန်၊ ဝန်ထမ်းများ၏ အရည်အသွေး ဝန်ဆောင်မှုနှင့် စည်းကမ်းတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းပြောကြားခဲ့သည်။ ။

သတင်းနှင့် ဓာတ်ပုံ သိသိမင်း

နိုဝင်ဘာ ၁၀ရက်မှ ၁၆ရက်အထိ မူးယစ်ဆေးဝါးသိမ်းဆည်းရမိမှု

နေပြည်တော် နိုဝင်ဘာ ၁၉

နိုဝင်ဘာ ၁၀ရက်မှ ၁၆ရက်အထိ တစ်ပတ်အတွင်း တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ဘိန်း ၁၁မှု၊ အလေးချိန် ၁၄ ဒသမ ၇၄၁၃ ကီလို၊ ဘိန်းဖြူ ၆၀မှု၊ အလေးချိန် ၄ ဒသမ ၇၆၃၈ ကီလို၊ စိတ်ကြွရူးသွပ် ဆေးပြား ၆၆မှု၊ ဆေးပြားအရေအတွက် ၈၇၅၀၈ ပြား၊ အဆင့်နိမ့်ဘိန်းလေးမှု၊ အလေးချိန် ၂ ဒသမ ၇၃၀၈ ကီလို၊ ဘိန်းဆီခဲ သုည ဒသမ ၀၀၂၀ ကီလို၊ ဆေးခြောက် ကိုးမှု၊ အလေးချိန် ၁၉ ဒသမ ၅၈၉၁ ကီလို၊ ဘိန်းဆီရည် သုည ဒသမ ၆ လီတာ၊ အိုက်စ် တစ်မှု၊ အလေးချိန် သုည ဒသမ ၀၂၁၄ ကီလို၊ စိတ်ကြွဆေးပြားအကြေမှုန့် သုည ဒသမ ၀၀၁၁ ကီလို၊ မှတ်ပုံတင်ပျက်သုံးမှု၊ အမှုပေါင်း ၁၅၄မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသားတရားခံ ၁၇၂ဦး၊ အမျိုးသမီး တရားခံ ၂၁ ဦး စုစုပေါင်း တရားခံ၁၉၃ ဦး တို့အား ဥပဒေအရ အရေးယူနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

ငါးနှစ်အောက်ကလေးများအား ကျန်းမာရေးစောင့်ရှောက်

နတ်တလင်း နိုဝင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်တိုက်နယ် ကျန်းမာရေးဌာနမှ ဒေါက်တာ ဆွေဇင်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများဦးဆောင်ပြီး ငါးနှစ်အောက်ကလေးများအား အာဟာရစောင့်ရှောက်မှု လုပ်ငန်းများဖြစ်သော ပေါင်ချိန်ခြင်း၊ လက်မောင်းပတ်တိုင်းခြင်း၊ လိုအပ်သောကလေးများကို အားဆေးပေးခြင်း၊ အာဟာရမျှတစွာစားသုံးသင့်ကြောင်း သိကောင်းစရာများကို ကလေးမိခင်များအား အသိပညာပေးဟောပြောခြင်းများကို အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်သင်းသင်းဌေးက ဟောပြောပြီး အဆိုပါအခမ်းအနားသို့ ကလေးနှင့် မိခင် စုစုပေါင်း ၂၅၀ တက်ရောက်ကြကြောင်း သိရသည်။

(ဝဂ္ဂ)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာ-ဂျပန် သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့်အထိမ်းအမှတ် ဂျပန်ရုပ်ရှင်ပွဲတော် မြန်မာနိုင်ငံ မြို့ကြီးသုံးမြို့တွင် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့်အထိမ်းအမှတ်နှင့် ချစ်ကြည်ရေး အထိမ်းအမှတ် ဂျပန်ရုပ်ရှင်ပွဲတော်ကို မြန်မာနိုင်ငံမြို့ကြီးသုံးမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဂျပန်ရုပ်ရှင်ပွဲတော်ကို မြန်မာနိုင်ငံတွင် တောင်ကြီးမြို့၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး တောင်ကြီးမြို့တွင် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပခဲ့ပြီးဖြစ်သည်။ ရန်ကုန်မြို့၌ နိုဝင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိနေပြည်တော် ရုပ်ရှင်ရုံတွင် ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးမြို့ ဝင်းလိုက်ရုပ်ရှင်ရုံတွင် လာမည့် ဒီဇင်ဘာ ၁၉ ရက်မှ ဒီဇင်ဘာ ၂၁ ရက်အထိကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပြသသွားမည့် ဂျပန်ရုပ်ရှင်ဇာတ်ကားများမှာ Happy Flight၊ HANAMIZUKI၊The Place Promised In Our Early Days၊ The Garden of Words တို့ဖြစ်ပြီး မြန်မာစာတန်းထိုးဇာတ်ကားနှင့် အင်္ဂလိပ်စာတန်းထိုးဇာတ်ကားများဖြစ်သည်။ ယင်းအပြင် တောင်ကြီးမြို့၌ နာမည်ကျော် "သွေး" ဇာတ်ကားကို မြန်မာစာတန်းထိုးပြသခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့်အထိမ်းအမှတ်နှင့် ချစ်ကြည်ရေး အထိမ်းအမှတ် ဂျပန်ရုပ်ရှင်ပွဲတော်ကို စိတ်ဝင်စားသူများနှင့် ရုပ်ရှင်ကြည့်ပရိသတ်များအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဌာန နတ်မောက်လမ်း ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၅၆၄၄ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

(ဝ၀၁)

နယ်စပ်မောတောင်ဒေသ၌ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ပန္နက်ရိုက်မင်္ဂလာ ကျင်းပ

တနင်္သာရီ နိုဝင်ဘာ ၁၉

မြန်မာ-ထိုင်းနှစ်နိုင်ငံနယ်စပ် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်သိန်ခွန်းကျေးရွာအုပ်စု မောတောင်ဒေသအတွင်း ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပြုနိုင်ရန်ရည်ရွယ်လျက် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီက မောတောင်ဒေသ အောင်ဇေယျရပ်ကွက် ပြည်ထောင်စု(၂)လမ်း ဆေးရုံဆောက်လုပ်မည့်နေရာ၌ မောတောင်ဒေသ ကွပ်ကဲရေးမှူးဦးစိုးဝင်း၊ ကျန်းမာရေးမှူးစောမော်စီထွန်း၊ ရပ်မိရပ်ဖဦးသက်ခိုင်နှင့် ဒေသခံများက စုပေါင်း၍ ပန္နက်ရိုက်ပေးကြသည်။

(၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(မောတောင်ဒေသ)ကို ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ဆေးရုံပင်မ RC တစ်ထပ်(၁၂၆×၈၈×၁၄)ပေအဆောက်အအုံ၏ (၂၅ရာခိုင်နှုန်း)နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေအရ ကျန်(၇၅ရာခိုင်နှုန်း)ကို နှစ်ခန်းတွဲ ဆရာဝန်နေအိမ်၊ (၄)ခန်းတွဲသူနာပြုနေအိမ်၊ သုံးခန်းတွဲအမှူထမ်းနေအိမ်၊ လေးခန်းတွဲအမှူထမ်းနေအိမ် တစ်ဆောင်စီနှင့် ရင်ခွဲရုံတစ်ဆောင်စသည်တို့အား မြိတ်အများပိုင်ကော်ပိုရေးရှင်းမှ တာဝန်ယူ ဆောက်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

ပဲခူးမြို့မစျေးကြီးအား Mobile Van ဖြင့် စျေးကွက်နမူနာကောက်ယူ

ပဲခူး နိုဝင်ဘာ ၁၉

ပဲခူးမြို့မစျေးကြီးအတွင်း ရောင်းချလျက်ရှိသော အလှကုန်ပစ္စည်းဆိုင်များ၊ ဆေးဝါးဆိုင်များ၊ အစားအသောက်နှင့် စားသုံးကုန်ဆိုင်များအား ဘေးအန္တရာယ်ကင်းရှင်းမှုရှိ၊ မရှိ၊ ဘေးဥပဒ်ဖြစ်သော ဓာတုပစ္စည်းများပါဝင်မှုရှိ၊ မရှိကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနီနီအေးဦးဆောင်၍ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ Mobile Van စျေးကွက်နမူနာကောက်ယူစစ်ဆေးကြသည်။

ပဲခူးတိုင်းဒေသကြီးတွင် ပဲခူးမြို့မစျေးနှင့် တောင်ငူမြို့မစျေးတို့အား ကောက်ယူစစ်ဆေးခြင်းဖြစ်ရာ ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး ကုန်သွယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ထိုသို့ ကောက်ယူစစ်ဆေးရာတွင် အရောင်ပါသောအစားအသောက်များ၊ ငါးပိ၊ လက်ဖက်၊ အသားလုံး၊ အသားပြား၊ သစ်သီးခြောက်၊ ငါးလုံး၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ ဂျင်း(ချဉ်း)နှပ်၊ ဂျင်း(ချဉ်း)ပြား၊ ရှမ်းချဉ်၊ ဆီးသီးခြောက်၊ စပျစ်သီးခြောက်၊ သစ်သီးယိုများနှင့် နွားနို့၊ Sea Food တို့တွင် ခွင့်မပြုဆိုးဆေးပါဝင်မှုရှိ၊ မရှိ၊ Borax ပါဝင်မှုရှိ၊ မရှိ၊ Sulphiting Agent ပါဝင်မှုရှိ၊ မရှိနှင့် Formalin ပါဝင်မှုရှိ၊ မရှိတို့ကို စစ်ဆေးသည့်အပြင် အလှကုန်ပစ္စည်းများကိုလည်း ဘေးအန္တရာယ်ဖြစ်စေသည့် ဓာတုပစ္စည်းများ ပါဝင်မှုရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ကြ ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ် ကျောင်းသူ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့်ဘာသာရပ် နှစ်(၃၀)ပြည့်အခမ်းအနားကျင်းပရေးရှိုးဆော်လွှာ

၁။ ၁၉၈၄ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် စတင်ထူထောင်ဖွင့်လှစ်ခဲ့သော နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ်သည် ယခုအခါ နှစ်(၃၀)ပြည့်မြောက်ပြီ ဖြစ်ပါသဖြင့် နိုင်ငံတကာဆက်ဆံ ရေးပညာဌာန(ရန်ကုန်)တွင် ဘာသာရပ်၏ ရှင်သန်ဖွံ့ဖြိုးရေးကို ဦးဆောင်လမ်းညွှန်ခဲ့ကြသည့် အနုနှင့်ဂိုဏ်းဝင်ကျေးဇူးရှင်များဖြစ်ကြသည့် အင်ဂြိမ်းစားဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့သည့် အာစရိယပူဇော်ပွဲအခမ်းအနားနှင့် ၁၉၈၄ ခုနှစ်မှ ယနေ့အချိန်အထိ နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ်ကို အထူးပြုလေ့လာသင်ယူခဲ့ကြသည့် ကျောင်းသူ ကျောင်းသားများ အားလုံး ပြန်လည်ဆုံစည်းသည့်အခမ်းအနားကို အောက်ဖော်ပြပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အခမ်းအနားကို ဟျော်ရွှင်ဖွယ် မပျက်မကွက် ပါဝင်ဆင်နွှဲနိုင်ပါရန်နှင့် မိမိတို့၏စေတနာသဒ္ဓါတတ်အားသမျှ၊ အလှူငွေများကို ထည့်ဝင်လှူဒါန်းနိုင်ကြပါရန် လေးစားစွာ နှိုးဆော် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၇ ရက် (တနင်္ဂနေ့)
အချိန် - နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ
နေရာ - ရန်ကုန်တက္ကသိုလ်အမန်းဖြေရပ်သာ

၂။ အခမ်းအနားတက်ရောက်ရန် လက်မှတ်များနှင့် မိမိတို့ စေတနာသဒ္ဓါတတ်အားသမျှ ထည့်ဝင်ကြသော အလှူငွေများကို အောက်ဖော်ပြပါ ဆက်သွယ်ရေးပုဂ္ဂိုလ်များအပြင် ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနများနှင့် ရန်ကုန်မြို့၊ အမှတ် (၂၇/၂၉) ၄ဘီ၊ ၄၅ လမ်း(အောက်လမ်း) ဖုန်း-၃၉၇၆၈၇၇၆ ဦးမျိုးနိုင် တို့ထံတွင် လာရောက်လှူဒါန်းထုတ်ယူနိုင်ပါသည်။ အခမ်းအနားသို့တက်ရောက်ရန်အတွက် လက်မှတ်များကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂ ရက် နောက်ဆုံးထားရှိ ထုတ်ယူကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ

၁။ ဒေါက်တာချောချောစိန်	ဖုန်း-၀၉-၅၀၆၀၀၃၀	၂။ ဦးမျိုးနိုင်	ဖုန်း-၀၉-၅၁၁၃၄၇၃
၃။ ဒေါက်တာစန်းစန်းနိုင်	ဖုန်း-၀၉-၄၃၁၂၆၂၅	၄။ ဦးကျော်ဘွားဟိန်း	ဖုန်း-၀၉-၅၅၀၁၇၉၀
၅။ ဒေါက်တာသူဇာမြင့်	ဖုန်း-၀၉-၄၂၀၀၀၅၇၆	၆။ ဦးမျိုးသန့်	ဖုန်း-၀၉-၅၁၁ခ၁၇၂
၇။ ဒေါ်နင်းမိုးအောင်	ဖုန်း-၀၉-၅၀၄၁ခ၉	၈။ ဒေါ်ကေသွယ်ကျော်	ဖုန်း-၀၉-၅၀၂၉၇၂၂
၉။ ဒေါ်စိုးစံသိန်း	ဖုန်း-၀၉-၅၁ခ၇၄၃		

ရန်ကုန်တက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန ဖုန်း-၅၃၆၀၈၈
နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ်မိသားစု

အင်ဂြိမ်းစားဆရာကြီး၊ဆရာမကြီးများစာရင်း

၁။ ဦးထွန်းအောင်ချိုမိုး	၂။ ဦးစိုင်းအောင်ထွန်း	၃။ ဒေါက်တာခင်မောင်ညွှန့်	၄။ ဒေါ်စန်းစန်းတင်
၅။ ဦးမောင်မောင်အေး	၆။ ဒေါက်တာဒေါ်မြင့်ကြည်	၇။ ဒေါ်စောခင်ကြီး	၈။ ဦးစိုင်းစံတစ်ပ်
၉။ ဦးစိုင်းခမ်းမိုင်း	၁၀။ ဒေါ်ခင်ခင်လေး	၁၁။ ဒေါ်ကယ်ရယ်အင်ချစ်သာ	၁၂။ ဦးအောင်မြင်
၁၃။ ဦးမြင့်အောင်	၁၄။ ဒေါက်တာကံညွှန့်	၁၅။ ဦးထိန်ဝင်း	၁۶။ ဦးသန်းဝင်း

ဒေါ်နီနီမြင့်၊ ဒေါ်ခင်ထွေးရီ

ကွယ်လွန်သူများစာရင်း- ဒေါ်ခင်ခင်မ၊ ဦးလှမြင့်၊ ဦးစောရှောတော့ဝ်၊ ဒေါ်ခင်စု၊ ဦးစိုးလင်း

Christmas in Holyland
အစွမ်းရေး၊ အီကျစ်၊ ကျော်ဒန် - သုံးနိုင်ငံ (၁၂) ရက်
ခရီးစဉ်ပတ်စတင်သည့်နေ့ကတွင် ခရီးစဉ်ပတ်ပွဲတော်ဆင်နွှဲမည့် အံ့ဖွယ်ခရီး
ကြယ်(၄)လွှင့်ဟိုတယ်၊ မြေထဲပင်လယ်အစားအသောက်များ၊ ဒီဇင်ဘာ (၂၀) ထွက်မည့်ခရီးစဉ်အတွက် တစ်ဦးလျှင် (၃၃)သိန်းကျပ်တိတိ၊ (၁၀)ဦးစုစည်းလိုက်ပါလျှင်၊ (၁)ဦးအခမဲ့။ (၃) ဦးနှင့်အထက် လိုက်ပါလျှင် Discount များစွာပေးသည်။
BUSINESSPLUS
BUSINESS PLUS TRAVEL & TOURS
Tel : 01-518 147, 09 731 94 300, 09 7300 3527
အမှတ် (၁၄၁)၊ အခန်း (၉၀၃)၊ ဗားဃရာကျွန်ဒို၊ ဗားဃရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

မစ္စတာမြန်မာ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ
Mr. Myanmar Travel and Tours
Bangkok Singapore HongKong
ဂျပန် ကိုရီးယား တရုတ် ဘာလီကျွန်း ဗီယက်နမ် ဖူးခက်စမ်းခြေ စင်ကာပူ-မလေးရှား ဗီယက်နမ်-ကမ္ဘောဒီးယား
*** လူငယ်ရေ ၅ ယောက်နှင့်အထက် စာရင်းပေးသွင်းပါက တစ်ဦးချင်းစီအတွက် DISCOUNT များဖြင့် ကျေးဇူးတုံ့ပြုပြန်ပေးပါတယ် ခင်ဗျာ။ ***
တိုက်(၂၉/၃၀)၊ ပထမထပ်၊ ဗဟိုရံစည်အိမ်ရာ၊ လမ်းမတော်မြို့နယ် TEL: 228828, 0973211140, 0943185215

ကြေးမုံ ဂျာနယ်
of the people, by the people, for the people
- အကောင်းအဆိုး၊ ရှေ့တိုး နောက်ဆုတ်တွေ ရှုပ်ထွေးလာနေသည့် မြန်မာ့ နိုင်ငံရေး
- မျက်ခြည်ပြတ် မခံဘဲ စောင့်ကြည့်ရမယ့် ၁၀ ရက်တာ လွှတ်တော်
- စကားထာ ဝှက်ကြမယ်
- လိုတော့ သုံး မလိုတော့ ဖုံး မလုပ်ကြဖို့
- ဥတ္တရ ရင်ခွင် ပုံရိပ်များ
ပြည်သူ့သဘောထားနဲ့ ကင်းကွာပြီး သီးခြားစဉ်းစားဖို့ မဖြစ်နိုင်ပါ
- မြန်မာ့ ပညာရေး စနစ် ဘာလဲ ဘယ်လဲ
- အခက်အခဲတွေ နှစ်စဉ် ကြုံနေရတဲ့ စိုက်ပျိုးရေး
ထွက်ပြီ
ပြည်သူ့အရေးရုံး - ၂၁၂ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၂၀ ၂၄၁၁၊ ၀၉ ၄၃၁၆ ၁၀၁၀။

ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၁၂)

နိုဝင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကစားမည့် ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၁၂) မှ စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်နေသည့် ငါးပွဲကို ကြိုတင်ခံစားကြည့်လိုက်မိပါသည်။

ပါဒါဘွန်း-ဒေါ့မွန် ည ၉း၀၀(၂၂-၁၁-၂၀၁၄)

နောက်ဆုံးကစားခဲ့သည့် ပွဲစဉ်(၁၁)မှာ ခြောက်ပွဲဆက်နိုင်ပွဲပျောက်မှုကို ရပ်တန့်နိုင်ခဲ့သည့် ဒေါ့မွန်အသင်း ပါဒါဘွန်းအိမ်ကွင်းပွဲမှာလည်း ရလဒ်ကောင်းရအောင် အားထည့်ရုန်းပါလိမ့်မည်။ ဒေါ့မွန်တို့ လက်ရှိရပ်တည်နေရသည့် အဆင့် (၁၅)နေရာထက်မြင့်တက်နိုင်ဖို့ ပါဒါဘွန်းကို အနိုင်ကစားမည်ဟု မျှော်လင့်မိပါသည်။

မိုချင်ဂလက်ဘတ်-ဖရန့်ဖတ် ည ၉း၀၀ (၂၂-၁၁-၂၀၁၄)

ဒေါ့မွန်အိမ်ကွင်းမှာ ယခုရာသီရှုံးပွဲစတြဲခဲ့ရသည့် မိုချင်ဂလက်ဘတ်အသင်း ဖရန့်ဖတ်ကို ဧည့်ခံကစားပေးရမည့် အိမ်ကွင်းပွဲမှာ နိုင်ပွဲပြန်ရှာတွေ့အောင် ကစားပြမှာ သေချာပါတယ်။ ဧည့်သည်ကလည်း ရှုံးပွဲဆက်ပြီး ခြေစွမ်းပျောက်နေ၍ မိုချင်ဂလက်ဘတ်တို့ အသာစီးရယူပြီး အောင်ပွဲခံသွားမည်ဖြစ်သည်။

ဘိုင်ယန်မြူးနစ်-ဟော့ဖန်ဟိမ်း ည ၉း၀၀(၂၂-၁၁-၂၀၁၄)

ယခုရာသီ (၁၁)ပွဲ ကစားအပြီး ရှုံးပွဲမရှိသေးသည့် မှတ်တမ်းကောင်းကို ဘိုင်ယန်မြူးနစ်တို့ ဆက်ထိန်းနိုင်အောင် ဟော့ဖန်ဟိမ်းနှင့်ပွဲကိုလည်း ဂရုတစိုက် ကစားပါလိမ့်မည်။ ဘိုင်ယန်မြူးနစ်ကွင်း နောက်ဆုံးအကြိမ်တွေ့ဆုံစဉ်က သုံးဂိုးစီနှင့်သရေပွဲဖြစ်ခဲ့သော်လည်း လက်ရှိကစားအားအကောင်းဆုံး နီးနီးဖြစ်နေသည့် ဘိုင်ယန်မြူးနစ်အသင်းအမှတ်ပြည့် ရယူသွားနိုင်ဖွယ်ရှိနေသည်။

ရှော်ကေး-ဝုဖ်ဘတ် ည ၉း၀၀(၂၂-၁၁-၂၀၁၄)

နောက်ဆုံးငါးပွဲမှာ ရလဒ်ကောင်းဆက်တိုက်ရယူထားပြီး ခြေစွမ်းပြနေသည့် ဝုဖ်ဘတ်ကို ရှော်ကေးတို့ အိမ်ကွင်းမှာ ယှဉ်ကစားနိုင်ဖို့ အခက်တွေ့ဖွယ်ရှိနေသည်။ ဂိုးရအောင်အများဆုံး ဖန်တီးပေးထားသူစာရင်းမှာ ထိပ်ဆုံးက ရပ်တည်နေသည့် ဒီဘရိုနီ၏ ခြေစွမ်းပြဖန်တီးမှုက ရှော်ကေးအိမ်ကွင်းတွင် ဝုဖ်ဘတ်တို့ ဂိုးရဦးမည်မှာ သေချာပါတယ်။

စတုဂတ်-အော့စ်ဘတ် ည ၁၁း၀၀(၂၃-၁၁-၂၀၁၄)

အမှတ်ပေးဇယား အောက်ဆုံးနေရာရောက်ရှိနေသည့် စတုဂတ်အသင်း အိမ်ကွင်းပွဲစဉ်မှာ အဝေးကွင်းခြေစွမ်းအည့်ဆုံးဟု ပြောနိုင်သည့် အော့စ်ဘတ်ကို အနိုင်ရအောင်ကစားပြီး ယခုရာသီ ဒုတိယမြောက်အိမ်ကွင်း နိုင်ပွဲရဖို့ ရှိနေသည်။

(ဝင်းထွန်ဦး)

အာဂျင်တီးနားကိုအနိုင်ရရှိကာ ၂၀၁၁ ရှုံးကြွေး ပေါ်တူဂီပြန်ဆပ်

တိုနီခရစ်၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် စပိန်ကို ဂျာမနီအနိုင်ယူ

နိုင်ငံတကာခြေစမ်းပွဲစဉ်များအဖြစ် ကမ္ဘာ့ထိပ်တန်းအသင်းများဖြစ်ကြသည့် အာဂျင်တီးနားအသင်းနှင့် ပေါ်တူဂီအသင်း၊ စပိန်အသင်းနှင့် ဂျာမနီအသင်းတို့ နိုဝင်ဘာ ၁၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ပေါ်တူဂီအသင်းက အာဂျင်တီးနားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဂျာမနီအသင်းက စပိန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

မန်ချက်စတာမြေ၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပေါ်တူဂီအသင်းနှင့် အာဂျင်တီးနားအသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲသည် ကမ္ဘာတစ်ဝန်းရှိ ပရိသတ်များအကြိုက်ဆုံးပွဲစဉ်တစ်ပွဲလည်း ဖြစ်လာခဲ့သည်။ ယင်းပွဲစဉ်တွင် ကမ္ဘာ့ထိပ်တန်းအဆင့်ရှိ ကစားသမားနှစ်ဦးဖြစ်သည့် စီရိုနယ်လ်ဒိုနှင့် မက်ဆီတို့၏ အားပြိုင်မှုကို မြင်တွေ့ခဲ့ရသော်လည်း အဆိုပါ ကစားသမားနှစ်ဦးသည် ကိုယ်စားပြုနိုင်ငံအသင်းအတွက် ယခုပွဲတွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့ပေ။

စီရိုနယ်လ်ဒိုနှင့် မက်ဆီတို့၏ ထိပ်တိုက်တွေ့ဆုံမှု မှတ်တမ်းကို ပြန်ကြည့်မည်ဆိုပါက ယခုတစ်ကြိမ် အပါအဝင် ၂၃ ကြိမ်အထိ ရှိခဲ့ပြီး ယင်း ၂၃ ကြိမ်တွင် မက်ဆီက ၁၂ ပွဲအထိ အနိုင်ရရှိခဲ့ပြီး စီရိုနယ်လ်ဒိုမှာမူ ၈ ပွဲသာ အနိုင်ရရှိထားခဲ့သည်။ ဂိုးသွင်းနိုင်မှု အနေအထားတွင်မူ မက်ဆီက ၁၇ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး စီရိုနယ်လ်ဒိုမှာ ၁၅ ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ ဖန်တီးပေးနိုင်မှုတွင်လည်း မက်ဆီက ၁၀ ဂိုးအထိ ဖန်တီးပေးနိုင်ခဲ့ပြီး စီရိုနယ်လ်ဒိုမှာမူ တစ်ဂိုးသာလျှင် ဖန်တီးပေးနိုင်ခဲ့သည်။

စီရိုနယ်လ်ဒိုနှင့် မက်ဆီတို့သည် စီရိုနယ်လ်ဒို မန်ယူအသင်း၌ ကစားစဉ် ၂၀၀၈ ခုနှစ်ကတည်းက အဓိကပြိုင်ဘက်နှစ်ဦးဖြစ်လာခဲ့ပြီး ယခုလက်ရှိတွင်လည်း စပိန်လာလီဂ်၊ ကိုပါဒယ်ရေး၊ စပိန်စူပါနှင့် ချန်ပီယံလီဂ်ပြိုင်ပွဲများတွင်လည်း ဂိုးသွင်းနိုင်မှုစွမ်းအားကို ယှဉ်ပြိုင်လျက်ရှိသည့် ကစားသမားနှစ်ဦးဖြစ်သည်။

သို့ရာတွင် လက်ရှိအဆိုပါနှစ်သင်းထိပ်တိုက်ဆုံတွေ့ခဲ့သည့် မန်ချက်စတာမြို့၏ အိုးထရက်ဖို့ဒ်ကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင်မူ အာဂျင်တီးနားတိုက်စစ်မှူးမက်ဆီ ဂိုးမသွင်းနိုင်ခဲ့သည့်အပြင် ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုသည်လည်း မက်ဆီကဲ့သို့ပင်။ သို့သော် ပေါ်တူဂီအသင်းသည် ဂွါရီအီရိုး၏ သွင်းဂိုးဖြင့် အာဂျင်တီးနားအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ၂၀၁၁ ချစ်ကြည်ရေးခြေစမ်းပွဲ ရှုံးကြွေးကို ပြန်လည်ဆပ်နိုင်ခဲ့သည်။

စပိန်အသင်းနှင့် ဂျာမနီအသင်းတို့၏ ပွဲစဉ်တွင် စပိန်အသင်းသည် အက်ပိလီကူတာ၊ ပီကေး၊ ရာမို့စ်၊ ဘားနက်၊ ဂါစီယာ၊ ဘရူနို၊ ဘက်စကွက်၊ အစ္စကို၊ မိုရက်တာ၊ နီလီတို တို့ကို ပွဲထွက်ကစားစေခဲ့ပြီး ဂျာမနီအသင်းမှာမူ မက်စတာဖီ၊ ရူဒီဂျာ၊ ရူဒီ၊ ခီဒီယာ၊ တိုနီခရစ်၊ မူလာ၊ ဂျေ့ဇီ၊ ဗိုလ်လန်း စသည့်ကစားသမားများကို ပွဲထွက်ကစားစေခဲ့သည်။

ယင်းပွဲစဉ်တွင် စပိန်အသင်းသည် လွန်ခဲ့သည့်လေးနှစ်ဖြစ်သည့် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဖလားဆွတ်ခူးပေးနိုင်ခဲ့သည့် ကစားသမားများထဲမှ ကစားသမားလေးဦးအထိ ပွဲထုတ်လာခဲ့ပြီး ဂျာမနီအသင်းမှာမူ ဇူလိုင်လအတွင်းက မာရာကာနာ ကွင်းကြီးထဲတွင် အာဂျင်တီးနားအားအနိုင်ရရှိကာ ၂၀၁၄ ကမ္ဘာ့ဖလားချန်ပီယံဖြစ်ခဲ့သည့် ပွဲစဉ်တွင် ပါဝင်ခဲ့သည့် ကစားသမားများထဲမှ သုံးဦးကို ယခုစပိန်အသင်းနှင့် ခြေစမ်းပွဲတွင် ထည့်သွင်းကစားခဲ့သည်။

စပိန်အသင်းနှင့် ဂျာမနီအသင်းတို့သည် ဥရောပမြေတွင် ထိပ်တန်းအသင်းနှစ်သင်းဖြစ်သည်နှင့်အညီ ခြေစမ်းပွဲဟုဆိုသော်လည်း အကြိတ်အနယ်ရှိခဲ့ခြင်းကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ပြီး ဒုတိယပိုင်း ၈၉ မိနစ်ရောက်မှသာ ကွင်းလယ်ကစားသမား တိုနီခရစ်သွင်းယူပေးခဲ့သည့် တစ်လုံးတည်းသောဂိုးဖြင့် ဂျာမနီအသင်းက စပိန်အသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

(နိုင်လင်းကြည်)

နေပြည်တော်ဝန်ကြီးဌာန ပေါင်းစုံ(အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ အကြိုပိုလ်လုပ्ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် နိုဝင်ဘာ ၁၉

၂၀၁၄ ခုနှစ် သတ္တမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ အကြိုဗိုလ်လုပ्ပွဲစဉ်များကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ(B) ရုံ၌ ဆက်လက် ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက စက်မှုဝန်ကြီးဌာန အသင်းကို (၃)ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက အားကစားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။ နိုဝင်ဘာ ၂၀ ရက်နေ့ နံနက် ၈ နာရီတွင် တတိယလုပ्ပွဲအဖြစ် အားကစားဝန်ကြီးဌာနအသင်းနှင့် စက်မှုဝန်ကြီးဌာနအသင်း၊ မွန်းလွဲ ၂ နာရီတွင် ဗိုလ်လုပ्ပွဲအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့၏ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ(B) ရုံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မောင်မောင်ဇော်)

ဧရာဝတီနာရီဂြိုဟ်
ကျိုက်ထီးရိုး (နေ့ခင်)
ချောင်းသာ (နေ့ခင်)
ပုပ္ပါး၊ ပုဂံ-ညောင်ဦး(သောကြာ)
01-392704,095066657,0973017110

COHABO
ချောင်းသာ/ငွေဆောင်
စရိတ်ပြိမ်း-70000
No-၁၁/၁၃၊နေ့လွှားနှင့်ရွှေလမ်းထိုးလိုတထောင်။
Ph-203519
09 516 1773, 09 731 61773

ချို
09-420073607
09-73211079
09-49250637
Car Rental, Sale & Services
ဝယ်ခင်း၊ တရုတ်ကျိုး၊ ကားငှါးခြင်းနှင့်
ဟော်ဒယ်အပြင် ကားသစ် မျိုးစုံ
လေဟာပြင်/နှစ်ရှည် ငှါး
ရောဝီး/ဝေဒီ/ဌားရမ်း ရှိသည်။
ယာဉ်မှူးများ လေလေးဆက်ဆံမှုမျိုးမပါစေရန်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမဖွင့်ပွဲအခမ်းအနား
အသိပေးကြေညာချက်

၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်မှ ကြီးမှူးဖွင့်လှစ်မည့် မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမဖွင့်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်/အသင်းသားများအားလုံး စုံညီစွာတက်ရောက်ပေးနိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

(၁) ကျင်းပမည့်နေ့ရက် - ၂၄-၁၁-၂၀၁၄(တနလ်ာနေ့)
(၂) ကျင်းပမည့်အချိန် - နံနက်(၉း၀၀)နာရီ
(၃) ကျင်းပမည့်နေရာ - မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ
အမှတ်(၆၈)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန၊ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းတွင် အသုံးပြုရန်အတွက် TOYOTA HILUX (DOUBLE CAB)၊ အင်ဂျင်အမျိုးအစား LM-167/5L(3000)CC, 1999 MODEL မှ 2000 MODEL အတွင်းရှိ မော်တော်ယာဉ်(၁)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများကို ၂၁-၁၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း၊ စီမံကိန်းညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ တင်ဒါတင်သွင်းရမည့်နေ့ရက်၊အချိန် - ၂၁-၁၁-၂၀၁၄ရက်၊ နံနက်(၁၀)နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း၊ စီမံကိန်းညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်
တင်ဒါဖိတ်မည့်ရက် - ၁၂-၁၁-၂၀၁၄ရက်၊ ညနေ(၄)နာရီ
၄။ အသေးစိတ်သိရှိလိုပါက စီမံကိန်းညွှန်ကြားရေးမှူး၊ ဖုန်း-၀၁-၆၄၄၅၄၈၊ ၀၉-၈၅၅၃၈၂၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မဂ်လာဧည့်ခံပွဲကျေးဇူးတင်လွှာ

၁၆-၁၁-၂၀၁၄ ရက်တွင် ကျွန်တော်၊ ကျွန်မတို့၏ Sedona Hotel Grand Ballroom တွင် ကျင်းပပြုလုပ်သည့် မဂ်လာဧည့်ခံပွဲအခမ်းအနားတွင် မဂ်လာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ မဂ်လာရွှေဆွဲကြိုး ချီးမြှင့်ပေးပါသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ စွမ်းအင်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့် ဇနီး ဒေါ်သူဇာဝေတို့အားလည်းကောင်း၊ မဂ်လာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ပြည်သူ့လွှတ်တော်စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိန်းနှင့် ဇနီး ဒေါ်မြင့်မြင့်အေးတို့အားလည်းကောင်း၊ မဂ်လာဧည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ကြပါသော ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မဂ်လာပန်းကြဖြန့်ပေးပါသော မ Christine Kham၊ မဂ်လာပန်းကုံးနှင့် မဂ်လာရွှေဆွဲကြိုးဗန်း ကိုင်ဆောင်ပေးပါသော မလမင်းသီရိ၊ မဂ်လာလက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဝင့်ဝါဇော်၊ သတို့သားအရံအဖြစ် ဆောင်ရွက်ပေးပါသော မောင်ဝေယံပိုင်နှင့် မောင်ဝေယံကျော်၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးသော မကြာဆိုင်းအိမ်နှင့် မကြာဆိုင်းအောင်တို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မဂ်လာအခါတော်ပေးတေးသီချင်း သီဆိုပေးပါသော ဒေါ်နှင်းရီသန့်နှင့် အလက်ဘဝတ်ရည် တေးဂီတပိုင်းအားလည်းကောင်း၊ မဂ်လာဝတ်စုံများဆင်မြန်းပေးကြပါသော ဒီဇိုင်နာ မိုးကုတ်ပေါက်ပေါက်၊ အရံဝတ်စုံများကို ဆင်မြန်းပေးပါသော မခင်ငြိမ်းငြိမ်းအေးတို့အားလည်းကောင်း၊ မိတ်ကပ်ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ လက်ဝတ်ရတနာများဆင်မြန်းပေးပါသော အန်တီနန်းထွေး၊ ဒေါ်အေးအေးမင်း(သိဒ္ဓိစိန်ရတနာဆိုင်၊ ဗိုလ်ချုပ်စျေး)တို့အားလည်းကောင်း၊ ဓာတ်ပုံဗီဒီယိုရိုက်ကူးပေးပါသော ဝဏ္ဏခွာနီး(Focus Daily)၊ Exposure နှင့် အဖွဲ့သားများအားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့အားလည်းကောင်း၊ မဂ်လာဖိတ်စာဖန်တီးပေးသော Viriya နှင့် မဂ်လာပွဲကြီးအား အစမှအဆုံး စီစဉ်ပေးပါသော Weddings & Events Planning၊ မဂ်လာပွဲသို့ လူကိုယ်တိုင် မတက်ရောက်နိုင်ပါသော်လည်း မေတ္တာဖြင့် မဂ်လာလက်ဖွဲ့ပစ္စည်းများ ပေးပို့ချီးမြှင့်ပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်ဟများအားလည်းကောင်း၊ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပေးပါသော Sedona Hotel မှ ဝန်ထမ်းများအားလည်းကောင်း၊ မဂ်လာပွဲကြီးဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်ဟ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်မိဘများနှင့်
မောင်အောင်မျိုးဇော်(ခ)အာနိုး-မအိသီရိဇော်(ခ) ဖူးဖူး

၂၀၁၄ ခုနှစ်အတွင်း ခရီးသည်တင်ယာဉ်မတော်တဆမှု ၂၃၀ ဖြစ်ပွား၊ ၇၀ ကျော်သေဆုံး

ရန်ကုန် နိုဝင်ဘာ ၁၉

၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာ ၁၅ ရက်အထိ ခရီးသည်တင်ယာဉ် မတော်တဆမှုဖြစ်စဉ်ပေါင်း ၂၃၀ မှုဖြစ်ပွားပြီး ၇၃ ဦး သေဆုံးကာ ၅၄၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီမှ သိရသည်။

နိုဝင်ဘာ ၁ ရက်မှ ၁၅ ရက်အထိ ခရီးသည်တင်ယာဉ်များနှင့် ပတ်သက်သော မတော်တဆမှု ရှစ်မှုဖြစ်ပွားခဲ့ပြီး လူကိုတိုက်မိမှုနှစ်မှု၊ စက်ဘီးကိုတိုက်မိမှု သုံးမှု၊ ယာဉ်ယာဉ်ချင်းတိုက်မိမှု သုံးမှုဖြစ်ပွားခဲ့သည်။

"လမ်းအသုံးပြုသူတွေ အနေနဲ့လည်း စနစ်တကျသွားလာဖို့လိုအပ်တာကို တွေ့ရပါတယ်။ တချို့ဆင်ခြေဖုံးဒေသတွေမှာဆိုရင် စက်ဘီး၊ ဆိုက်ကားနဲ့အနေးယာဉ်တွေက လမ်းလယ်ကနေ သွားတာတွေကလည်း ယာဉ်မတော်တဆဖြစ်စေတဲ့ အကြောင်းရင်းတစ်ခုပါပဲ။ ခရီးသည်တင်ယာဉ်တွေအနေနဲ့လည်း ပြိုင်ဆိုင်မောင်းနှင်မှုတွေ လျော့နည်းကျဆင်းလာစေဖို့တွေ၊ လိုအပ်တဲ့ပညာပေးမှုတွေကိုလည်း ပြုလုပ်ပေးနေပါတယ်"ဟု မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ယခုလအတွင်း ခရီးသည်အများအပြားဒဏ်ရာရသော ယာဉ်တိမ်းမှောက်မှုတစ်ခု မှော်ဘီမြို့နယ် သာယာကုန်း စံပြကျေးရွာအနီးတွင် ယခုလ ၄ ရက်က ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ တိမ်းမှောက်ယာဉ်မှာ သဲဖြူကျေးရွာ ဘုန်းကြီးကျောင်းသို့ ပဒေသာပင်များပို့ဆောင်ပြီး အပြန်တွင် သာယာကုန်းစံပြကျေးရွာအနီးသို့ အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်မှသစ်ပင်ကိုတိုက်မိပြီး တိမ်းမှောက်သွားရာ ယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦးသေဆုံးပြီး အမျိုးသားနှစ်ဦးနှင့်အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၂၀ ဒဏ်ရာရရှိသွားကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

ရှေးဟောင်းကြေးခေါင်းလောင်းတစ်လုံး သိုဝှက်သယ်ဆောင်စဉ်

တံတားလုံခြုံရေးပူးပေါင်းအဖွဲ့ ဖော်ထုတ်ဖမ်းဆီး

ဘားအံ နိုဝင်ဘာ ၁၉

ကရင်ပြည်နယ် ဘားအံမြို့နယ် ဂျိုင်း-ဇာသပြင် တံတား၌ မော်လမြိုင်မြို့မှ မြဝတီမြို့သို့ပြေးဆွဲနေသော ယာဉ်တစ်စီးသည် ရှေးဟောင်းကြေးခေါင်းလုံးတစ်လုံးကို သိုဝှက်သယ်ဆောင်လာစဉ် တံတားလုံခြုံရေးတာဝန်ကျ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးဝင်းနောင် ဦးစီးအဖွဲ့က နိုဝင်ဘာ ၁၇ ရက်တွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးဝင်းနောင်၊ မှူခင်းအကူဌာနစုမှ ဒုရဲအုပ်ဝင်းနိုင်ဦးစီးအဖွဲ့နှင့် တံတားလုံခြုံရေးတာဝန်ကျ ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၇ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က မော်လမြိုင်မှ မြဝတီသို့ ယာဉ်မောင်း အောင်မိုးဦး (၃၁)နှစ် ရွှေမြိုင်သီရိ (၁)လမ်း မော်လမြိုင်မြို့နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် 81 စူပါကာစတန် နံ့သာရောင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် ရဲလင်းဦး(ခ)အောင်ထွေး (၁၉)နှစ် မင်းကုန်းလေးကျေးရွာ ဝက်လက်မြို့နယ်၊ လှိုင်မျိုးအောင် (၃၀)နှစ် မင်းကုန်းလေးကျေးရွာ ဝက်လက်မြို့နယ်၊ ဝေလင်းဦး (၁၉)နှစ် ပိုဝကျေးရွာ မတ္တရာမြို့နယ် နေသူတို့လိုက်ပါလာပြီး ယာဉ်နောက်ခန်းအတွင်း၌ အခြားပစ္စည်းများဖြင့် ရောနှောဖုံးအုပ်လျက် ဂုန်နီအိတ်ဖြင့်ပတ်ကာထုပ်ပိုးထားသော အမြင့်သုံးပေ လေးလက်မခန့်၊ အချင်းထိပ်ဝ နှစ်ပေခန့် အဝါရောင်ခြသေ့ရုပ်နှစ်ရုပ်၊ ထပ်ကွင်းပါ ကြေးခေါင်းလောင်းတစ်လုံး (အလေးချိန် ပိသာ ၂၀၀ ခန့်)အား တွေ့ရှိရသဖြင့် စစ်ဆေးရာ အဆိုပါကြေးခေါင်းလောင်းအား အခြားတိုင်းဒေသကြီး/ပြည်နယ် တစ်နေရာရာမှ ခိုးယူလာကြောင်း မသက်ာဖွယ် တွေ့ရှိရသဖြင့် ဒုရဲအုပ်ဝင်းနိုင်က တရားလိုပြုလုပ်တိုင်တန်းရာ ဇာသပြင်နယ်မြေရဲစခန်းက (ပ)၄၀/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၈၀/ကျင့်-၅၄ အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

လောက်ကိုင်မြို့နယ်၌ ဓာတုဆေးရည် ၅၂၈ လီတာ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၉

လောက်ကိုင်မြို့ ရပ်ကွက်(၁) နယ်မြေအတွင်း နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၆ ရက်က လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် တုံ့ချိန်ရပ်ကွက်မှ BP-127 ဘက်သို့ မောင်းနှင်လာသည့် KK---- Tiger ဖိုးပြီးမော်တော်ယာဉ်ကို စစ်ဆေးရန် တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့်ပိတ်ဆို့ရှာဖွေရာ လောက်ကိုင်မြို့ တုံ့ချိန်ရပ်ကွက် ဖူလီလိုက်ဟိုတယ် အနီးတွင်တွေ့ရှိ၍ တားဆီးရှာဖွေရာ ရန်ဖန်လုံမောင်းနှင်ပြီး ယာဉ်ပေါ်မှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဖီနိုင်း-ပရိုပန်နုန်းဓာတုဆေးရည် ၁၆ လီတာဆံ့ ပလတ်စတစ်ပုံး ၃၃ ပုံး စုစုပေါင်း ဖီနိုင်း-ပရိုပန်နုန်း ၅၂၈ လီတာ သိမ်းဆည်းရမိသဖြင့် ရန်ဖန်လုံ (၁၉)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ (ဝဝုံ)

(ကြေးမုံ)

အင်းစိန်မြို့နယ်တွင် အရက်ကြောင်ပြီး ခြောက်ထပ်တိုက်ပေါ်မှ ခုန်ချသေဆုံး

ရန်ကုန် နိုဝင်ဘာ ၁၉

အရက်သောက်၍ အရက်ကြောင်နေသူတစ်ဦး နိုဝင်ဘာ ၁၆ ရက် ည ၁၀ နာရီ ၂၅ မိနစ်က ခြောက်ထပ်တိုက်ပေါ်မှ ခုန်ချခဲ့သည်ဖြစ်ရပ်တစ်ခု အင်းစိန်မြို့နယ်၌ ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်ပွားပုံမှာ ကို---(၃၀)နှစ်သည် အောင်ဇေယျအိမ်ရာ ကမ်းနားအလယ်ရပ်ကွက် အင်းစိန်မြို့နယ်နေသူသည် အရက်သေစာများ သောက်စားကာ အရက်ကြောင်ပြီး ခြောက်လွှာအမြင့်မှ ခုန်ချခဲ့သည်။

ယင်းခုန်ချသည့်အရှိန်ကြောင့် ခန္ဓာကိုယ်တွင်အတွင်း ဒဏ်ရာများ ပြင်းထန်စွာရရှိ၍ အင်းစိန်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစဉ် ည ၁ နာရီတွင် သေဆုံးသွားခဲ့သည့် အတွက် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

(ဒီဂဲ)

Asia Top 09943164118,09421099574,0933377844
▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကတ္တူ၊ ထမ်းစမ်း Guest Package 65000
▲ပုဂံ (စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပဖွယ်၊ ပခုက္ကူ၊ နေပြည်တော် Guest Package 60000
▲မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ ဝုံ့ရွာ Guest Package 65000 (အတက်ခရီးစဉ်အားလုံး အပတ်စဉ်-သောကြာ)
▲မဲလဆတော်ရှင် ▲ဂလွန်ပြည်တော်ဖြန်▲ ပြည်၊ အကောက်တောင် (နေ့ချင်းပြန်)
ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ (နေ့စဉ်) Guest Package 35000 ကားစီးလုံးငှားစီစဉ်ပေးသည်

ခေတ်သစ်ပြန်မာ 09-5029456,09-450023156,09-254200684
▲ကျိုက်ထီးရိုး(နေ့စဉ်)❖ချောင်းသာ(နေ့စဉ်)
▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကတ္တူ၊ ထမ်းစမ်း (အပတ်စဉ်-သောကြာ)
▲မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ ဝုံ့ရွာ(လမ်းဘုရားဝုံ) ကားစီးလုံးငှားစီစဉ်ပေးသည်
▲ပုဂံ (စွယ်တော်လေးဆူ) (ပြည့်ငါးပြည့်)၊ ပဖွယ်၊ ပခုက္ကူ- သီဟိုဠ်ရှင်
▲ပြည်ဘုရားဝုံနှင့် ထုံးဘိုအကောက်တောင်(အပတ်စဉ်-စနေ) ▲ဂလွန်(တနင်္ဂနွေ)

မိုးမြင့်ကြယ် ဆရာကြီးဦးမြင့် ဖျေးဝယ်ထွက်မယ်.... ကားမျိုးစုံစီစင်လုံးငှား ဆောင်ရွက်ပေးသည်။
ကရင်ပြည်နယ် ဂူ(၅)ဂူ၊ မြဝတီ၊ မဲစောက်....(၄)ရက် Nov(21,28)120000/-
ချောင်းသာ (စရိတ်ငြိမ်း) 35000/ 85000 | ငွေဆောင် Hotel 65000 | ကျိုက်ထီးရိုး (စရိတ်ငြိမ်း) 33000
အမှတ်(၂၆၇)၊ကျိုက္ကဆံလမ်း၊တာမွေ၊ 01-549380,09-5093704,09-450012971

UNIQUE TRAVELS & TOURS CO.,LTD. UNIQUE STAR TRAVELS & TOURS
ဗန်ကောက် (6)D [Dream / Safari World, Koh Larn Island, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya] Nov: 22,29 / Dec: 6,13,20,27 (300,000)
ကူမင်း၊သလီ၊လိကျန်း၊ရှန်ဂရီလာ (6)D Nov: 29 / Dec: 13,27 (400,000)
ဥရောပ(10) နိုင်ငံ ဂျပန်+ကိုရီးယား ကိုရီးယား ပီကင်း ဗီယက်နမ်
သြစတြေးလျ စင်ကာပူ+မလေး ဂျပန် ဟောင်ကောင် ဩဘိုင်း
အမေရိကား ဘာလီကျွန်း ဖူးခက် ရုရှား ထောင်အာဖရိက
ထိုင်ဝမ် ဗီယက်နမ်+ကမ္ဘောဒီးယား စင်ကာပူ မော်လဒိုက် ဘူတန်
No.(70/A) , Kabaaye Pagoda Rd , Bahan Tsp, Yangon. Ph: 860 4964 , 860 4965 , 860 4966.
708 353 , 705 723 , 09 7310 9133 , 09 7310 9144 , 09 7310 9155, 09 7310 9166 , 09514 8079

ရှေနဂါး (စရိတ်ငြိမ်း)
ကျိုက်ထီးရိုး-35000
ချောင်းသာ -45000
Ph:209077, 09-73167000
209388, 09-73168000
GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

HIGHWAY STAR Travels & Tours Co.Ltd
'အတွေ့သစ်၊ အမြင်သစ် တွေ့ရှိဖို့ Highway Star နှင့် စီးသွားကြစို့'
+ကျိုက်ထီးရိုး ခေ့ချင်းပြန် (တောင်တက်ကားစီးလုံးငှား) Nov 21,28
+သရေစတ္တရာ၊ ပြည်၊ အကောက်တောင် (အထူး) Nov 21,28 ကား အမျိုးအစား Yutong MAN
+သံတောင်ကြီး (အပန်းဖြေစခန်း)၊ တောင်ငူ Nov 28
+ကျိုက်ထီးဆောင်း၊ မဲလဲ၊ ကျောက်ပိတောမ်ကြာ၊ ဇင်းကျိုက်ရေတံခွန် Nov 28
+ခွဲကာပင်၊ ဦးနာဘောက်၊ ဘုရင့်ညီတူ၊ ကောင့်ခွန်းတူ Nov 28 (၆)ဦးဝယ် (၁) ဦးလက်ဆောင် (ဈေးသွား အာမခံပါဝင်)
New Year Eve Party ပွဲနှင့်ခရီးစဉ်များ
+ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ မစူတ္တရာ
+ပြင်ဦးလွင်၊ မန္တလေး၊ စစ်ကိုင်း၊ မင်းကွန်း
+အင်းလေး၊ တောင်ကြီး၊ ကလော၊ ပင်းတယ Dec (24,30) SCANIA
+မြဝတီ၊ မဲစောက် (ဈေးသင်္ဘောတောင်)
www.facebook.com/highwaystartravels&tours
09-253235411-422, 09-253241300, 09-36220108-162

ဆရာအာသာ SUCCESS Language Academy
တက္ကသိုလ်စာမေးပွဲဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက် (မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးစျေးလမ်း
Ph: 202046,392048,256954
BASIC ENGLISH SPEAKING
10 - 11:30 (Mon ~ Thurs) 24 Nov
3:30 - 5 (Mon ~ Thurs) 1 Dec
1 - 4:00 (Sat + Sun) 6 Dec
1 - 2:30 (Mon ~ Thurs) 9 Dec
BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon ~ Thurs) 17 Nov
1 - 4:00 (Sat + Sun) 22 Nov
7:30 - 9 (Mon ~ Thurs) 24 Nov
9 - 12:00 (Sat + Sun) 29 Nov
1 - 2:30 (Mon ~ Thurs) 1 Dec
6 - 7:30 (Mon ~ Thurs) 1 Dec
1 - 4:00 (Sat + Sun) 7 Dec
BASIC GRAMMAR
9 - 12:00 (Sat + Sun) 6 Dec
PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon ~ Thurs) 17 Nov
1 - 4:00 (Sat + Sat) 22 Nov
10-11:30 (Mon ~ Thurs) 1 Dec
9 - 12:00 (Sat + Sat) 6 Dec
INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon ~ Thurs) 17 Nov
10-11:30 (Mon ~ Thurs) 1 Dec
VOCAB ENRICHMENT
7:30 - 9 (Mon ~ Thurs) 24 Nov
10-11:30 (Mon ~ Thurs) 9 Dec
BASIC WRITING
3:30-5:00 (Mon ~ Thurs) 17 Nov
INTEMEDIATE WRITING
12 - 3:00 (Sat + Sun) 6 Dec
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ
BASIC ENGLISH SPEAKING
1 - 2:30 (Mon ~ Thurs) 24 Nov
7:30 - 9 (Mon ~ Thurs) 1 Dec
PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon ~ Thurs) 24 Nov
6 - 7:30 (Mon ~ Thurs) 15 Dec
BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon ~ Thurs) 1 Dec
6 - 7:30 (Mon ~ Thurs) 9 Dec
3:30 - 5 (Mon ~ Thurs) 29 Dec
7:30 - 9 (Mon ~ Thurs) 30 Dec
10 - 11:30 (Mon ~ Thurs) 30 Dec
IELTS (Preparation)
1 - 3:30 (Mon ~ Thurs) 17 Nov
1 - 4:30 (Sat + Sun) 24 Jan
IELTS Exam Practice
3:30 - 5 (Mon ~ Thurs) 10 Nov
IELTS (Speaking)
1 - 2:30 (Mon ~ Thurs) 29 Dec
IELTS (Reading)
10 - 12:00 (Mon ~ Thurs) 18 Nov
IELTS (Writing)
9:30 - 12:30 (Sat + Sun) 29 Nov

JADE MOTION
နေပြည်တော်ဗုဒ္ဓဂယာ
20.12.2014 30,000k
ထားဝယ်၊ရှင်ကိုးရင်
24.12.2014 150,000k
ဖားသောက်ဆိုင်စားပွဲတယ်တာသီးတာ၀ဲ့ကားခရီးစဉ်
0973123443,254907896,5179754

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

AMAZING DREAMS TRAVELS & TOURS NOV & DEC ခရီးစဉ်များ
♥ တောင်ကြီး - အင်းလေး - ပင်းတယ ♥ သန်တောက် - ပဒေသရား
♥ ပုပ္ပါး - ပုဂံ - မန္တလေး - ပြင်ဦးလွင် ♥ စင်ကာပူ ♥ ဗီယက်နမ်
♥ မူဆယ် - ရွှေလီ - တမီးနီ - ယန်စီ ♥ ကိုရီးယား ♥ ဂျပန်
♥ ထားဝယ် - မောင်းမကန် - ကန်ချနာသူရီ ♥ ဖူးခက် ♥ ဘာလီ
♥ ပုပ္ပါး - ပုဂံ ♥ ပေလီ / ငွေဆောင် / ချောင်းသာ ♥ မော်လဒိုက်
ပြည်တွင်းခရီးစဉ်များကို SCANIA 2+1 ကား နှင့် 3*** HOTEL ကိုသာ အသုံးပြုပါသည်
AMAZING နှင့် ခရီးသွားတိုင်း iPhone 6+ ကူပွန် တစ်စောင် ရယူလိုက်ပါ

ပြည်တွင်းရေးရာ

ကလေးမြို့တွင် ကျွန်းမျောနှင့် ပျဉ်းကတိုးသစ်ရောင်တုံးများ ဖမ်းဆီးရမိ

ကလေး၊ နိုဝင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အောင်ရွာကျေးရွာ မြောက်ဘက် အနောက်မြောက်လမ်းမပေါ်၌ နိုဝင်ဘာ ၁၅ ရက် ညနေပိုင်းတွင် ရဲအုပ်သီဟနှင့် ခရိုင်မှူခင်းနှိမ်နင်းရေးခေါင်းဆောင်တို့ သတင်းအရ စောင့်ဆိုင်းခဲ့သည်။

ရာဇပြိုက်ကျေးရွာမြောက်ဘက်မှ အောင်ရွာကျေးရွာဘက်သို့ မောင်းနှင်လာသော ကလေးစက်မှုဇုန်ထုတ် နံပါတ်မပါ အစိမ်းရောင်ထော်လာဂျီယာဥစားး ရပ်တန့်စစ်ဆေးရာဖွေရာ ကာလတန်ဖိုး ကျပ် ၂၆၇၂၀၀ ရှိ ပျဉ်းကတိုးသစ်ရောင်တုံး ၂၆ တုံးနှင့် အဆိုပါနေရာ၌ပင် ကျွန်းမျောတိုင်များ တင်ဆောင်လာသော အပြာရောင်ထော်လာဂျီ ခြောက်ဘီးယာဥ်တစ်စီးမှ ကျွန်းမျောတိုင် ၃၅ လုံးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ပြစ်မှုကျူးလွန်သူ သစ်ပိုင်ရှင်တို့အား အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လင်းလက်ကြယ်စင်

ကျပ်သန်းပေါင်း ၁၆၂၅ သန်းအကုန်အကျခံဆောက်လုပ်သည့် ကလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ဆောက်လုပ်မှုပြီးစီး

ကလေး၊ နိုဝင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ ကလေးတက္ကသိုလ်တွင် အရှည် ၂၀၆ ပေ၊ အကျယ် ၁၆၄ ပေရှိ ဘွဲ့နှင်းသဘင်ခန်းမဆောင်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ်သန်းပေါင်း ၁၆၂၅ သန်း အကုန်အကျခံလျက် KMG ကုမ္ပဏီက တာဝန်ယူကာ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၈ ရက်က စတင်ဆောက်လုပ်ခဲ့ရာ ယခုအချိန်တွင် ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကလေးတက္ကသိုလ်ကို ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ကလေးကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီးနောက် ၁၉၉၉ ခုနှစ် ဇူလိုင် ၇ ရက်တွင် ကလေးဒီကရီကောလိပ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ ၂၀၀၃ ခုနှစ် မေ ၁၄ ရက်တွင် ကလေးတက္ကသိုလ်အဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီးနောက် နှစ်စဉ်နှစ်တိုင်း ဘွဲ့ရမောင်မယ် ၁၀၀၀ ကျော် မွေးထုတ်နိုင်သည့်တက္ကသိုလ်ဖြစ်သည်။

ကလေးတက္ကသိုလ်သည် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းရှိ ကလေး၊ ကလေး၀၊ မင်းကင်း၊ တမူး၊ မော်လိုက်နှင့် ခန္ဓီးမြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူများ၊ ချင်းပြည်နယ်မှ ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ တီးတိန်၊ တွန်းဇီ မြို့နယ်များ၊ ရိုဒ်ခေါဒါရိန့်နှင့် ကျီခါးမြို့နယ်ခွဲတို့မှ ကျောင်းသား၊ ကျောင်းသူများအဆင့်မြင့် ပညာလာရောက်သင်ယူ ဆည်းပူးကြသည့် တက္ကသိုလ်ကြီးတစ်ခုလည်း ဖြစ်သည်။

အဆိုပါ ကလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင် တည်ဆောက်ပြီးစီးခြင်းကြောင့် ကလေးတက္ကသိုလ်သည် တက္ကသိုလ်တစ်ခု၏ အင်္ဂါရပ်နှင့် ပြည့်စုံလာပြီဖြစ်သည့်အပြင် အနာဂတ်၏ မျိုးဆက်သစ်များဖြစ်ကြသော ဘွဲ့ရမောင်မယ်များ၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို ထည်ထည်ဝါဝါ ကျင်းပနိုင်တော့မည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ ကလေးတက္ကသိုလ်သည် နှစ်စဉ်နှစ်တိုင်း ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပသည့်အခါ ဘွဲ့နှင်းသဘင်ခန်းမဆောင်မရှိသဖြင့် တက္ကသိုလ်ဝင်းအတွင်း ရှိ မြေကွက်လပ် လေဟာပြင်၌သာ ကျင်းပခဲ့ရကြောင်း သိရသည်။

ကျနိုင်း

မလှိုင်မြို့နယ် ရွာငါးရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိ

မလှိုင်၊ နိုဝင်ဘာ ၁၉

(၉၄) နှစ်မြောက်အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေး ထရန်စဖော်မာဖွင့်ပွဲ အခမ်းအနားကို မလှိုင်မြို့နယ်၊ ကံကြီးကျေးရွာအုပ်စု၊ ကံကြီးကျေးရွာ၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် အလှူရှင်ထည့်ဝင်မှုအပါဝင် စုစုပေါင်းကျပ်သိန်း ၄၅၀ ကျော်နှင့် ဒေသခံပြည်သူတို့၏ ထည့်ဝင်ငွေဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ရာ ကံကြီးတောင်ရွာ၊ ကံကြီးမြောက်ရွာ၊ ကျော်ခေါင်ရွာ၊ အလည်ချောင်တောင်ရွာ၊ မြောက်ရွာ ကျေးရွာ၀၊ရွာရှိ အိမ်ခြေ ၃၁၀ တွင် လျှပ်စစ်မီတာ ၁၅၇ လုံးတပ်ဆင်ပြီး ဘုန်းကြီးကျောင်းခြောက်ကျောင်း၊ စာသင်ကျောင်း၊ ဓမ္မာရုံများ စသည်တို့တွင် ၂၄ နာရီ လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်းသိရသည်။

ရှေးဦးစွာ ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေး မုခ်ဦးဆိုင်းဘုတ်ကို မလှိုင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရွှေနန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်စိုးဝင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက လျှပ်စစ်အန္တရာယ်ကင်းဝေးရေး ဆောင်ရန်၊ ရှောင်ရန်များကို ပညာပေးဟောပြောခဲ့သည်။

ယင်းနောက် ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် 100 KVA ထရန်စဖော်မာတစ်လုံးနှင့် ဆက်စပ်ပစ္စည်း၊ စုစုပေါင်းကာလတန်ဖိုး ၆၈ သိန်းဖိုး လျှုဒါန်းခဲ့သော ဝင်းထီလာဆောက်လုပ်ရေးကုမ္ပဏီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

အောင်ရွှေ(မလှိုင်)

စစ်ကိုင်းမြို့ ပညာအထက်တန်းကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း ဟောပြောဆွေးနွေး

စစ်ကိုင်း၊ နိုဝင်ဘာ ၁၉

စစ်ကိုင်းမြို့၌ အခြေခံပညာအထက်တန်းကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာ ပညာပေးဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီခွဲက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အသခ်ယာခန်းမနှင့် မွန်းလွဲ ၂ နာရီက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပါရဂူခန်းမတို့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စစ်ကိုင်းခရိုင်ပညာရေးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်တင့်ကလည်းကောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ခရိုင်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးဝင်းမောင်ကလည်းကောင်း အဖွင့်အမှာစကား ပြောကြားခဲ့ကြသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးခမ်လျန်စွမ်းက စားသုံးသူအကာအကွယ်ပေးရေးအကြောင်းကို ဟောပြောဆွေးနွေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှူးရုံးမှ ဒေါ်ကေသီအောင်နှင့် ဒေါ်နှင်းနှင်းခိုင်တို့က မုန့်မျိုးစုံနှင့်အစားအသောက်များ၏ အန္တရာယ်များအကြောင်းနှင့် အရက်၊ ဘီယာ၊ စီးကရက်နှင့် ကွမ်းယာတို့၏ ဆိုးကျိုးနှင့် ဖြစ်ပွားတတ်သောရောဂါများ အကြောင်းကို ဟောပြောဆွေးနွေးခဲ့ကြသည်။

ဟောပြောပွဲတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၂၃ ဦးတို့ကလည်းကောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းမှ ကျောင်းသား၊ ကျောင်းသူ ၂၂ ဦးတို့ကလည်းကောင်း၊ အစားအသောက်နှင့် ပတ်သက်၍ အန္တရာယ်ဖြစ်စေတတ်သော အစားအစာများကို မေးမြန်းကြရာ တိုင်းဒေသကြီးဦးစီးဌာနမှူးက သိရှိထားသည့် အကြောင်းအရာများကို ပြန်လည်ဖြေကြားပေးခဲ့သည်။

မသိသေးသောအကြောင်းအရာများကို ၎င်းတို့၏ ဌာနချုပ်သို့ ဆက်လက်တင်ပြပြီး စာနှင့် ပြန်လည်ဖြေကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းစားသည်များ တက်ရောက် နားထောင်ခဲ့ကြပြီး တက်ရောက်လာသူများအား ပညာပေးပိုစတာများ၊ လက်ကမ်းစာစောင်များ အခမဲ့ပေးဝေခဲ့သည်။

မျိုးဝင်း(စစ်ကိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊မြေတိုင်းရုပ်ကွက်အမှတ်-၁၂/ဘီ၊ မြေကွက်အမှတ်(၄၄)၊ မြေကွက်တည်နေရာအမှတ်(၄၄)၊ ဘုရင့်နောင်လမ်းသွယ်၊ ၃-ရပ်ကွက်၊ လှိုင်မြို့နယ် ဦးချစ်မောင် အမည်ပေါက် မြေအမိုးအစားပါမစ်မြေအား အမည်ပေါက် ဦးချစ်မောင်ထံမှ ၇-၂-၁၉၉۶ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးလှထွန်း[၁၂/လမန(နိုင်)၀۶۶۶၀၀]က အရောင်းအဝယ် အရပ်ကတိစာချုပ်နှင့် မြေချပါမစ်တွင် ဓာတ်ပုံနှင့်ရွှေပြောင်းမည်သူများ ရာဇဝင်အကျင်းချုပ်မူရင်း (အပေါ်စာရွက် တစ်ရွက်) တို့သာလျှင် တင်ပြပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြိမ့်မူစာရင်းစာရွက် တင်ပြနိုင်ခြင်း မရှိဘဲ နှစ်(၆၀)မြောင်းစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ်-၂၅၅၊ မြေကွက်အမှတ်-(၇၈၇)၊ မြေကွက်တည်နေရာအမှတ်-၇၈၇၊ ဇီဇဂါ(၄)လမ်း၊ ၂၅ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးခင်တိုး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ်(၃၉၂၃/၂၀၁၄)နှင့် တရားမဇာရီမှုအမှတ်(၂၇၁၇/၂၀၁၅)ဖြင့် မျှော်မြော်င်းနိုင်သည့်ပစ္စည်းကိုရောင်းကြောင်း လက်မှတ်စာ ဘဏ်ငွေသွင်းချလန်ဂရန်မူရင်းတင်ပြ၍ တရားရုံးလေလံဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးအောင်ကျော်ထွန်း [၁၂/သယက(နိုင်)၁၇၂၇၁၀]ထံမှ SP အမှတ် ၁၂၉၉၉(၁၅-၅-၁၄)ဖြင့် SP ရသူ ဦးသန့်ဇင်ဦး [၁၂/ဥကတ(နိုင်)၁၅၀۶၀၁]မှ ပါ၀ါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါ၀ါမရှယ်သိမ်းသေးသည်မှာ မှန်ကန်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ အရောင်းမြေပံ့ကူး လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၊ ၁ယ/၈၂۶၅၊ Suzuki Viva 110.1 M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးအောင်သူရ[၁၄/ပသန(နိုင်)၁၃၄၃၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ဦးလှသော အထောက်အထားများဖြင့် ကြေငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါနေ့သို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊မြေတိုင်းရုပ်ကွက်အမှတ် ۶၆၈(၁၄၂)၊၁۶)၊မြေကွက်မှတ်(၁၁၄)၊မြေကွက်တည်နေရာအမှတ်(၉၀)၊မဟာသုခီတာလမ်း၊အင်းစိန်၊အစိုးရအမည်ပေါက်၊အစိုးရမြေ၊ဧရိယာ(၀.၀၇၇)ဧကအားအရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားသူဦးထွန်းလွင်(၁၂/မဘန(နိုင်)၀၀၅၃၃၄)ကဂရန်သစ်လျှောက်ထားလာရာ ဌာနမှမြေချပါမစ်စီစစ်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ်-(၄၃)၊ မြေကွက်အမှတ်(၁၁၅၇)၊ မြေကွက်တည်နေရာအမှတ်(၁၁၅၇)၊ (၄၃)ရပ်ကွက်၊ ဒဂုံမြောက်၊ ဒေါ်ခင်ဝင်းထွန်း(DL-018601) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ဝင်းထွန်းကွယ်လွန်သဖြင့် ဦးတင်မောင်ဝင်း[၁၂/သယက(နိုင်)၁၀[၅၈၀]က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပံ့ကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ်-(၁)ထူပါရုံ၊ မြေကွက်အမှတ်-၈၆၆၊ မြေကွက်တည်နေရာအမှတ်-၈၆၆၊ စုပေါင်းအိမ်ရာဝင်း ဝိုင်းသောက်ပန်းလမ်း၊ (၁)ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်ဆွေဆွေင်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ဆွေဆွေင်း(ဇနီး) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ခင်ပွန်း ဖြစ်သူ ဦးစံမြင့် [၁၂/သကတ(နိုင်)၀၉၂۶၄၄၂]မှ သေဒရင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပံ့ကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက် မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ်-၁၃၁ မြေကွက်အမှတ်-၃၂၂/က၊ မြေကွက်တည်နေရာအမှတ်-၃၂/က၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်အေးကြည်(ခ)ဒေါ်သန်းမြ) အမည်ပေါက် (ဒေါ်အေးကြည်(ခ)ဒေါ်သန်းမြ)ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားကြောင်း မြို့ရှာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ (ဒေါ်အေးကြည်(ခ)ဒေါ်သန်းမြ)အား တရားဝင်ချထားပေးသည်မှာ မှန်ကန်ကြောင်းထောက်ခံစာကို တင်ပြ၍ ဦးမောင်မောင်ဇော်[၁၂/ဥကတ(နိုင်)၀۶۶۶၀ဧ]မှ ပါမစ်ပျောက်ဖြင့် ဂရန် သစ်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ်-၄၆၉(အက်စ်-၈၉)၊ မြေကွက်အမှတ်-၂၈၈၊ မြေကွက်တည်နေရာအမှတ်-၂၀၊ ဝမ္မစိန္ဓာလမ်း၊ ကျားကွက်သစ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒေါ်မြကြည်(ခ)မေခိန် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား တာမွေမြို့နယ် တရားရုံးတရားမကြီးမှုအမှတ်-၃၄/၂၀၁၃၊ တရားလိုဒေါ်လှလှမြင့် (ခ)သိတာဦးက တရားပြိုင် ဦးလှညွှန်+ဒေါ်ငယ်+ဒေါ်မြကြည်(ခ)ဒေါ်မြစိန်တို့အပေါ် မြေနှင့် အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိမ့်မှုနှင့် တရားမဇာရီမှုအမှတ်-၂/၂၀၁၄ အမိန့်တို့အရ တရားရုံးဦးလုညွှန်ပါ(၃) ကိုယ်စား ဘီလစ်အရာရှိ ဒေါ်စန်းစန်းဝင်းက အရောင်းအဝယ်စာချုပ်ရန် မြေပံ့ကူး လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁လမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-(၁၇၈၇)၊ မြေကွက်တည်နေရာအမှတ်-(၁၇၈၇)၊ စစ်ဝေထွန်းလမ်း၊ ၁လမြို့နယ်၊ (ဦးသန်းရွှေ)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသန်းရွှေထံမှ (၂၉-၁၀-၂၀၀၀)ရက် မြေကွက်အမှတ်(၁၇၃၁)၊ မြေကွက်တည်နေရာအမှတ်(၁۷၃၁)၊ ရာဇဝင်ရာဇ်လမ်း၊ ၁လမြို့နယ်၊ (ဒေါ်လှရွှေ)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဒေါ်လှရွှေထံမှ(၈-၁၁-၁၉၉۶)၊ (၁၇-၁-၂၀၀၈)၊ (၁၅-၄-၂၀၀၉)၊ (၁၅-၁-၂၀၁၀)၊ (၂၇-၅-၂၀၁၀)နှင့် (၂၃-၁၁-၂၀၁၁)ရက် မြေကွက်အမှတ်(၂၂၅)၊ ပုဂံလမ်း၊ ၁လမြို့နယ်၊ (ဦးခင်မောင်ဝင်း) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးခင်မောင်ဝင်းထံမှ (၅-၁-၂၀၁၁)ရက် အရပ်ကတိ စာချုပ်များဖြင့် ဝယ်ယူထားသူ ဦးဘောရာမူတူး(ခ)ဝင်းနိုင်[၁၂/မဂတ(ဧည်)၀၀၀၁၉၇] (၂۶-၉-၂၀၁၃) ရက် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ပါကျွန်းရီတာ[၁၂/မဂတ(ပြု)၀၀၁၁၁၅]မှ (၁۶-၁၂-၂၀၁၃)ရက် ကတိသစ္စာပြုလွှာသေစာရင်း၊ ထောက်ခံကတိသစ္စာပြုလွှာတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆောင်းပါး

ဂုဏ်ယူထိုက်သောနေ့တစ်နေ့

à wi&rmif(Dt v)kd

လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာနှင့်အဆင့်အတန်းသည် သူတို့၏ချမ်းသာကြွယ်ဝမှု၊ တိုင်းနိုင်ငံကြီးမား ကျယ်ဝန်းမှု၊ အသိပညာ၊ အတတ်ပညာ အဆင့်မြင့်မားမှုတို့အပေါ် ကြည့်ပြီး ဆုံးဖြတ်၍မရပေ။ ထိုနိုင်ငံ၏ လူမျိုး၊ စာပေနှင့် ယဉ်ကျေးမှုတို့ကိုကြည့်ပြီး ဆုံးဖြတ်ရပေမည်။ လူတစ်ယောက်သည် မည်မျှချမ်းသာစေ၊ မည်မျှပညာတတ်စေကာမူ လူ့အသိ၊ လူ့အလိမ္မာ ယဉ်ကျေးမှုများခေါင်းပါးနေပါက ပတ်ဝန်းကျင်မှ အရေးထားလေးစားခြင်းမရှိသလို စာပေယဉ်ကျေးမှု ခိုင်ခိုင်မာမာမရှိသော လူမျိုးသည်လည်း ကမ္ဘာ့အလယ်တွင် ဂုဏ်အဆင့်အတန်းမရှိ အောက်ကျနောက်ကျဖြစ်မည်မှာ အသေချာပင်ဖြစ်သည်။

စာပေသည် လူမျိုး၏အသက်ဖြစ်သည်။ စာပေခိုင်မာမှ ယဉ်ကျေးမှု ခိုင်မာပေမည်။ မြန်မာ့ယဉ်ကျေးမှုသည် ခိုင်မာခဲ့ထည်သော ယဉ်ကျေးမှုဖြစ်သည်ဟူ၍ ကမ္ဘာ့ပညာရှင်များက အသိအမှတ် ပြုပေသည်။ မြန်မာတို့သည် စာပေကိုမြတ်နိုးသူများ ဖြစ်ပေသည်။ အလိမ္မာ စာမှာရှိ၊ စာပေအလင်းရောင် ဘဝတန်ဆောင်၊ စာပေစကား နေ့တိုင်းကြားက ထူးခြားလိမ္မာရှိသည်သာတည့်ဟူသော စကားစုများက စာပေမြတ်နိုးမှုကို ဖော်ပြပေသည်။ မြန်မာစာပေသည် ပုဂံခေတ်မှ စတင်ခဲ့ပေသည်။

အရေးအသားအပိုင်းတွင် အဆင့်မြင့်မားခဲ့ပြီး ရေးလိုသောအကြောင်းကို အလက်ာတန်ဆာဆင်ခြင်းဖြင့် ပေါ်လွင်စွာ ရေးနိုင်ကြောင်း၊ ထိုခေတ်က အနန္တသူရိယအမတ်ကြီးရေးသားခဲ့သော သူတည်းတစ်ယောက် ကောင်းဖို့ ရောက်မှု၊ သူတစ်ယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည့် အစရှိသော မျက်ပြေလက်ာကြောင့် နရပတိစည်သူ မင်းကြီးက သေစေအမိန့်မှလွတ်စေခဲ့သလို၊ လက်ဝဲသုန္ဒရအမတ်ကြီးသည်လည်း မှန်ကန်ရဲဝံ့စွာ ဆုံးဖြတ်မှုကြောင့် မဲဇာတောသို့ မင်းမျက်သင့်၍ ရောက်ခဲ့ရပေသည်။ နေပြောက်မှ မထိုးနိုင်သော မဲဇာတောသို့ ရောက်ရှိနေသော လက်ဝဲသုန္ဒရအမတ်ကြီးသည် ရွှေပြည်ဌာနဝေးသောကြောင့်၊ နေခြည်ဖြာမှ နွေးသောကြောင့်၊ လေပြေလာက အေးသောကြောင့်ဟူသော စိတ်နလုံးကြည်နူးဖွယ်စကားလုံးများဖြင့် မဲဇာအရပ်မှ ရွှေဘိုနန်းတော်ဆီသို့ ပြန်လည်ခစားရောက်ရှိစေခဲ့သည်။

ပုဂံခေတ်ကျဆုံး၍ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် အဆက်ဆက်တွင်လည်း မြန်မာစာပေသည် ဆုတ်ယုတ်မသွားခဲ့ပေ။ ဆက်လက်ရှင်သန်ဖွံ့ဖြိုးခဲ့ပေသည်။ မြန်မာစာပေ ရှင်သန်တိုးတက်လာသည်နှင့် စာဆိုပညာရှိများလည်း ပေါ်ထွန်းလာပေသည်။ ပင်းယခေတ်တွင် ပင်းယမင်း ငါးစီးရှင်ကျော်စွာ၊ အင်းဝခေတ်တွင် ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ စသော ရဟန်းစာဆိုများနှင့် နန်းတွင်းမိဖြူ။ နန်းတွင်းမိညီစသော အမျိုးသမီးစာဆိုများ ပေါ်ပေါက်ခဲ့ပြီး တောင်ငူခေတ်တွင် နတ်ရှင်နောင်၊ နဝဒေးစသော စာဆိုများနှင့် ညောင်ရမ်းခေတ်တွင် တောင်ဖီလာဆရာတော်၊ ဝန်ကြီးပဒေသရာဇာတို့သည် စာပေလောကတွင် ရတုကဗျာ၊ စကားပြေ အမျိုးမျိုးတို့ကို ရေးသားခဲ့ပေသည်။

ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ စာပေအမျိုးအစားနှင့် စာဆိုပညာရှင်များ သိသာထင်ရှားစွာ ပေါ်ထွန်းလာခဲ့ပြီး ကျီးသဲလေးထပ်ဆရာတော်ဘုရား၊ ညောင်ကန်ဆရာတော်ဘုရား၊ လူဦးမင်း၊ ဖိုးသူတော်ဦးမင်း၊ ယောအတွင်းဝန်ဦးဖိုးလှိုင်၊ ကင်းဝန်မင်းကြီးစသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များနှင့် လှိုင်ထိပ်ခေါင်တင်မိဖုရားစသော စာဆိုပညာရှင်များပေါ်ထွက်ခဲ့ပြီး၊ ခေတ်အလိုက် စာဆိုပညာရှင် ကဝိအကျော်အမော်တို့၏ ဇွဲ၊ လုံ့လတို့ဖြင့် ပြုစုပျိုးထောင်ခဲ့သော မြန်မာစာပေသည် တန်ဖိုးမဖြတ်နိုင်အောင် အလွန်ပင်ကြီးမြတ်လှပေသည်။

လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကို လူမျိုးတည်နေသမျှ ရှင်သန်နေအောင် စာပေကသာ ဖန်တီးစောင့်ရှောက်ထိန်းသိမ်းနိုင်ပေသည်။

မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝ ရောက်ပြီး မြန်မာတို့နှင့်အတူ စာပေအောက်တန်းကျကာ ပစ်ပယ်ထားခြင်းကိုခံရသော်လည်း မြန်မာစာပေသည် ဆက်လက်ရှင်သန်ခဲ့ခြင်းမှာ မြန်မာစာပေ၏ ထူးခြားမှုပင်ဖြစ်သည်။ မြန်မာစာဆိုတော်ကြီးများသည် တိုင်းပြည် အလင်းရောင်ရအောင်၊ အမျိုးသားရေး နိုးကြားအောင် ဆောင်ရွက်ခဲ့ကြသည်။ အမျိုးသားပညာဝန် ဦးဖိုးကျား၏ ဖေ၊ ပု၊ ရှိန့် အင်္ဂလန်သွားအိုင်ချင်း၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ လေးချိုးတို့သည် အမျိုးသားရေးအားမာန်များကို ပြည့်ဝစေပြီး မြန်မာပြည်သူပြည်သားများ လွတ်လပ်ရေးရရန် ကြိုးပမ်းမှုတွင် အားပြည့်ဆေးဖြစ်ခဲ့သည်။ စာပေ၏ အသိဉာဏ်အား နှလုံးရည်ကိုယူလျက် နယ်ချဲ့ကို အောင်မြင်စွာတော်လှန်ခဲ့ကြပေသည်။

၁၉၄၈ ခုနှစ်တွင် မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝမှလွတ်မြောက်လာသောအခါ မြန်မာစာပေသည် အခက်အလက်ဝေဖြာစွာဖြင့် အသီးအပွင့်များနှင့်အတူ ရှင်သန်လာသော သစ်ပင်ကြီးကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာပြီး ဘာသာရေးယဉ်ကျေးမှုစာပေ၊ သိပ္ပံပညာစာပေ၊ ဘာသာပြန်စာပေ၊ စီးပွားရေး၊ နိုင်ငံရေးစာပေများ ပေါ်ထွက်လာပြီး သတင်းစာ ဂျာနယ်၊ မဂ္ဂဇင်း စာစောင်များလည်း ပေါ်ထွက်လာပေသည်။ ယခုအချိန်အခါတွင် မြန်မာစာပေသည် ဖွံ့ဖြိုးတိုးတက်လာပြီး မဂ္ဂဇင်းအမျိုးမျိုး၊ ဂျာနယ်အမျိုးမျိုး၊ သတင်းစာအမျိုးမျိုး အင်နှင့်အားနှင့် ထွက်ပေါ်လာပြီး စာအုပ်စာပေအမျိုးမျိုးလည်း ထုတ်ဝေသူများမှ ထုတ်ဝေပြီး အရောင်းဆိုင်၊ အဌားဆိုင်များလည်း မြောက်မြားစွာ ထွက်ပေါ်လာသည်။

ယနေ့ မြန်မာစာပေသည် ပြည်သူလူထုနှင့် ထိတွေ့နီးစပ်လာပြီး၊ ဖတ်ရှုသူပြည်သူတို့အား ချက်ချင်းလက်ငင်း ဖတ်နိုင်ရန် မီးရထားဘူတာရုံ၊ လေဆိပ်နှင့် အများပြည်သူသွားလာရာ နေရာများတွင် စာပေရေချမ်းစင်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ ထားရှိပေးထားပေသည်။ ကမ္ဘာ့သတင်း၊ မြန်မာ့သတင်း၊ အာကာသသတင်းကိုလည်း ဖတ်ရှုနိုင်ပေသည်။ မြန်မာစာရေးဆရာများ၏ ကျေးဇူးကြောင့် ကမ္ဘာကြီးတွင်ဘာဖြစ်နေသည်ကို သိရှိလာပေသည်။

နိုင်ငံတော်သည် နှစ်ပေါင်းထောင်နှင့်ချီကာ ရပ်တည်ခဲ့သော မြန်မာစာပေအဆောက်အအုံကြီး မယိုင်လဲ ခိုင်မြဲရေးအတွက် မြန်မာနိုင်ငံသတင်းစာဆရာများအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာများအသင်း၊ မြန်မာနိုင်ငံပုံနှိပ်ထုတ်ဝေသူများအသင်းတို့ကို ဖွဲ့စည်းပေးခဲ့ပြီး နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ ရောက်တိုင်း စာဆိုတော်နေ့ အခမ်းအနားများကို မြန်မာနိုင်ငံတစ်နိုင်ငံလုံး စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး ထိုနေ့တွင် နိုင်ငံတော်အစိုးရမှ အမျိုးသားစာပေဆုနှင့် စာပေပဓာန်စာမူဆုရသူများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်လေသည်။

အချုပ်အားဖြင့်ဆိုရသော် စာရေးဆရာ စာဆိုတော်ကြီးများသည် မိမိတို့၏ဘဝကို စာပေနယ်တွင် ရင်းနှီးမြှုပ်နှံကြလျက် အများပြည်သူတို့၏ အသိဉာဏ်မြင့်မားရေးကို ဆောင်ရွက်သူများဖြစ်ပြီး၊ တိုင်းပြည်နှင့် လူမျိုး၏ အသိပညာမြင့်မားရေးကို ဆောင်ရွက်နေသော ကျေးဇူးရှင်များဖြစ်သောကြောင့် မဂ်လာတရားတော်နှင့်အညီ ပူဇော်ထိုက်သူ ကိုပူဇော်ခြင်းသည် မဂ်လာဖြစ်သောကြောင့် စာရေးဆရာ ပညာရှင်ကြီးများအား အမှတ်တရဖြစ်စေသော စာဆိုတော်နေ့သည် တိုင်းပြည်နှင့် လူမျိုးအတွက် ဂုဏ်ယူထိုက်သောနေ့ တစ်နေ့ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ ပြည်သူများလျှပ်စစ်အန္တရာယ် ကင်းဝေးစေရေးအတွက် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒလမြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူးရုံးမှ လျှပ်စစ်ဝန်ထမ်းများက ဒလကမ်းနားမှ အောင်မင်္ဂလာရပ်ကွက်ထိပ်ထိ ၄၀၀ ဗို့အားလိုင်းအင်စတုတစ်ဝါယာပေ ၃၀၀၀ လဲလှယ်တပ်ဆင်နေမှုအား နိုဝင်ဘာ ၁၆ ရက်က တပ်ဆင်ဆောင်ရွက်ကြောင်းသိရသည်။ သတင်းနှင့်ဓာတ်ပုံ- မင်းရဲမာန်(နေပြည်တော်)

ခင်ဦးမြို့နယ် ကြက်မွေးမြူရေးဇုန်၌ ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားမှုများ စစ်ဆေး

ခင်ဦး၊ နိုဝင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ် ကြက်မွေးမြူရေးဇုန်၌ မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နိုဝင်ဘာ ၁၇ ရက် မွန်းတည့် ၁၂ နာရီက လုပ်ငန်းရှင်များ၏ ကြက်ခြံ ၂၁ ခြံကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ကြက်မွေးမြူရေးဇုန်သည် မီးလောင်မှု နှစ်ကြိမ် ဖြစ်ပွားခဲ့ဖူးသဖြင့် ယခုနှစ် ပွင့်လင်းရာသီတွင် မီးဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှုများ၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ထားရှိမှုအခြေအနေများကိုလည်းကောင်း ကြက်ခြံတိုင်း မီးသတ်ဆေးဘူးများ ရှိ၊ မရှိကိုလည်းကောင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းအပြင် ကြက်ခြံများ၌ ဥစားကြက်များ ဇီဝလုံခြုံရေးနှင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့် စိုး၊ မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးကျော်စိုးပိုင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးမှူး ဒေါက်တာလှလှပြိုးတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ခင်ဦးစိုးဝေ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၂)၊ မြေကွက်အမှတ်-(၈၆၃/ခ)၊ မြေကွက်တည်နေရာအမှတ်-(၈၆၃/ခ)၊ မေခလာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်စန်းတင်၊ ဦးသိန်းအောင် အမည်ပေါက် နှစ်(၆၀)ဝရန်မြေအား အမည်ပေါက်ဒေါ်စန်းတင်ထံမှ အထွေထွေကိယ်စားလှယ်လွှဲစာအမှတ်-၁၁၂၀၂ (စ-၇-၂၀၁၃)ဖြင့် လွှဲအပ်ခံရသူ ဦးအောင်ကျော်သူ [၁၂/ဥကတ(နိုင်)ဝ၆၁၁၁]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရှိပသိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၉၅၉(၂၅-၇-၁၄)ကို တင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသိန်းအောင်[၁၂/ဥကတ(နိုင်)၁၃၁၆၂]နှင့် ပူးတွဲ၍ အဆောက်အအုံဆောက်လုပ်ရန် မြေပုံကူးလျှောက်ထားရာတွင် ၂၀၁၃ခုနှစ်က ကူးယူခဲ့သော အရောင်းအဝယ်စာချုပ်ရန် မြေပုံမြေရာဇဝင်မှာ ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာ-၂၉၉၆(၉-၁၀-၁၄)ဖြင့် တင်ပြလာသဖြင့် ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာနခံ၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၆)၊ မြေကွက်အမှတ်(၃၀/ခ)၊ မြေကွက်တည်နေရာအမှတ်-(၁၀/ခ)၊ ဥဇနော(၆)လမ်း၊ (၆)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးဘညွန့်[၁၂/ဥကမ(နိုင်)၁၀၈၈၀၄] အမည်ပေါက် နှစ်(၆၀)ဝရန်မြေအား ပိုင်ဆိုင်မှုစာချုပ်အမှတ်(၁၅၀၈/၁၃)ဖြင့်ရသူ ဦးသိန်းထွန်း[၁၂/ဥကမ(နိုင်)၁၁၀၂၀]က ဂရန်ပေါ်ကာ်ဆုံးကြောင်း တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာ ကန့်ကွက်သူမရှိပါသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးဘညွန့် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်-မဥ/ဇ-၁၈(၁၅-၉-၉၃) မြေငှားစာချုပ်(ဂရန့်)မူရင်းအား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂)၊ မြေကွက်အမှတ်-(၃၉၉)၊ မြေကွက်တည်နေရာအမှတ်-(၃၉၉)၊ (၂)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဦးမြင့်သိန်း(ISN-၀၆၀၆၇၁) အမည်ပေါက် နှစ်(၆၀)ဝရန်မြေအား အမည်ပေါက်ဦးမြင့်သိန်းနှင့် ဇနီးဖြစ်သူ ဒေါ်နွဲ့ခွဲ့အုန်းတို့ ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းလွင်[၁၂/လမန(နိုင်)၁၀၁၅၅]၊ ဒေါ်ဝင်းမင်း[၁၂/လမန(နိုင်)၁၀၂၅၆]၊ ဒေါ်ဇင်ရယ်သိန်း[၁၂/လမန(နိုင်)၀၀၃၃၈]၊ ဒေါ်ဝေဇင်သိန်း[၁၂/လမန(နိုင်)၁၂၆၀၀၆]၊ ဒေါ်နွယ်နီဟိန်း[၁၂/လမန(နိုင်)၁၄၀၂၉၉]တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသော သားသမီးများဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာ-၁၆၂၁၃(၁၆-၆-၁၄)နှင့် ၁၆၂၁၄(၁၆-၆-၁၄)ဖြင့် ရရှိသည် ဦးထွန်းအောင်ကျော်[၁၂/ရကန(နိုင်)၀၂၅၉၉၉]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရှိပသိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ ကန့်ကွက်သူ မရှိပါကဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျက်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ မြတ်ရတနာအိမ်ရာစီမံကိန်းမှ မြေကွက်အမှတ် (၁၅၉)၊ အကျယ်အဝန်း(၃၉'. ၆''×၆၇')ကို အမည်ပေါက် ဦးသူရဝှားမင်းဝင်း[၁၂/တမန(နိုင်)၀၇၄၅၉]ထံမှ စာချုပ်စာတမ်းဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်ခင်ခင်ဌေး[၁၂/ပဇတ(နိုင်)၀၁၀၇၂၀]က ပိုင်ဆိုင်မှုအတွက် မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာမှအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါကကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် မြို့ရွာ နှင့်အုံးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ) သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/စီမံကိန်း-၂)၊ မြေကွက်အမှတ် (၃၁၁)၊ မြေကွက်တည်နေရာ အမှတ် (၃၁၁)၊ သခင်ဖိုးလှကြီးလမ်း (၁၄ စီ/၂) တောင်ဥက္ကလာပမြို့နယ် (ဦးကျော်ပင်း) အမည်ပေါက် နှစ် (၆၀) ဂရန်မြေ မြေအား အမည်ပေါက်ခင်ပွန်း ဦးကျော်မင်း ကွယ်လွန်သဖြင့် ဒေါ်တင်ရီ (၁/သယက (နိုင်) ၀၅၂၈၃၃)က တရားဝင်ရေးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် (မဒွဲမစီတိုရေးသားသောမြေကွက်အစီတ်အပိုင်း) မြေပုံကူးလျှောက်ထားလာရာ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/၆၃၊ မြေကွက်အမှတ် ၂၂၆၄/ခ၊ မြေကွက်တည်နေရာ ၂၂၆၄/ခ၊ ဝမ္မသုခပတ်လမ်း၊ ဦးဟောင်း အမည်ပေါက် ပါမစ်မြေအား အရပ်ကတိစာချုပ် အဆက်အဝင်ပြင်ဘယ်ယူနဲ့ပဲသို့ဖိုးဇင်ဦး(သု/လလန (နိုင်)၀၃ ၂၉(၆၀)မှ အရပ်ကတိစာချုပ်များ ပိသာခဝ ပါတ်ပုံ၊ ရွှေပြောင်းသူများ၏ရာဇဝင်အကျဉ်းချုပ်တို့ တင်ပြ၍ဆိုင်ရာဆောက်လုပ်ခေတိုင်ဌာနမှ ခြေနေရာ ချထားပေးခံရသူများ၏ ပိုင်ရှင်သူများစာရင်း တင်ပြ နိုင်ခြင်းပရိသတ် ပါမစ်ပင်ဖြင့် နှစ်(၆၀) မြေငှားစာချုပ် (ဂရန့်)လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၈၄၄/က)၊ မြေကွက်တည်နေရာအမှတ်(၈၄၄/က)၊ (၂၃)လမ်း(၁၁) ရပ်ကွက်တောင်ဥက္ကလာပမြို့နယ်ဦးဘိုစံအမည်ပေါက်နှစ်ဆယ်မြောက်ပါမစ်မြေအားအမည်ပေါက် ဦးဘိုစံထံမှအရောင်းအဝယ်စာချုပ်(အရပ်ကတိစာချုပ်)ဖြင့်ရရှိညွှန်ကြားရေးဦးစီးဌာန(၁၂/ဥကတ (နိုင်)၁၀၅၅၈၄)ကမိသားစုခေါ်တိုပုံနှင့်အမိယာ ဆောက်လုပ်ခွင့်စာရွက်(ပါမစ်မရ)ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန့်)လျှောက်ထားလာ ရာခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက် အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူ မရှိပါကဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိ ပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၇/နောက်)၊ မြေကွက်အမှတ်-(၁၁၅၄)၊ မြေကွက်တည်နေရာအမှတ်-(၁၁၅၄)၊ မြေနီ(စ)လမ်း၊ (၇/အနောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးတင်လှ) ဒေါ်လှရွှေ့ အမည်ပေါက် နှစ်(၆၀)ဝရန်မြေအား အမည်ပေါက် ဦးတင်လှ (ဖခင်ယောကျ္ဍား)၊ ဒေါ်လှရွှေ့(မိခင်ယောကျ္ဍမ) နှင့် သားတစ်ဦးဖြစ်သူ ဦးအောင်သိန်းမြင့် (မောင်/ခင်ပွန်း)တို့ ကွယ်လွန်သဖြင့် သမီးနှင့် (ရွှေးမဇနီး) တော်စပ်သူဖြစ်သော ဒေါ်ခင်စန်းနွဲ့[၁၂/သကတ(နိုင်)၀၀၉၃၆၆]နှင့် ဒေါ်မြရီ[၁၂/သကတ(နိုင်)၀၃၀၈၂၅]တို့မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၅)၊ မြေကွက်အမှတ်-(၁၇)၊ မြေကွက်တည်နေရာအမှတ်-(၁၇)၊ (ဦးတင်လှ) အမည်ပေါက် နှစ်(၆၀)ဝရန်မြေအား အမည်ပေါက် ဖခင်(ဦးတင်လှ)မိခင်(ဒေါ်တင်တင်)တို့ ကွယ်လွန်သဖြင့် ဦးမင်းအောင်[၁၂/ဥကတ(နိုင်)၀၇၇၈၆၇]က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းရေးရာ

စစ်ကိုင်းရက်ကန်းလုပ်ငန်းများတွင် ချည်ထည်ကုန်ကြမ်းရှားပါးမှုနှင့် ရင်ဆိုင်နေရ

စစ်ကိုင်း၊ နိုဝင်ဘာ ၁၉

စစ်ကိုင်းမြို့ရှိ ရက်ကန်းလုပ်ငန်းများတွင် ချည်ထည်ကုန်ကြမ်းရှားပါးမှုကြောင့် လုပ်ငန်းလုပ်ရာတွင် တွင်ကျယ်မှုမရှိဘဲ နှောင့်နှေးမှုများဖြစ်ပေါ်နေသည့်အတွက် ရက်ကန်းလုပ်ကိုင်ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်တွေ့ကြုံနေရကြောင်း သိရသည်။

စစ်ကိုင်းမြို့ရှိ ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် လက်ရက်ကန်းနှင့် စက်ရက်ကန်းများကို ပူးတွဲလုပ်ကိုင်လေ့ရှိပြီး ချည်ထည်ကုန်ကြမ်း ရှားပါးမှုကြောင့် ဆက်လက်ရပ်တည်ရန်အတွက် အခက်အခဲများ တွေ့ကြုံနေရကြောင်း ယင်းလုပ်ငန်း လုပ်ကိုင်သူများက ပြောသည်။

ယခုလက်ရှိတွင် တရုတ်ပြည်မှ ပိုးချည်ထည်များကိုသာ အားထားနေရပြီး စျေးနှုန်းနှင့် အရည်အသွေးကွာခြားမှုကြောင့် ရက်ကန်းခတ်ရာတွင် အဆင့်မီသည့်ပစ္စည်းများရရှိရန် ကြန့်ကြာမှုများရှိနေကြောင်းလည်း သိရသည်။

"အိန္ဒိယကလာတဲ့ ချည်ထည်တွေကိုရရင်တော့ အဆင်ပြေနိုင်ပါတယ်။ သူတို့ဆီက ချည်ထည်တွေက အဆင်သင့်ရက်လုပ်နိုင်တယ်။ တရုတ်ပိုးထည်ကျတော့ အဆင်သင့်မဖြစ်ဘူး။ လုပ်နေးကြန့်ကြာတယ်။ အရည်အသွေးပိုင်းလည်း တရုတ်ထည်တွေက ကျဆင်းနေပြီ။ ပြည်တွင်းစျေးကွက်နဲ့ သိပ်အဆင်မပြေနိုင်ပါဘူး။ ကျွန်တော်တို့က ရက်ကန်းလုပ်ငန်းအတွက်လိုအပ်တဲ့ ချည်ထည်ကုန်ကြမ်းရရှိဖို့ကို ခက်ခဲနေတာပါ။ ချုပ်ပြီးသားပစ္စည်းတွေကို တရားဝင်တင်သွင်းချင်တယ်။

"အခုတိုင်းဆိုရင်တော့ ရပ်တည်ဖို့ခက်ခဲလာတာပေါ့။ အိန္ဒိယဖက်က ချည်ထည်တွေကိုရရှိဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့အကူအညီတွေလည်း လိုအပ်နေပါတယ်" ဟု စစ်ကိုင်းမြို့ နယ် ရက်ကန်းလုပ်ငန်းရှင်များ ဥက္ကဋ္ဌ ဦးမောင်မောင်ခိုင်က ပြောသည်။

စစ်ကိုင်းမြို့ရှိ ရက်ကန်းလုပ်ငန်းများလုပ်ကိုင်ရာတွင် စက်ရက်ကန်းထက် လက်ရက်ကန်းကိုသာ အဓိကထား ရက်လုပ်ကြပြီး လုပ်ငန်းရှင်စုစုပေါင်း ၂၀၀၀ ကျော်စာရင်းရှိနေကြောင်း သိရသည်။

ယခုလက်ရှိတွင် လုပ်ငန်းဆောင်ရွက်သူ ၁၁၄၆ ဦးသာ ကျန်ရှိတော့ကြောင်း သိရသည့်အပြင် စက်ရက်ကန်းလုပ်ငန်းရှင် ၁၈ ဦး ရှိကြောင်းနှင့် ယခုနောက်ပိုင်းတွင် ကုန်ကြမ်းချည်ထည်ရရှိရန်အတွက် ခက်ခဲမှုများကြောင့် ရက်ကန်းခတ်သူ တဖြည်းဖြည်း လျော့ကျလာကြောင်း သိရသည်။

စစ်ကိုင်းမြို့ရှိ ရက်ကန်းရုံများမှ လွန်းရာကျော်ပိုးချိပ်ထည်နှင့် မာစရိုက်ပုဆိုးများကို အဓိကထားရက်လုပ်ကြပြီး ယင်းအထည်များကို အမရပူရမြို့သို့ ၁၅ ရက်လျှင်တစ်ကြိမ် အနည်းဆုံးတင်သွင်းကာ ရက်လုပ်လျက်ရှိကြောင်းကို ရက်ကန်းလုပ်ငန်းရှင်များဥက္ကဋ္ဌက ပြောသည်။ **(၀၅၈)**

မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့ ပြည်တွင်း၊ ပြည်ပဧည့်သည်ဝင်ရောက်မှု ၂၀၁၄ ခုနှစ်တွင် ယခင်နှစ်ထက်ပိုများကာ စံချိန်တင်မြင့်တက်လျက်ရှိ

မန္တလေး၊ နိုဝင်ဘာ ၁၉

မန္တလေးမြို့၊မဟာမုနိဘုရားကြီးသို့ ပြည်တွင်းပြည်ပ နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှုအခြေအနေမှာ ယခု ၂၀၁၄ ခုနှစ်တွင် စံချိန်တင်မြင့်တက်လာကြောင်း သိရသည်။

ယခုနှစ်တွင် ၂၃၅၆၃၆၀ ဦး ပိုမိုဝင်ရောက်ခဲ့ပြီး ပြည်ပမှနိုင်ငံခြားသားဝင်ရောက်မှုအနေဖြင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၄၉၁၅၃ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၅၅ဝ၅ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၅ဝ၅ ဦး ဝင်ရောက်ခဲ့ခြင်း ဧည့်မှတ်တမ်းများအရ သိရသည်။

၂၀၁၄ ခုနှစ်တွင် နှစ်စဇန်နဝါရီလမှစပြီး ယခင်နှစ်များနှင့်မတူ ပြည်တွင်းသာမက ပြည်ပနိုင်ငံခြားသားဧည့်သည်များပါ ဝင်ရောက်မှုများပြားလျက်ရှိပြီး ၂၀၁၃ ခုနှစ်တွင် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ပြည်တွင်းမှ ဧည့်သည်ဝင်ရောက်မှု ၁၂၈၂၂၈၁ ဦးရှိခဲ့ရာမှ ယခု ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၃ဝ၆ဝ၈၆၄ ဦးအထိ ဝင်ရောက်လျက်ရှိသည်။

ထိုသို့ ဧည့်သည်ဝင်ရောက်မှုများပြားလာသည်နှင့်အမျှ ဘုရားကြီးရှိရာဒေသဝန်းကျင်တစ်ပိုက်တွင် ဒေသထွက်ကုန်များနှင့် ရွှေသက်နန်းကပ်လျှူပူဇော်မှုများ တိုးပွားလာခဲ့ပြီး ရွှေဆိုင်းများလည်း ပိုမိုရောင်းချခဲ့ရကြောင်းနှင့် အလျှူငွေများလည်း တိုးတက်ရရှိခဲ့ကြောင်းသိရသည်။

ယခင် ၂၀၁၃ ခုနှစ်တွင် ရွက် ၁၀၀ ပါ ရွှေဆိုင်းတစ်ဆိုင်းလျှင် ၃ ၂၀၀၀ ကျပ်နှုန်းဖြင့် တစ်လလျှင် ရွှေဆိုင်းပေါင်း ၃၈၀၀ ခန့် ရောင်းချခဲ့ရသော်လည်း ၂၀၁၄ ခုနှစ်တွင် တစ်လလျှင် ရွှေဆိုင်းပေါင်း ၄၃၀၀ ကျော် ပိုမိုရောင်းချခဲ့ရပြီး ယခင်နှစ်တွင် တစ်ရက်လျှင် အလျှူငွေ ၁၅ သိန်းခန့်ရရှိခဲ့ရာမှ ယခုနှစ်တွင် တစ်ရက်လျှင် ကျပ်သိန်း ၂၀ ကျော် ကောက်ခံရရှိကြောင်း သိရသည်။

၂၀၁၃ ခုနှစ်မှစတင်ပြီး နိုင်ငံခြားသားဧည့်သည်များအတွက် ဝင်ကြေးငွေ ကောက်ခံခြင်းမရှိတော့ဘဲ ကင်မရာခွန်အနေဖြင့် တစ်ဒေါ်လာ (သို့) မြန်မာငွေ ၁၀၀၀ ကျပ်နှုန်းသာ ကောက်ခံမှုရှိခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံများမှ အဓိကလာရောက်ကြကာ ကြေးရုပ်ထုများနှင့် သမိုင်းပန်းချီကားများကိုသာ အများဆုံးလာရောက်ကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးလေ့ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ဖွား)**

ကနီမြို့နယ် မိုးကောင်းစံပြကျေးရွာအတွင်းရှိ အခြေခံပညာကျောင်း(၃)မှ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

ကနီ၊ နိုဝင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ မိုးကောင်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(၃)မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို အဆိုပါကျောင်းရှေ့၌ နိုဝင်ဘာ ၁၇ ရက် နံနက် ၇ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရှိန်၊ စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးစောမောင်တို့က အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းဆိုင်းဘုတ်အားဖွင့်လှစ်ပေးပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားဒုတိယပိုင်းကို အဆိုပါကျောင်း နဝေးခန်းမဆောင်၌ ဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အဖွင့်အမှာစကားပြောကြားပြီး မိုးကောင်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအောင်ဆွေက ကျောင်းသမိုင်းအကျဉ်းနှင့် အထက်တန်းကျောင်း၏ လက်ရှိအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မိုးကောင်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ကြားမှုဆိုင်ရာပစ္စည်းများ၊ ကွန်ပျူတာတစ်စုံ၊ Umvm ပရင်တာတစ်လုံး၊ Coppier တစ်စုံ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ပေးအပ်ခဲ့ပြီး အလျှူရှင် ဦးလှအောင်နှင့် ဇနီးဒေါ်စန်းစန်းရီ (ဆန်းသစ်ဦး၊ သံပန်းသံတံခါးလုပ်ငန်း၊ မန္တလေး) မှ အလျှူငွေကျပ် ၁၇ သိန်းနှင့် အငြိမ်စားကျောင်းအုပ်ဆရာကြီး ဦးသန်းဆွေနှင့် ဇနီးဒေါ်စိန်မိသားစုမှ ပညာရေးငွေပဒေသာပင်အတွက် အလျှူငွေကျပ်တစ်သိန်း လျှပ်ဒါန်းခဲ့ကြပြီး ကျောင်းအကျိုးတော်ဆောင် ဦးသန်းရွှေက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ **သန်းရွှေအောင်(ကနီ)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၅/က၊ မြေကွက်တည်နေရာ အမှတ်-၁၀၃၊ (၂)လမ်း၊ မြို့သစ်(က)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဧရိယာ-၁၂၀၀စ/ပေ (ဒေါ်တင်မြ) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား မိခင်ဒေါ်တင်မြနှင့် ဖခင်ဦးပါတို့နှစ်ဦးကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်ကြည်အေး၊၁/အစုန(နိုင်)၀၀၈၉၅၅၂၊ ဦးမြင်း၊၁/အစုန(နိုင်)၀၀၈၉၆၆၊ ဒေါ်အေးအေးနွယ်၊၁/အစုန(နိုင်)၀၀၈၉၄၃၃၂၊ ဒေါ်မြင့်ဝေ၊၁/အစုန(နိုင်)၀၀၈၉ဌ၃၁၊ ဒေါ်မြည့်နွယ်၊၁/အစုန(နိုင်)၀၀၈၈၅၅ဂ၂ တို့က ဒေါ်တင်မြ သေဆုံးကြောင်း သေစာရင်းနှင့် ဦးပါသေဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ထောက်ခံချက်များ၊ တရားရုံးကျမ်းကျိန်လွှာများတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၆၃၁၅/၁၄၊ (၁၆-၆-၁၄)ဖြင့် GP ရသ GP ဒေါ်ကြည်အေး၊၁/အစုန(နိုင်)၀၀၈၉၅၆မှ ၎င်းကိုယ်တိုင်နှင့် ကျန်မောင်နှမများကိုယ်စား ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပံ့ကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄)၊ မြေကွက်အမှတ်(၂၀၂)၊ မြေကွက်တည်နေရာအမှတ်-(၂၀၂)၊ (၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်မြသိန်း(၁၂/မရက(နိုင်)၀၇၈၇၆၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မြသိန်း(တရားရုံး)ကိုယ်စား ဘီလစ် ဒေါ်လဲ့လဲ့ခိုင် [၁၃/တကန(နိုင်)၀၀၃၃၁၉]မှ တရားမကြီးမှု အမှတ်-၈၀/၁၃(၁၄-၁၀-၁၃)နှင့် တရားမဇာဒီမူအမှတ်-၅၃/(၁၇-၄-၁၄)တို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပံ့ကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

အထက(မြို့မ၊လှည်းကူး)၊ ဒသမတန်း (E) မှ မဆုပိုလှိုင်နှင့် အဋ္ဌမတန်း(D)မှ မောင်-စည်သူအောင်တို့၏ဖခင်အမည်မှန် မှာ ဦးလှမိုးထွန်း(၁/လကန(နိုင်)၁၄၇၉၁၆) ဖြစ်ပါကြောင်း။ ဦးလှမိုးထွန်း

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသက်နိုင် [၁/သလန(နိုင်)၀၆၅၄၄၉]ကိုင်ဆောင်သူ၏ MFA လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁ဂ၆၆၅၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဇောတင်ညွှန့်လာပမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်-၄၊မြေကွက်အ မှတ် -၈၀၈/က၊ မြေကွက်တည် ဇနရာ အမှတ်၈၀၈/က၊ ဇာဝလမ်း သွယ်၊ (၁၉)လမ်း၊ဒေါ်ကျင်ပြိုင် အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက်မိခင်(ဒေါ်ကျင်ပြိုင်)၊ဖခင် (ဦးအေးဖေ)၊ပထွေ၊(ဦးအုန်းလှိုင်) တို့အသီးသီးကွယ်လွန်သဖြင့် ဒေါ်တင်ညွန့် (၁/ဥကတ(နိုင်)၀၄၁ဆ၇)ကတာစီဝီတည်း သောသမီး၊ဇတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/ဇသစာရင်း၊တင်ပြ၍ အဝေ့ထက်ခံ ပိုင်ဆိုင်ကြောင်း၊တင်ပြ၍ အဝေ့ထက်ခံပိုင် ဆိုင်ကြောင်း၊စာချုပ်ရန်၊မြေပုံကူး၊လျှောက် ထား၊လာရာ နိုင်လုံသော အထောက်အ ထား၊များ၊ဖြင့် (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

ပြည်ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျောင်ညွှန့်လာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(ဃ)၊ မြေကွက်အမှတ် (၇၃ ½)၊ မြေကွက်တည်ရနရာအမှတ် (၇၃ ½)၊ ဧရာဝတီ(၃)လမ်း၊(ဦးဇေအေ မင်း၊ စီအက်ဗ် ၀၀၀၄၇၈)၊ ဒေါ်သန်းစိန် အန်/အိုဇောအေ ၀၀၂၇၂၃) ၊ အမည်ပေါက်နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဧင်ပွန်း ဦးဖေအေမင်း ကွယ်လွန်သဖြင့် ဒေါ်သန်းစိန် (အန်/အိုဇောအေ ၀၀၂၇၂၃)က တစ်ဦးတည်းသော ဇနီးဇတော်ထပ်ကြောင်း ကျမ်းကျိန်လွှာ/ဇသစာ ရင်းတင်ပြ၍ အဝေ့ထက်ခံပိုင်ဆိုင်ကြောင်း၊ စာချုပ်ရန် မြေပုံကူး၊ လျှောက်ထား၊ လာရာ နိုင်လုံသော အထောက် အထား များ၊ဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။ ကန့်ကွက်မည့်သူ မရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြည်ပြစီမံကိန်း၊ မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄)၊ မြေကွက်အမှတ်(၂၀၂)၊ မြေကွက်တည်နေရာ အမှတ်-(၂၀၂)၊ (၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပအရာခံဗိုလ်-တင်အောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်အောင်[၁/မရက(နိုင်)၀၆၂၀၆] မှ နှစ်(၆၀)မြေဌားစာချုပ်(ဂရန်)ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ် ၂၂၃၉၅ (၁၉-၈-၂၀၁၄)ဖြင့် ရရှိသည့် ဦးမျိုးသက်[၁/သယက(နိုင်)၀၃၉၂၂]မှ ဂရန်ဝိတ္တူ လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြည်ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၉)၊ မြေကွက် အမှတ်(၃၇၁)၊ မြေကွက်တည်နေရာ အမှတ်(၃၇၁)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ပအရာခံဗိုလ်-တင်အောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်အောင်[၁/မရက(နိုင်)၀၆၂၀၆] ကွယ်လွန်သဖြင့် ဒေါ်ကျင်ပြိုင် အမည်ပေါက် ပါမစ်မြေအား ဦးသက်ရှည် (၁/လမန(နိုင်)၀၈၄၂၅၈)၊ ဒေါ်ထွေးထွေး ယဉ်(၁/လမန (နိုင်)၀၈၄၂၇၀)တို့က အမည်ပေါက်ဦးပါကြီးထံမှ ဝယ်ယူထားသောအရပ်ကတိစာချုပ်၊ ဦးပါကြီးအမည်ပါ မြေချပါမစ်(၁)ရွက်တို့ တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် ပါမစ်ချထားပေးခြင်းခံရသူများ ဗီဒီနေထိုင်သူများစာရင်း၊ ဓာတ်ပုံ တင်ပြနိုင်ခြင်း၊ မရှိဘဲ ပါမစ်မစုံဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထား(များ)ဖြင့် (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

ပြည်ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ

ကလေးသူငယ်များအား ကိုယ်ကာယဖွံ့ဖြိုးမှုစစ်ဆေး

နေပြည်တော်၊ နိုဝင်ဘာ ၁၉

နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရွှေဇင်ဝင်းနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ဥတ္တရသီရိရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မိခင်များ၏ လူမှုစီးပွားရေးအခြေအနေနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များ၏ အာဟာရအခြေအနေ ဆက်စပ်မှုကို လေ့လာစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်မိခင်နှင့်ကလေးစောက်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ထက်ယဉ်မင်းမိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး အဆင့်(၁) ဒေါ်နွယ်နွယ်အုန်းနှင့် ဝန်ထမ်းများက ဥတ္တရသီရိရပ်ကွက်နှင့် ရွှေနံသာရပ်ကွက်အတွင်းရှိ နှစ်နှစ်အောက်ကလေးငယ် ၅၀ အား စမ်းသပ်စစ်ဆေးပေးခဲ့ကြောင်း သိရသည်။ **ရွှေရဲရင့်**

မုံရွာတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးမှုစွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်မည်

မုံရွာ၊ နိုဝင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ပညာအလင်းခေတ်မီစာကြည့်တိုက်ကြီးကြပ်ရေးကော်မတီ မုံရွာမြို့မှကြီးမှူး၍ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုစွမ်းရည်မြှင့်သင်တန်း ၁/၂၀၁၄ ကို ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ မုံရွာမြို့ပညာအလင်းခေတ်မီစာကြည့်တိုက်၌ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အင်္ဂလိပ်စကားပြောသင်တန်း၊ ဥပဒေပညာ၊ စီးပွားရေးပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာနှင့် ICT ပညာရပ်များကို တက္ကသိုလ်မှ ဝါရင့်ဆရာ၊ ဆရာမကြီးများက သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ဌာနတွင်းဝန်ထမ်းများသာမက ပြင်ပစိတ်ဝင်စားသူများပါ တက်ရောက်သင်ကြားနိုင်မည်ဖြစ်ပြီး ဝန်ထမ်းများအတွက် နံနက် ၇ နာရီမှ ၉ နာရီအထိလည်းကောင်း၊ ညနေပိုင်း ၄ နာရီမှ ၆ နာရီထိလည်းကောင်း၊ သင်ကြားပေးမည်ဖြစ်ပြီး ပြင်ပမှ စိတ်ဝင်စားသူများအား နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိလည်းကောင်း သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကြေးမှာ ဝန်ထမ်းတစ်ဦးလျှင် တစ်လတစ်သောင်းကျပ်နှင့် ပြင်ပမှစိတ်ဝင်စားသူတစ်ဦးလျှင် နှစ်သောင်းကျပ်ကို တစ်လချင်းကြိုတင်ပေးသွင်းရမည်ဖြစ်သည်။ သင်တန်းသားစာရင်းကို နိုဝင်ဘာ ၂၀ ရက်တွင် စတင်လက်ခံမည်ဖြစ်ပြီး တက်ရောက်သင်ကြားလိုသူများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဇေယျာပဒေသာဖောင်ဒေးရှင်း (၀၇၁-၂၄၃၀၁) ပညာအလင်းခေတ်မီစာကြည့်တိုက် (၀၇၁-၂၃၂၇၆) နှင့် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၀၇၁-၂၁၁၁၄) တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း**

ကျောင်းသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်

တောင်သာ၊ နိုဝင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျာ်ခိုင်နှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၁ ရက်နှင့် ၁၇ ရက်တို့တွင် ဝေးလံသည့်ကျေးရွာများသို့ မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါမြို့နယ်အတွင်းရှိ ဝေးလံသည့်ကျေးရွာများတွင် မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၂၉ ဦးနှင့် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားအရည်ချင်းပြည့်မီသူ ၈၄ ဦးတို့ကို One Stop Service ဖြင့် အခမဲ့ နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

တောင်သာမြို့နယ်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ရုံးဝန်ထမ်းများအနေဖြင့် မိုးပွင့်အဆင့်(၇)စီမံချက်အရ ဆီမီးကန်ကျေးရွာအုပ်စု၊ ရုံးစည်ကြီးကျေးရွာအုပ်စု၊ ဇလျမ်းကျေးရွာအုပ်စုနှင့် ကန်မြကျေးရွာအုပ်စုများသို့လည်း ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

အရာတော်မြို့နယ်တွင် မိုးပွင့်အဆင့်(၇) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

အရာတော် နိုဝင်ဘာ ၁၈

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အရာတော်မြို့နယ် ဦးစီးဌာနမှူးရုံးမှ မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် ရွာသစ်ကျေးရွာ (အထကခွဲ)တွင် နိုဝင်ဘာ ၁၆ ရက်က နိုင်ငံသားအရည်အချင်းပြည့်မီ သူ ၃၅၁ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးစောဦးထွန်း၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးစိုးမြင့်မှ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းလက်ဝယ်အရောက်ပေးအပ်ပြီး High Land Road ဆောက်လုပ်ရေးကုမ္ပဏီမှ နိုင်ငံသား စိစစ်ရေးကတ်ပြား ဆောင်ရွက်မှု ကုန်ကျစရိတ်နှင့် ရွာသစ် (အထကခွဲ)တွင် ကျောင်းအတွက် အလျှောင်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်ပြန်/ဆက်**

သရက်မြို့၌ ရေးဦးသူနာပြုစုခြင်းသင်တန်းဖွင့်လှစ်

သရက်၊ နိုဝင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့ပူးပေါင်းဖွင့်လှစ်သည့် ရေးဦးသူနာပြုစုခြင်းသင်တန်း ဖွင့်လှစ်ခြင်းကို နိုဝင်ဘာ ၁၈ ရက်နံနက် ၉ နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးမြမြကြိုင်၊ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်တင်အေးမြင့်နှင့် အသင်းဝင်များ၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ရေးဦးစွာ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ရေး/ထောက်အရာရှိ ဦးသန်းစိုးက ဦးခေါင်းပတ်တီးစည်းနည်း၊ မေးရိုးကျိုးပတ်တီးစည်းနည်း၊ လက်သိုင်းကွင်းစည်းနည်း စသည်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး သင်တန်းသူတစ်ဦးအား လက်တွေ့သရုပ်ပြသရာ ခရိုင်မြို့နယ်မိခင်နှင့် ကလေးစောက်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းသူများက လက်တွေ့သရုပ်ပြသမှုအား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **စော်ထက်(သရက်)**

ပခုက္ကူတွင် မေထုန်မဲ့သားစပ်ခြင်းသင်တန်းဖွင့်

ပခုက္ကူ၊ နိုဝင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်စေရေးနှင့် ထုတ်လုပ်မှုကောင်းသော တိရစ္ဆာန်များ မျိုးမြင့်တင်ရေးကိုရည်ရွယ်၍ မေထုန်မဲ့သားစပ်ခြင်းသင်တန်း (၁/၂၀၁၄) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ပခုက္ကူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းသို့ ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဟု သိရသည်။

သင်တန်းဖွင့်ပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပခုက္ကူခရိုင်ဦးစီးမှူး ဒေါက်တာမောင်မောင်စိုးဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာခင်ငယ်အောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **အောင်(မန်းတက္ကသိုလ်)**

တောင်သာမြို့နယ်တွင် မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်

ပျောက်ဆုံးကြောင်း

ကျွန်တော် စောစတင်ဖင်း[၁၄/မအန(နိုင်)၁၁၂၁၃]ကိုင်ဆောင်သူ၏ Passport No-481112 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၅၁၁၆၂၀၅

တစ်ဦးတည်းဖြစ်ပါကြောင်း

အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ဒုဦးစီးမှူး ဒေါ်ရင်ရင်ဝင်း နှင့် ဒေါ်ယဉ်ယဉ်ဝင်း[၁၂/မရက (နိုင်)၀၃၈၂၃၃]တို့မှာ တစ်ဦးတည်းဖြစ်ပါ ကြောင်း။

ဒေါ်ရင်ရင်ဝင်း(၁)ဒေါ်ယဉ်ယဉ်ဝင်း

ရွှေလမ်းခရီး ...မှ ကျိုက်ထီးရိုး(နေ့စဉ်)

* အလိုတော်ပြည့်ဘုရားပွဲတော်၊ မုဇ (စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး။
* တောင်ကြီး (ထစ်စမ်းလိုက်ရှု)(မွေတော်ကတ္တူ)၊ အင်းလေး၊ ပင်းတယ၊ ကုန်လုံ၊
* မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် **လက်မှတ်ရောင်း / စင်းလုံးတူး**
* ထားဝယ်(ရှင်ကိုးရှင်)၊ မေမျှော်ရစ်ဘုရား၊ မောင်းမကန်ကမ်းခြေ၊
* မန္တလေး၊ ပြင်ဦးလွင်၊ လားရှိ၊ မူဆယ်၊ (ရွှေလီ၊ ဝမ်တိန်၊ မန်စီ)
* မော်လမြိုင်၊ ကျိုက်မရော၊ နွားလသွီတောင်၊ ကျိုကွမီ၊ စက်စဝကမ်းခြေ
* ပြည်၊ အကောက်တောင်၊ နတ်ကန်ရစ်တောင်ဆရာတော်ဖူး * နေပြည်တော် * ဇလွန်
* ဆံတော်ခုနှင့်(၃)ဆူ–မြဲလ်ဆံတော်ရှင်၊ ကုသိနာရုံဆံတော်ရှင်၊ ကျိုက်သံလဲ၊ ကျိုက်ထီးဆောင်။
ကေလာသ၊ နွားလသွီတောင်၊ ရင်းကျိုက်တောင်] * ချောင်းသာ(နေ့စဉ်) * ငွေဆောင်
အမှတ်(၁၁၇)ပန်းဆိုးတန်းလမ်း(ဂုဏ်ကျက်တံတားဘေး) 371317,095124678,098627170

CNG TAXI ရောင်းမည်

၁။ Toyota Fielder 2003 X -limited မှန်မည်း၊ အဖြူရောင် TV Back Camera Alloy wheel. EE/-- မခိုင်းရသေး၊ ကားသစ် CNG ၇ဝအိုး

၂။ Toyota ဖင်ကောက်၊ အင်ဂျင်၊ တာယာ၊ Shockbar အသစ်၊ အောက်ပိုင်းရှယ်ဆေးဘော်ဒီသင့် CNG 77 အိုး၊ 9B/---

ဖုန်း-၀၉ ၅၀၃၀၇၆၊ ၀၉ ၃၂၂၂၀၀၃

ကန်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၃၆-အီး)၊ မြေကွက်အမှတ်-(၉၀/အိပ်၅)၊ မြေကွက်တည်နေရာအမှတ်-(၉၃H)၊ သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ် ဒေါ်ခင်ခင်ဆွေ အမည်ပေါက် ပိုင်ဆိုင်ခွင့် လက်မှတ်ရမြေ၊ မြေပိုင်မြေ(မစိုက်ပျိုးမြေ) မြေအား ဒေါ်ခင်ခင်ဆွေထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၁၈၆၆၄/၉-၇-၂၀၁၄ဖြင့် ရရှိသူ ဦးစိုးနိုင်(၁၃/လလန(နိုင်)၀၅၀၁၅)မှ မြေ အမည်ပေါက်စာချုပ်ဖြစ်သည့် အပိုင်စွန့်လွှတ်သောစာချုပ်-၉၄၀/၂၃-၁၂-၆၈ လက်ခံအမှန်ကို တင်ပြ၍ အဆောက်အအုံဆောက်လုပ်ရန် မြေပုံနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်ခြေမီမခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၃၆-အီး)၊ မြေကွက်အမှတ်-(၉၀/အိုင်)၊ မြေကွက်တည်နေရာအမှတ်-(၉၃H) သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ် ဒေါ်ခင်ခင်ဆွေ အမည်ပေါက် ပိုင်ဆိုင်ခွင့် လက်မှတ်ရမြေ၊ မြေပိုင်မြေ (မစိုက်ပျိုး မြေ) မြေအား ဒေါ်ခင်ခင်ဆွေထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၈၆၆၄/၉-၇-၂၀၁၄ဖြင့် ရရှိသူ ဦးစိုးနိုင်(၁၃/လလန(နိုင်)၀၅၀၁၅)မှ မြေအမည်ပေါက်စာချုပ်ဖြစ်သည့် အပိုင်စွန့်လွှတ်သောစာချုပ်-၉၄၀/၂၃-၁၂-၆၈ လက်ခံအမှန်ကို တင်ပြ၍ အဆောက်အအုံဆောက်လုပ်ရန် မြေပုံနှင့်မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်ခြေမီမခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တိုက်ခန်းရောင်းမည်

၁၂½ပေ× ၅၀ ပေ
ဒေါပုံ- Capital အနီး
သိန်း-၃၈၀
ဖုန်း-၀၉-၂၄၅၀၆၅၅

ဖခင်အမည်မှန်

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၊ ကျုံ့ဘိုင်းကြာအင်းစု ကျေးရွာနေ ကျွန်မ နန်းမနှင်းမှန်(ခ) နန်းမနှင်းမှန်၏ ဖခင် အမည်မှန်မှာ ဦးမောင်ရင်(ခ) ဦးအဟစ်ဖြစ်ပါ သည်။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မန္တလေးမြို့ ၃၁ လမ်း ၈၁×၈၂ လမ်းကြား
ပေအကျယ် ၃၅'×၇၀'
စျေးနှုန်း- ညှိနှိုင်း
ဖုန်း ၀၂-၂၃၅၉၅၅၊
၀၉-၂၀၃၀၁၀၇၊
၀၉-၂၅၃၆၂၂၈၉၂၊
၀၉-၃၃၅၄၉၉၈၆

အမည်ပြောင်း

ဦးနန်ဟီးအီးဇက်၏သမီး မြစ်ကြီးနားမြို့၊ အထက(၆) နဝမတန်း(B)မှ မနန်ဟီးနန်ဇီအား မနန်ဟီးဆာမီနာဟု ပြောင်းလဲခေါ်ပါရန်။

တိုက်ခန်းငှားမည်

ဆိပ်ကမ်းသာလမ်း (အပေါ်ဘလောက်) ပေ(၂၀×၆၀)၊ ၄လွှာ ဖုန်း၊ ပါကေး Aircon (1)ကုမ္ပဏီ၊ မုံခန်ဦးစားပေးငှားမည်။ ဖုန်း-၀၁-၃၉၈၅၂၆၊ ၀၉၅၁-၆၈၁၀၅

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ လှိုင်သာယာ(၁၆)ရပ်ကွက် မူဆည်လမ်း ပေ(၂၀. ၀×၆၀. ၀) အိမ်အမှတ် (၁၁၁၆)/(နှစ်ထပ်၊ ပျဉ်ခင်း၊ သွပ်မိုး) ရေမီးအစုံ

၂။ လှိုင်သာယာ (၁၆) ရပ်ကွက် မူဆည်လမ်း ပေ(၂၀. ၀×၆၀. ၀) အိမ်အမှတ် (၁၁၁၇)၊ (တစ်ထပ်၊ ပျဉ်ခင်း၊ သွပ်မိုး) ရေမီးအစုံ (လမ်း-ကွန်ကရစ်လမ်း-လမ်းသန့်) (အရှေ့ပိုင်းအားလုံးကင်းသည်) ဖုန်း-၀၉-၄၉၃၀၈၇၅၁၊ ၀၉-၃၁၀၈၄၈ ၂ ၈

သရက်ပင်စုကျေးရွာ၌ ကိုယ့်အား ကိုယ်ကိုးဖြင့် ၂၄ နာရီလျှပ်စစ်မီးရရှိ

ခင်ဦး၊ နိုဝင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ သရက်ပင်စုကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ၂၄ နာရီ လျှပ်စစ်မီးရရှိရန် ဦးသောင်းရွှင်က ငွေကျပ်သိန်း ၂၀၊ ဦးမျိုးဝင်းနိုင်က ၁၅ သိန်း၊ ဦးမောင်စိုးက ၁၀ သိန်း မတည်ခဲ့ရာ နိုဝင်ဘာ ၁၄ ရက် ညနေ ၆ နာရီက သိန်း ၄၀၀ ကျော် အကုန်အကျခံ တပ်ဆင်ခဲ့သည့် 33kv (200)KVA ထရန်စဖော်မာဖြင့် လျှပ်စစ်မီးရရှိသည့် ဖွင့်ပွဲကျင်းပခဲ့သည်။

ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေး၊ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဝင်းနိုင်၊ ကျေးရွာ ရပ်မိရပ်ဖ ဦးသောင်းရွှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်လျှပ်စစ်ဦးစီးဌာနမှ ဦးတင်စိုး၊ လျှပ်စစ်ကျွမ်းကျင်-၃ က လျှပ်စစ်မိန်းခလုတ်ကို ဆွဲ၍ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးတို့က အမှာစကားပြောကြားပြီး ကျေးရွာ မီးလင်းရေးကော်မတီမှ ဦးအောင်ဌေးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ သရက်ပင်စုကျေးရွာသည် မူးမြစ်ရေကြီးခြင်းကြောင့် နှစ်စဉ်ရေနစ်ခဲ့သဖြင့် ၂၀၀၆ ခုနှစ်တွင် ခင်ဦး-ရေဦး ကားလမ်းဘေးသို့ ပြောင်းရွှေ့ခဲ့ရသည်။

သရက်ပင်စုကျေးရွာသည် ရွာပြောင်းရွှေ့ပြီး ရှစ်နှစ်အတွင်း ကျေးရွာ၏ စုပေါင်းညီညွတ်မှုဖြင့် အ-လ-က (ခွဲ)ကျောင်း ရရှိခြင်း၊ ယခု ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိခြင်းဖြစ်ကြောင်း ယခင်က ဒီဇယ်သုံးမီးစက်ဖြင့်သုံးခဲ့ရပြီး ယခုအခါ စုပေါင်းကြိုးပမ်းမှုနှင့် နိုင်ငံတော်၏ပံ့ပိုးမှုကြောင့်ခင်ဦးရေဦး 33KV လိုင်းပေါ်မှ လျှပ်စစ်မီးဆွဲခွင့် ရသောကြောင့် ကလေးများ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများ တိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

ခင်ဦးစိုးဝေ

ကလေးမြို့လမ်းဆုံ မီးပွိုင့်မှ ဆေးရုံတံတားအထိ ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်မှုပြီးစီး

ကလေး၊ နိုဝင်ဘာ ၁၉

ကလေးမြို့လမ်းဆုံ မီးပွိုင့်မှ အရှေ့ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်လမ်းမများ ကတ္တရာလမ်း တိုးချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ယခုအချိန်တွင် မြောက်ဘက်လမ်းမဖြစ်သော လမ်းဆုံ မီးပွိုင့်မှ ပြည်သူ့ဆေးရုံ တံတားအထိ ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်မှုမှာ နိုဝင်ဘာ ၁၆ ရက်တွင် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကတ္တရာလမ်းမသည် အကျယ် ၀ေ ၂၀ သာရှိရာမှ လမ်းဘေးနှစ်ဖက်ကို အကျယ် ၆ ပေစီ တိုးချဲ့ခြင်းဖြစ်ပြီး ယင်းလုပ်ငန်းကို ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအချိန်တွင် အဆိုပါ လမ်းမသည် အကျယ် ၃၂ ပေရှိလာပြီ ဖြစ်သော်လည်း ပြည်သူ့ဆေးရုံ သံကူကွန်ဂရစ်တံတားကြီးမှာ အကျယ် ၂၄ ပေသာရှိပြီး အလွန်ကျဉ်းမြောင်းသည့်အတွက် မကြာမီတံတားဘေးနှစ်ဖက်ကို အကျယ် ၁၀ ပေစီ ထပ်မံတိုးချဲ့မည်ဖြစ်ကြောင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြို့နယ် အင်ဂျင်နီယာ ဦးမင်းထွဋ်က ပြောသည်။

လမ်းဆုံမီးပွိုင့်မှ အရှေ့၊ အနောက်၊ တောင်၊ မြောက်လမ်းမများ တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်မှုများ ပြီးစီးနေပြီ ဖြစ်သောကြောင့် ယာဉ်ကြီးယာဉ်ငယ်နှင့် ပြည်သူများ သွားလာရေးတွင် ပိုမိုလျင်မြန်လာမည်ဖြစ်သည်။

ကျနိုင်း

တောတွင်းတိရစ္ဆာန်များ၏ အရိုးစုများကို နမ့်တောစံပြကျေးရွာဈေးတွင် ဈေးကွက်တင်ရောင်းချမှုများရှိနေ

ဟုမ္မလင်း၊ နိုဝင်ဘာ ၁၉

သဘာဝတောတောင်နှင့် သစ်တောများအတွင်း မှလူသားများကို အကျိုးပြုနေသည့် တန်ဖိုးမဖြတ်နိုင်သော တောတွင်းတိရစ္ဆာန်များ၏ အရိုးစုများကို တိုင်းရင်းဆေးဖော်စပ်ရာ၌ အသုံးပြုရန် ဟုမ္မလင်းမြို့နယ် နမ့်တောစံပြကျေးရွာဈေးတွင် ပျံ့ကျဲဈေးသည် တချို့က ဈေးကွက်တင်ရောင်းချနေကြောင်း သိရသည်။

အဆိုပါ ဈေးဆိုင်များတွင် ငန်းတော်ကြားအရိုးစု၊ တောင်ဆိတ်အရိုးစု၊ ကျားရိုး၊ ကျားစွယ်များ၊ စပါးကြီးမြွေသည်းခြေများ၊ ဆေးကြီးမြင်းခွာနှင့် အခြားဆေးဖက်ဝင် သစ်ဥသစ်ဖုများကို ရောင်းချပေးနေကြောင်း သိရသည်။

တိုင်းရင်းဆေးအတွက်ဟုဆိုကာ ရောင်းချပေးနေသောကြောင့် ဈေးနှုန်းမှာ မြင့်မားပြီး တောတွင်းတိရစ္ဆာန်များ၏ သည်းခြေများကို တစ်ကျပ်သားလျှင် ငွေကျပ်တစ်သိန်းအထက် ဈေးနှုန်းပေါက်နေကြောင်း သိရသည်။

ဈေးနှုန်းမြင့်လာသည်နှင့်အမျှ တောတွင်းတိရစ္ဆာန် ရှာဖွေဖမ်းဆီးသတ်ဖြတ်မှုမှာလည်း မြင့်တက်လာရာ တောတောင်ထူထပ်၍ တောတွင်းတိရစ္ဆာန်များစွာ ကျက်စားနေထိုင်လျက်ရှိသော ရေခံမြေခံကောင်းသည့် ချင်းတွင်းမြစ်တစ်လျှောက်ရှိ သစ်တောကြီးများမှာ တစ်စထက်တစ်စ ပျက်သုဉ်းလာကြောင်း သဘာဝပတ်ဝန်းကျင်လေ့လာသူများက ပြောသည်။

တောတောင်များတွင် တောတွင်း တိရစ္ဆာန်များရှားပါးလာလျက်ရှိရာ အချိန်မီထိန်းသိမ်းသင့်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးမြတ်နိုးသူက အကြံပြုထားကြောင်းသိရသည်။

မျိုးဝင်းထွန်း

မြန်အောင်ပြည်သူ့ဆေးရုံနှင့် ပါရမီလူမှုကူညီရေးအသင်းသို့ အောက်ဆီဂျင်ဘူး အပါအဝင် ဆေးကိရိယာပစ္စည်းများ ပေးအပ်လှူဒါန်း

မြန်အောင်၊ နိုဝင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ညောင်မြစ်ဆွဲကျေးရွာအုပ်စု၊ ရွာသစ်ကုန်းကျေးရွာမှ ကွယ်လွန်သူ ဦးအုန်းဟန်အား ရည်စူး၍ ကျန်ရစ်သူမိသားစုမှ မြန်အောင်ပြည်သူ့ဆေးရုံနှင့် ပါရမီလူမှုကူညီရေးအသင်းသို့ ဆေးကိရိယာများကို နိုဝင်ဘာ ၁၇ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်အောင်မြို့နယ် ပြည်သူ့ဆေးရုံသို့ (NEBULIZER) စက်နှစ်လုံးကို အလှူရှင်မိသားစုက လှူဒါန်းရာ မြန်အောင်မြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ချစ်နှင့် ဆရာမများက လက်ခံရယူသည်။

NEBULIZER စက်မှာ အသက်ရှူလမ်းကြောင်းကျဉ်းနေစဉ် ကလေးများ အဆုတ်ရောင်ခြင်း၊ လူကြီးများ ပန်းနာရင်ကျပ်ဖြစ်ခြင်းတို့တွင် အသက်ရှူချောင်စေရန် အသုံးပြုသည့်စက်ဖြစ်ပြီး ဆေးရုံများတွင် လိုအပ်သောဆေးကိရိယာပစ္စည်းတစ်ခုဖြစ်သည်ဟု မြို့နယ်ဆရာဝန်ကြီးက ပြောသည်။

ဆက်လက်ပြီးဆေးရုံအုပ်ကြီးက ဆေးရုံအတွက် လိုအပ်သောပစ္စည်းများကို လာရောက်လှူဒါန်းခြင်းအတွက် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြောင်း၊ ဆေးရုံတွင် အမြဲတမ်းလူနာ ၄၀ ခန့်၊ တက်ရောက်ကုသလျက်ရှိပြီး သွေးလွန်တုပ်ကွေး ရာသီချိန်တွင် တစ်ခါတစ်ရံလူနာ ၇၀ ခန့် ရှိသဖြင့် လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း တာဝန်ကျ ဆရာ၊ ဆရာမများက စေတနာထား၍ ကုသခြင်းများကိုဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ၁၀ လီတာဝင် အောက်ဆီဂျင်ဘူးအား အလှူရှင်မိသားစုက ပါရမီလူမှုကူညီရေးအသင်းသို့ လှည်းနှင့်တကွ လှူဒါန်းရာ ပါရမီလူမှုကူညီရေးအသင်းမှ တာဝန်ရှိသူများက လက်ခံရယူသည်။

ပါရမီလူမှုကူညီရေးအသင်းတွင် အောက်ဆီဂျင်ဘူး ယခင်က ၃၅ ဘူးကိုအလှူရှင်များ ကလှူဒါန်းထားရာ ယခုလှူဒါန်းသော အောက်ဆီဂျင်ဘူးနှင့်ဆိုလျှင် ၃၆ ဘူးမြောက် ရှိသွားပြီဖြစ်ကြောင်း၊ ယင်းအောက်ဆီဂျင်ဘူးများကို လူနာများအား အခမဲ့လှူဒါန်းခြင်းဖြစ်ကြောင်း၊ ပါရမီလူမှုကူညီရေးအသင်းသည် အောက်ဆီဂျင် အခမဲ့ဝန်ဆောင်မှုပေးခြင်း အပြင် အရေးပေါ်လူနာတင်ယာဉ် သုံးစီးဖြင့် အရေးပေါ်လူနာများအား ကူညီပေးလျက်ရှိကြောင်း အသင်းတာဝန်ခံက ပြောသည်။

နေဝင်းဇော်(မြန်အောင်)

ရောင်းမည်

- ပေ(၄၀×၆၀)၊ ပြည်လမ်းမနှင့်နီး၊ ဆီတပ်ပြိမ်ရပ်ကွက်၊ မော်ဘီ၊ မြိုင်သာယာ (ဈေးနန်ဘုရားအနီး)။ (၂၃၀)သိန်း
Ph:09-254081570,09-795855940

တိုက်ခန်းရောင်းမည်(ပွဲစားမလို)

(၀)ထပ်၊ မှန်ခန်း၊ ပေ(၁၂½×၆၀) သုဝဏ္ဏ၊ ဗိုလ်ချုပ်ရွာအနီး၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ သိန်း(၃၅၀)၊ ဖုန်း-၀၉-၂၅၀၅၀၀၈၀၉

အိမ်ငှားမည်

ရာဇသင်္ကြန်လမ်း၊ (၅၀)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ခြံအကျယ် ပေ (၄၀×၆၀)၊ တိုက်ပေ(၂၃×၃၆)၊ (၂ ထပ်)၊ ရေမီး ပြည့်စုံ၊ အဆင့်မြင့်ပြင်ဆင်ပြီး။ ကားဝင်/ထွက်နိုင်သည်။ အိမ်လခ (၁)လ လျှင်-၄သိန်း (မလျှော့ပါ)။ (၁၂)လ ငှားမည်။ စပေါ်ငွေ ၂သိန်း (၁-နှစ်)၊ မိသားစု(၅)ဦးထက် မပိုရ။ (စီးပွားရေးလုပ်ငန်း/ဈေးဆိုင် မငှားပါ)
ဖုန်း-၀၉-၅၄၁၅၆၆၈

ပြည်ခရိုင်တွင် မြစိမ်းရောင်စီမံကိန်းအကြောင်း သိကောင်းစရာများ ဟောပြော

ပန်းတောင်း၊ နိုဝင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်သည် တာဝန်ရှိသူများနှင့်အတူ မြစိမ်းရောင်စီမံကိန်းဆောင်ရွက်ရန် ရွေးချယ်ထားသည့် စွယ်တော်ကျေးရွာမမ္မာရုံ၌ နိုဝင်ဘာ ၁၇ ရက်နံနက် ၉ နာရီက ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများအား မြစိမ်းရောင် စီမံကိန်းအကြောင်း သိကောင်းစရာများ ဟောပြောခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က မြစိမ်းရောင်စီမံကိန်းဆိုတာ ကျေးရွာတွေမှာ အသေးစားငွေချေးတာနဲ့ စီးပွားရေးကုန်ထုတ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သည့်စီမံကိန်းဖြစ်ကြောင်း၊ ကျေးရွာများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးရွာပိုင်ပေးလိုက်သည့် အရင်းမပျောက် လည်ပတ်ရန်ပုံငွေတစ်ရပ်ဖြစ်သလို ရွာပိုင်ဘဏ်တစ်ခု ပေးလိုက်သည်နှင့်တူကြောင်း ၎င်းက ပြောကြားခဲ့သည်။

ယင်းလုပ်ငန်းစဉ်မှာ မည်သည့်အုပ်ချုပ်ရေးအဖွဲ့အစည်းကမှ ပါဝင်ပတ်သက်မှုမရှိဘဲ ကျေးရွာလူထုကိုယ်တိုင် ရွေးချယ်တင်မြှောက်ထားသည့် ကော်မတီက ချေးငွေကိစ္စများကို ဆုံးဖြတ်ဆောင်ရွက်သည့်စီမံကိန်းဖြစ်သောကြောင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ မမျှော်မှန်းနိုင်သောအခက်အခဲ အဟန့်အတားနှင့် ဆုံးရှုံးမှုများမဖြစ်စေရန် မြစိမ်းရောင်စီမံကိန်းကော်မတီဝင်များကို ငွေကြေးကိုင်တွယ်ထိန်းသိမ်းရသည့်လုပ်ငန်း၊ ဝင်ငွေမဲ့အသေးစားစီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်တတ်သည့် ဗဟုသုတရှိလာစေရန်ကိုလည်း ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးထားခြင်းများရှိသည်။

ယင်းအပြင်ကျေးရွာများတွင် မွေးမြူထားသည့် ကွေ၊ နွား၊ ဝက်၊ ဆိတ်၊ ကြက်စသည့် တိရစ္ဆာန်များ၏ ကျန်းမာရေးကိုလည်း ကွင်းဆင်းဆောင်ရွက်ပေးရကြောင်း၊အရင်းအနှီးအတွက် လိုအပ်သည့်ချေးငွေများကို ချေးယူသူများဝန်မပိစေရန် အတိုးနှုန်း သက်သာစွာ ပေးချေထားသည့် စီမံကိန်းဖြစ်ကြောင်းကို ဦးဌေးဇော်က ဆက်လက်ဟောပြောသွားခဲ့သည်။ **(ဝင့ဂ)**

ချောက်မြို့နယ်တွင် အရန်သားဖွားဆရာမ မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

ချောက်၊ နိုဝင်ဘာ ၁၉

SAVI-HSS (စီမံချက်) အရ အရန်သားဖွားဆရာမ မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ချောက်မြို့နယ် ပြည်သူ့ဆေးရုံရှိခန်းမ၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဆန်းလွင်က မွမ်းမံသင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ သင်တန်းစည်းကမ်းများနှင့် ကျန်းမာရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းကို ငါးရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ သင်ကြားပို့ချ၍ သင်တန်းသူ ၃၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **ဝင်းဌေး(ဖြန်/ဆက်)**

တာချီလိတ်မြို့နယ် ၌ အကောက်ခွန်လုပ်ငန်းများဆိုင်ရာဝန်ဆောင်မှုသင်တန်း အမှတ်စဉ် (၃၆) ဖွင့်ပွဲကျင်းပ

တာချီလိတ်၊ နိုဝင်ဘာ ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၊ ဘုရင့်နောင်စျေး(F)ရုံအပေါ်ထပ်၊ အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့၊ အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုအသင်းနှင့် နယ်စပ်ကုန်သည်ကြီးများအသင်း၊ တာချီလိတ်တို့၏ စီစဉ်မှုဖြင့် အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုသင်တန်းအမှတ်စဉ်(၃၆) ဖွင့်ပွဲအခမ်းအနားအား နိုဝင်ဘာ ၁၇ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်းက သင်တန်းအဖွင့်အမှာစကားပြောကြားပြီး တာချီလိတ် နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း(ကိုယ်စား) ဦးညီညီအောင်က သင်တန်းနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါသင်တန်းတွင် တာချီလိတ်မြို့ရှိ အကောက်ခွန်ဦးစီးဌာန၊ စီးပွားရေးနှင့် ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (FDA)နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ အကြီးအကဲ ၂၇ ဦးတို့က Valuation ၊ Duty Free Shop၊ Bonded Ware House၊ CMP လက်ခံစာ စနစ်၊ Non-Licence ဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များ Import and Export သွင်းကုန်၊ ပို့ကုန်လုပ်ငန်းစဉ်၊ စစ်ဆေးခြင်း၊ ထောက်ခံချက်ရယူတင်ပြရန်ကိစ္စများ၊ H.S Structure G.I.R ၊ သွင်းကုန်ကွဲလွဲခြင်းအတွက် ဒဏ်တပ်ရိုက်ခြင်း၊ FDA အကြောင်းသိကောင်းစရာ၊ အသား၊ ငါးတင်သွင်း၊ တင်ပို့အကြောင်း သိကောင်းစရာများ၊ အထူးအမိန့်လုပ်ထုံးလုပ်နည်း၊ မော်တော်ယာဉ်စီမံချက်၊ ပြည်တွင်းအခွန်၊ ဖမ်းဆီး၊ တားဆီး လုပ်ထုံးလုပ်နည်းများ၊ လေလံတင်ထုခွဲရောင်းချခြင်း၊ အကောက်အခွန်အကြောင်း သိကောင်းစရာ၊ Draw Back ပြန်လျော့ အကောက်ခွန်၊ Temporary Importation ယာယီတင်သွင်းခြင်း၊ AEC၊ ATIGA၊ ID-ED ဖြည့်စွက်ခြင်း၊ စည်းကြပ်တွက်ချက်ခြင်း၊ အာမခံကြေတင်ပေးငွေနှင့် အကောက်ခွန် ရှင်းလင်းရေးအကြောင်း သိကောင်းစရာများ စသည့်ခေါင်းစဉ်များဖြင့် နိုဝင်ဘာ ၁၇ ရက်မှ ဒီဇင်ဘာ ၁၂ ရက်ထိ ပို့ချမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ နယ်ပယ်အသီးသီးမှ သင်တန်းသား၊ သင်တန်းသူ ၁၀၀ ခန့်တက်ရောက်ပြီး အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများကို သင်တန်းဆင်းလက်မှတ် ပေးအပ်ပြီး နောက်ဖွင့်လှစ်မည့် WTOVA သင်တန်းကို ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းများမှ အေဂျင့်ကတ်ရှိသူများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် မိတ်ဖက်ဌာနဆိုင်ရာများအကြား ပေါင်းစည်းပေးနိုင်မည့် Agent များပေါ်ထွန်းလာရေးအတွက် ရည်ရွယ်ဖွင့်လှစ်ကြောင်း သိရသည်။

အခမ်းအနားသို့ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးဇော်နိုင်ဦး၊ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းထွန်း၊ တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း(ကိုယ်စား) ဦးညီညီအောင်၊ ဥက္ကဋ္ဌ မြန်မာနိုင်ငံအကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်း(ရန်ကုန်)၊ အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (ရှမ်းပြည်နယ်)ဦးဝင်းကျော်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာချီလိတ်ခရိုင်အတွင်းရှိ နယ်ပယ်အသီးသီးမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

မော်ကြီး(ကြိုဂ်နယ်မြေ)

ကိုညာန် KO NYAN Travel Services
"ဘဝအဟောတွေ့ပြေစေနို့ကိုညာန်နှင့်ခရီးသွားကြနို့"
Hotel Package, Restaurant ဆွဲဒင်နိုင်ငံထုတ် (SCANIA VIP) ကားကြီးများဖြင့်
ခရစ်စမတ်ပွဲတော်အထူး
တောင်ကြီး–အင်းငလေး–ပင်းတယ–ကလော–ပေွတော်ကတ္တူ–ထပ်စမ်း
(ကုန်လုံးဆရာတော်၏ထူးခြားဖြစ်စဉ်မှုးမျှော်ရန်) (အထူး)
ဟိုတယ် အိပ်/စား/စက်လှေခ (ငြိမ်း) (၄ည/၅ရက်) 160000 Dec-23
ပုဂံ–ညောင်ဦး–ပုပ္ပါး(စွယ်တော်လေးဘူ)၊ပြည်ငါးပြည်–ပခုက္ကူ(ဘုရားစုံ(အထူး)
ဟိုတယ် အိပ် / စား / တဆင့်သွားကားခ / စက်လှေခ (ငြိမ်း)
(ညပိုင်း Dinner စာရင်းဖျက်ပြပ္ပါ။) အားလုံးစရိတ်ငြိမ်း(၃ည/၄ရက်) 90000 Dec-23
ကုမ္ပဏီအဖွဲ့အစည်းနှင့်မိသားစုများအတွက်ခရီးစဉ်ကားယူနိုးစုံ ကားစီးလုံး ငှားစီစဉ်ပေးသည်။
E-mail: konyan1966@gmail.com
Ph: 01-551649, 01-209183, 09-5078440, 09-73112034, 09-420085992

MEGA TWO STAR
CAR RENTAL SERVICES
ဘုရားဖူးခရီးစဉ်အမျိုးမျိုးနှင့် လချေပ်၊ နှစ်ချုပ်အတွက် MODEL မြင့် ကားသစ်မျိုးစုံ ငှားရမ်းပေးပါသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
(09) 251039391, 79/942870, 79/942871

အိမ်ငှားမည်
၂၃' x ၅၅' (ပထပ်)
မြင်ဆင်ပြီး၊ လမ်းမတော်(၄)လမ်း။
ဖုန်း - ၀၉-၅၁ခ၃ၒ၂
၀၉-ဂ၃ခ၀၂ခ၃ခ၀
၀၉-ဂ၉ခ၅ခ်ခ်ဂ၃ခ၊ ခ၁-၅၄ဂ၃ခ၉ခ

HOW အဆင့်မြင့် ခရီးသွားလုပ်ငန်း(အထူးခရီးစဉ်)
- အင်းလေး၊ တောင်ကြီး၊ ထန့်ဆန်းဝှေ၊ ပင်းတယ၊ ကလော၊ အောင်ပန်း
ဟိုတယ်အိပ်၊ ဟိုတယ်/စားသောက်ဆိုင်စား၊ Scania Bus, အဆင့်မြင့်ကားတို့ဖြင့် အဆင့်မြင့်မြင့် သွားမယ်။ ၄ညအိပ်-၅ရက်ခရီး၊ စရိတ်ငြိမ်း-၁၂၀၀၀၀/-
(Nov-21,25,28 Dec-2,5,9,12,16,19,23,24,30) နေ့ရက်များတွင် ထွက်မည်။ Ph : 09-73027303 , 09-5114301, 09-5180337

တိုက်ခန်းငှားမည်
ဗိုလ်တထောင်လမ်းသွယ်(၂)လမ်း၊ ပထမထပ်(ဟောင်ကောင်၂လွှာ)ယာ ပေ(၂၀×၅၀)ထောင့်ခန်း၊ ရေမီးစုံ၊ အသင့်နေနိုင်၊ တစ်လကျပ်(၁၀)သိန်း။
ဖုန်း-၀၉-၅၁ခ၄၂၂၃၊ ၀၉-၅၀၂၁၂၃၅

English for Academic Purposes(EAP)
အင်္ဂလိပ်စာကို ဖေရေနိုင်၊ ဖတ်နိုင်၊ ပြောနိုင်၊ နားလည်နိုင်ဖို့ 4 Skills အပြင် လူရည်လည်ဖို့ လူတွင်ကျယ်ဖို့ အတွက် Soft Skills လို့ ခေါ်တဲ့ နိုင်ငံခြားကျောင်းအတွေ့အကြုံနှင့် လုပ်ငန်းခွင်အတွေ့အကြုံလိုအပ်ချက်များကိုပါ လေ့ကျင့်သင်ကြားပေးမည်။
EAP (Dec) - 5:30 - 8:30 (Tue, Thurs) / (Jan) - 5:30 - 8:30 (Mon, Wed, Thurs)
IELTS Foundation & Preparatory Courses
IELTS (Dec) - 4:30 - 7:30 (Sat, Sun) / (Jan) - 1:30 - 4:30 (Mon, Wed, Thurs)
Dec & Jan intakes အတွက် Early Bird 20% Discount ရှိသည်။
Aptis Test နေ့စဉ်တက် ရုံးချိန်လွတ် အထူးသင်တန်းလည်းဖွင့်ပြီ။
5:30 to 7:30 (Mon to Fri) Aptis Test Enrolment for Dec 6 to 12 exam 5:30 to 7:30 (Sat, Sun)
EPIC Education
Center (I), No.17, 2nd Floor, Shankone Street, Myaynikone, Sanchaung Tsp, Yangon. Ph: 11 223 840
Center (II), No. 31, Mahar Myaing Street, Sanchaung Tsp, Yangon. Ph: 09 32 234 888, 01 536919

"စင်ကာပူပညာရေးဝန်ကြီးဌာနနှင့် LASALLE အနုပညာကျောင်းမှ ပေးအပ်ယည့် Scholarships လျှောက်ထားနိုင်ခွင့်များ၊ ဝင်ခွင့်ဆိုင်ရာများ၊ ကျောင်းပြီး အလုပ်အကိုင်အလားအလာများ၊ အကြောင်းရှင်းလင်းဆွေးနွေးပွဲ"
INTERIOR DESIGN
AUDIO PRODUCTION
FASHION
ANIMATION
FILM
MUSIC
Scholarships များအတွက် ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ ဝင်ခွင့်အတွက် Portfolio များအကြောင်းကို ရှင်းလင်းဆွေးနွေးပေးပါမည်။
CROWN EDUCATION
Yangon • Myanmar
01 527 838 / 09 732 56 965
22 Nov
10:00 am - 12:00 noon
CROWN Education Office
IELTS ဟိုတယ်
LASALLE ၏

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန

(၅၈)ကြိမ်မြောက် ဓာတ်ခွဲကျွမ်းကျင်အဆင့်(၄)

(ဓာတ်ခွဲစစ်ဆေးသူ-ဒုတိယတန်း) (၁)နှစ်သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

ကျန်းမာရေးဦးစီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီးဆေးရုံများ (မြောက်ဥက္ကလာပ၊ မန္တလေး၊ မုံရွာ၊ တောင်ကြီး၊ မကွေး၊ ပုသိမ်၊ လွိုင်ကော်၊ မော်လမြိုင်၊ မြိတ်၊ မြစ်ကြီးနား)တွင် ၂၀၁၅-၂၀၁၆ခုနှစ်၊ ပညာသင်နှစ်အတွက် ၁၃-၂-၂၀၁၅ရက်တွင် ဖွင့်လှစ်မည့်(၅၈)ကြိမ်မြောက် ဓာတ်ခွဲကျွမ်းကျင်အဆင့်(၄)/ဓာတ်ခွဲစစ်ဆေးသူ ဒုတိယတန်း(Grade-11) (၁)နှစ်သင်တန်းသို့ တက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၁။ **အရည်အချင်းသတ်မှတ်ချက်**

လျှောက်ထားသူသည်-

(၁) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူဖြစ်ရမည်။ (ဓာတုဗေဒ၊ ဘာသာရပ်၊ သန္ဓာဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ် တစ်ခုစီတွင် အနည်းဆုံး(၅၀)မှတ်ဖြင့် အောင်မြင်သူများသာ)

(၃) လျှောက်လွှာပိတ်သည့် ၁၄-၁၂-၂၀၁၄ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၂၅)နှစ်အောက်ဖြစ်ရမည်။

(၄) ပါတီနိုင်ငံရေးကင်းရှင်းသူ၊ ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(၅) အိမ်ထောင်မရှိသူ (အပျို/လူပျို)ဖြစ်ရမည်။

(၆) ကိုယ်အင်္ဂါချို့ယွင်းခြင်းမရှိရမည်။ သင်တန်းတက်ရောက်ရန် ကိုယ်ရောစိတ်ပါ ကျန်းမာရမည်။

(၇) သင်တန်းအောင်မြင်ပြီးဆုံးသည်အထိ မိမိအစီအစဉ်ဖြင့် မိမိတက်ရောက်နိုင်သူဖြစ်ရမည်။

(၈) သင်တန်းအောင်မြင်ပြီး နိုင်ငံတော်ဝန်ထမ်းအဖြစ် ခန့်အပ်ပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(၉) သင်တန်းတက်ရောက်ပြီး သင်တန်းကာလအတွင်း ပျက်ကွက်လျှင်ဖြစ်စေ၊ သင်တန်းစည်းကမ်းများကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ သင်တန်းပြီးဆုံးပြီး ဝန်ထမ်းအဖြစ်ခန့်အပ်ပါက အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊ နိုင်ငံတော်မှ အခါအားလျော်စွာ သတ်မှတ်ထားသော သင်တန်းလျော်ကြေးငွေ (၅၀၀၀၀၀/-)(ကျပ်ငါးသောင်းတိတိ) ပေးလျော်မည်ဖြစ်ကြောင်း ကတိဝန်ခံချုပ် ချုပ်ဆိုနိုင်သူဖြစ်ရမည်။

၂။ **လျှောက်လွှာပေးပို့ရန်။**

(၁) လျှောက်လွှာများကို (မည်သည့် ပြည်နယ်/တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် မဆို)ရယူပြီး ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ပူးတွဲပြီး မိမိ၏အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် စာစစ်ဌာနတည်ရှိသည့် ပြည်နယ်/တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့သာ လိပ်မူ၍ လျှောက်လွှာပိတ်ရက် ၁၄-၁၂-၂၀၁၄ရက်ထက် နောက်မကျစေဘဲ လျှောက်ထားရမည်။

(နေပြည်တော်၊ ကျန်းမာရေးဦးစီးဌာနသို့ လိပ်မူ၍ တိုက်ရိုက်လျှောက်ထားခြင်းမပြုရ)

(၂) လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲပေးပို့ရမည်။

၁။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် **(မိတ္တူ)(၁)စောင်**

၂။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်စာမေးပွဲအောင်ရမှတ်စာရင်း **(မူရင်း)(၁)စောင်**

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား **(မိတ္တူ)(၁)စောင်**

၄။ နိုင်ငံရေးကင်းရှင်းကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း၊ သက်ဆိုင်ရာရဲစခန်းထောက်ခံစာ **(မူရင်း)(၁)စောင်**

၅။ အပျို/လူပျိုဖြစ်ကြောင်း သက်ဆိုင်ရာရပ်ကွက် (သို့) ကျေးရွာအထွေထွေအုပ်ချုပ်ရေးမှူးရုံး (အုပ်ချုပ်ရေးမှူး/အတွင်းရေးမှူး)ထောက်ခံစာ **(မူရင်း)(၁)စောင်**

၆။ ကိုယ်အင်္ဂါချို့ယွင်းခြင်းမရှိကြောင်း၊ ကိုယ်ရောစိတ်ပါကျန်းမာကြောင်း၊ သက်ဆိုင်ရာမြို့နယ်ရှိ ကျန်းမာရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာ **(မူရင်း)(၁)စောင်**

၇။ ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် (သင်တန်းတက်ခွင့်ရရှိပါက)ရာထူးမှ နှုတ်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာအကြီးအကဲ၏ ထောက်ခံစာ **(မူရင်း)(၁)စောင်**

၈။ လျှောက်လွှာပုံစံတွင် လိုင်စင်ဓာတ်ပုံ(၁)ပုံကပ်ပြီး၊ ဓာတ်ပုံ(၂)ပုံကို ပူးတွဲပေးပို့ရမည်။ (၆လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် ပတ်စ်ပို့အရွယ်ဓာတ်ပုံဖြစ်ရမည်။ ဓာတ်ပုံနောက်ကျောတွင် လျှောက်ထားသူအမည်၊ မှတ်ပုံတင်အမှတ်၊ အမည်၊ နေရပ်များ ရေးရမည်။)

(မှတ်ချက်။ ။ ထောက်ခံစာများအားလုံးတွင် ထောက်ခံပေးသူ၏အမည်၊ လက်မှတ်၊ ရာထူးတံဆိပ်တုံး၊ ရုံးတံဆိပ်ပိုင်း ပါရှိရမည်။)

၃။ သင်တန်းတက်ခွင့်ရရှိပါက တက္ကသိုလ်/ကောလိပ်/အဝေးသင်တက်နေသူဖြစ်လျှင် သင်တန်းကာလအတွင်း (တက္ကသိုလ်/ကောလိပ်/အဝေးသင်)ပညာသင်ရပ်နားခွင့်ပြုကြောင်း သက်ဆိုင်ရာကျောင်းအုပ်/အကြီးအကဲ၏ ထောက်ခံစာမူရင်းကို တက်ခွင့်ရမည့်သင်တန်းတည်ရာ ပြည်နယ်/တိုင်းဒေသကြီး၊ ဆေးရုံကြီးသို့ ပေးအပ်နိုင်ရမည်။ **(သင်တန်းတက်စဉ်ကာလအတွင်း မည်သည့် လက်မှတ်ရသင်တန်းမဆို လုံးဝတက်ခွင့်မပြုပါ။)**

၄။ အောက်ပါအချက်များနှင့် ငြိစွန်းသည့် လျှောက်လွှာကို လုံးဝ(လုံးဝ)ထည့်သွင်းစဉ်စားမည်မဟုတ်ပါ။

(၁) ရှင်းလင်းပီသစွာနှင်ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသည့် လျှောက်လွှာများ

(၂) သတ်မှတ်ချက် စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများ

(၃) သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ လိပ်မူ၍ လျှောက်ထားခြင်းမပြုဘဲ ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ လိပ်မူ၍ တိုက်ရိုက်ပို့သည့် လျှောက်လွှာများ

(၄) လျှောက်လွှာပိတ်ရက်ထက် နောက်ကျပို့သည့် လျှောက်လွှာများ

၅။ သင်တန်းတက်ခွင့်ရ အမည်စာရင်းနှင့်သင်တန်းနေရာ ထုတ်ပြန်သတ်မှတ်ကြေညာခြင်း ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ(ပထမပတ်)အတွင်း အောက်ပါဌာနများ၌ ကြော်ငြာထားပါသည်။

(၁) ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်။

(၂) သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံးများ

(၃) တက်ခွင့်ရသည့် သက်ဆိုင်ရာ သင်တန်းများတည်ရာ၊ ပြည်နယ်/တိုင်းဒေသကြီး၊ ဆေးရုံကြီးများ။

(မှတ်ချက်။ ။ သင်တန်းစတင်ဖွင့်လှစ်ပြီး (၂)ပါတ်ထက်နောက်ကျပါက သင်တန်းတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)

၆။ အသေးစိတ်သိရှိလိုပါက အောက်ပါဌာနများတွင် ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

(၁) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးများ

(၂) ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန။

(ဖုန်း-၀၁-၃၇၁၉၅၇၊ ၀၁-၃၇၁၉၆၂)

ကျန်းမာရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ် (၇၂၆/ခ)၊ မြေကွက်တည်နေရာအမှတ် (၇၂၆/ခ)၊ ကျော်သူ(၁၈)လမ်း၊ (၉)ရပ်ကွက်၊ တ/၃ မြို့နယ်၊ (ဦးကျော်အုန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်အုန်း)ထံမှ ပိုင်ဆိုင်စာချုပ် (၄၂၈/၂၂-၈-၁၂)ဖြင့် ရရှိသူ ဒေါ်ရီ၁၂/ဥကတ(နိုင်)၀၂၈၁၆ကိုယ်စား ဒေါ်ထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးမြတ်တိုကိုး[၁၂/တတန(နိုင်)၀၅၉၃၃၈]မှ ပါဝါမရယူသိမ်းသေးကြောင်း ကျမ်းကျိန်လွှာ (၈၈၀၆/၁၄)နှင့် (၂၀၁)ခုနှစ်ကူးယူခဲ့သော အရောင်းမြေပုံမှာ ယျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာ (၅၂၄၈/၁၄)ကို အရောင်းမြေပုံကူး ထပ်မံလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးစီမံကိန်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန ကျန်းမာရေးသတင်းအချက်အလက်များ ကောက်ယူမည့် ပြည်သူ့ကျန်းမာရေး စာရင်းအင်းပုံစံ၊ ဆေးရုံလျှပ်ပုံစံနှင့် ပြင်ပလူနာရောဂါစာရင်း ပုံစံ(၁၅)မျိုးကို ပုံနှိပ်ခြင်း၊ စာအုပ်ချုပ်လုပ်ခြင်းနှင့် အဆိုပါပုံစံများအား တိုင်းဒေသကြီး၊ ပြည်နယ်ကျန်းမာရေးစီမံကိန်းဦးစီးဌာနများသို့ ပေးပို့ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပုံနှိပ်ခြင်းနှင့် စာအုပ်ချုပ်ခြင်းလုပ်ငန်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ ရုံးအမှတ် (၄၇)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်းအမှတ် ၀၆၇-၄၃၁၀၇၀သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် ပုံစံ(၁၅)မျိုးပုံနှိပ်ခြင်းနှင့် စာအုပ်ချုပ်ခြင်းလုပ်ငန်းအတွက် ဈေးနှုန်းတင်သွင်းလွှာ

စတင်ရောင်းချမည့်ရက် - ၂၀-၁၁-၂၀၁၄ရက်၊ နံနက် ၉းခုဝနာရီ

၄။ အိတ်ဖွင့်တင်ဒါပိတ်ရက် - ၄-၁၂-၂၀၁၄ရက်၊ ညနေ ၁၆နာရီ

အိတ်ဖွင့်တင်ဒါစီစစ်ရေးအဖွဲ့.

အလုပ်လျှောက်လွှာခေါ်ယူခြင်း
ပြည်တွင်း၌သာခန့်ထားရန်

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးရှိ မေတ္တာစမ်းရေးဆေးခန်းတွင် တာဝန်ထမ်းဆောင်ရန်အတွက် လစာနှုန်း ၃၀၀၀၀၀/-ဖြင့် လက်ထောက်ဆရာဝန် (၂)နေရာ လစ်လပ်လျက်ရှိပါသဖြင့် စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်ပါသည်။ လိုအပ်သောအရည်အချင်းမှာ ဆေးပညာတွဲ့ရရှိပြီး ဆရာဝန်မှတ်ပုံတင်(ဆမ)ရှိပြီးသူဖြစ်ရမည်။ လုပ်ငန်းလိုအပ်ချက်အရ ရုံးလုပ်ငန်းကိုလည်း ကူညီဆောင်ရွက်ရပါမည်။

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးအချက်အလက်ပြည့်စုံစွာ ရေးသားထားသော ကိုယ်ရေးလျှောက်လွှာ(လိုင်စင်ဓာတ်ပုံအပါ)၊ သက်ဆိုင်ရာရဲစခန်းနှင့် ရပ်ကွက်ရုံးထောက်ခံချက်၊ ပညာအရည်အချင်း၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သုခုမလမ်း၊ ဒဂုံဈေးသီရိမြို့နယ်၊ နေပြည်တော်သို့ ၂၆-၁၁-၂၀၁၄ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရပါမည်။ လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်ဝတ္တရားများနှင့် တာဝန်ခံထားရမှုအခြေအနေ အသေးစိတ်ကို အောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။ (၀၆၇-၄၁၉၀၁၁၊ ၀၆၇-၄၁၉၀၁၂)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

အသိပေးကြော်ငြာခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ မြေကွက်အမှတ်(၆၈၁/က)၊ မြေကွက်တည်နေရာအမှတ်(၆၈၁/က)၊ သုမာလာ(၁၄)လမ်း (ဦးအေးလွင်)[၁၂/ဥကမ(နိုင်)၁၂၅၈၄]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအေးလွင်ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးအေးလွင် အမည်ပေါက် နှစ်(၆၀)မြေဌားစာချုပ် မဥ/၂-၂၆၂/၉၃(၁၉-၁၁-၉၃)(ဂရန်)မူရင်းအား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅)၊ မြေကွက်အမှတ်- ၁၄၉/ခ၊ မြေကွက်တည်နေရာအမှတ်(၁၄၉/ခ)၊ ပင်းယ(၁၁)လမ်း၊ ၅/ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်ညွှန့်ကြည်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (မိခင်/ယောက္ခမ)ဒေါ်ညွှန့်ကြည် (ဖခင်/ယောက္ခထီး) ဦးမြင့်ဆွေ၊ (ညီ/မောင်/ခင်ပွန်း)ဦးယုလွင်တို့ ကွယ်လွန်သဖြင့် ဒေါ်ခင်မြလွင် [၁၂/ဥကတ(နိုင်)၀၇၃၉၅၈]၊ ဦးမြင့်လွင်[၁၂/လကန(နိုင်)၀၁၅၆၇၄]၊ ဒေါ်မူမူလွင်[၁၂/ဥကတ(နိုင်)၀၉၆၀၆၃]၊ ဦးကြည်လွင်[၁၂/ ဥကတ(နိုင်)၀၇၉၄၇၉]၊ ဦးအောင်မျိုးဇော်လွင်[၁၂/ဥကတ(နိုင်) ၀၇၇၀၆၄]၊ ဒေါ်ဝင်းခြေး[၁၂/ဥကတ(နိုင်)၀၇၇၀၀၅]တို့က သား/သမီး/ချွေးမ/ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အကွက်အမှတ် (၄၁၁)၊ ဦးပိုင်အမှတ်(၃၂)၊ အေးချမ်းသာယာလမ်းနှင့် ကန်ပတ်လမ်းကြား၊ သင်ဇာချောင်းလမ်းနှင့် ဧရာထွန်းလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဖွားမြသည် ဦးဖေနှင့် အိမ်ထောင်ကျပြီး (သမီး) ဒေါ်မြြင့်ကို မွေးဖွားခဲ့ပါသည်။ ဒေါ်မြြသည် ခင်ပွန်းဦးစံထိန်နှင့် အိမ်ထောင်ကျပြီး (သမီး) ဒေါ်မြြင့်သန်းနှင့် (သား)ဦးညီညီတို့ကို မွေးဖွားခဲ့ပါသည်။ အဘွားဒေါ်ဖွားမို၊ အဘိုးဦးဖေ၊ မိခင် ဒေါ်မြြ၊ ဖခင်ဦးစံထိန်(သမီး)ဒေါ်မြင့်သန်းနှင့် ခင်ပွန်းဦးဖုန်းမော်တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သူ (မြေး)ဦးညီညီ[၉/မနတ(နိုင်)၀၉၃၁၁၉]နှင့် မြစ်ဖြစ်သူ ဒေါ်ခင်မမ [၉/မနတ(နိုင်)၀၉၁၆၅]တို့မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကတ ၁/တိုးချဲ့ ။ လူနေရပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ်(၃၆၂)၊ အကျယ်အဝန်း (၄၀´×၆၀´) ၊ (၂၄၀၀)စတုရန်းပေရှိ ဦးထွန်းထွန်း (၇/ဖမန (နိုင်) ၀၅၀၉၃၅) ကိုင်ဆောင်သူအမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပစ္စည်းများ ပျောက်ဆုံးခဲ့ကြောင်း ခန့်ခံကတိပြုထိုသူ မြေအမည်ပေါက် ဦးထွန်းထွန်းထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖြီးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ မြေကွက်အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စန္ဒာမွန်း (စဉ်-၇၁၄၈)
တရားလွှတ်တော်ရှေ့နေ
LL.B, M.P.A, D.B.L,D.M.L,D.I.L,D.APsy,D.I.R,D.G.I
အမှတ်-၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ ၇၃၀၇၇၃၃၂၊ ၀၁ ၅၇၀၆၄

လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ (၅)ရပ်ကွက်၊ ဝိုလ်ဥတ္တမလမ်း၊ အိမ်အမှတ် (၅၀၇/ဘီ)နေ ဦးဥာဏ်ဝင်း + (ဒေါ်ခင်မမ) တို့၏သား

မောင်ဟိန်းဥာဏ်ဝင်း

နှင့်

သုဝဏ္ဏမြို့၊ (၂၅)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ တိုက်အမှတ်(၂၆၈/၁)နေ (ဦးကိုကိုသိန်း) + ဒေါ်ရီမြင့်တို့၏သမီး

မမြသင်းသင်းခိုင်

တို့သည်

နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်အရ ၁၂-၁၁-၂၀၁၄ ရက်(တုဒ္ဓဟူးနေ့)တွင် ဒုဘိုင်းနိုင်ငံ၌ လက်ထပ်ထိမ်းမြားပြီးစီးပြီးဖြစ်ပါကြောင်း။

မောင်ဟိန်းဥာဏ်ဝင်း+မမြသင်းသင်းခိုင်

ဒေါ်သူဇာဝင်း(စာရင်းကိုင်သင်တန်း)

B.A (Econ), D.A, DMA (LCCI,UK), C.A.T(UK), ACCA (part II), D.Comp Acc

LCCI I,II,III

MYOB & AutoCount

June 2015 Series အတွက်တန်းခွဲသစ်များ December စမည်။

(ကျောင်းအပ်လက်စံပြု)

အမှတ်(၃၀)၊ ပုလဲလမ်း၊ တို့ကွေးဆံရပ်တွက်၊ ဝတန်းမြို့နယ်(မြေယမ်းဒုတိုင်ပြီးချစ်တောင်အိမ်ရာရှေ့

Ph: 09-5029621, 09-5402724, 09-250371045

OKKALA GOLF RANGE

ဂေါက်သီးရိုက်
လေ့ကျင့်လိုသူများအတွက်

ဥက္ကလာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းအား နေ့စဉ်နံနက် ၆နာရီမှ ညစနာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထားပါသည်။ စနစ်တကျသင်ကြားလေ့ကျင့်လိုသူများအတွက် ဝါရင့်နည်းပြဆရာများ ထားရှိပေးထားပါသည်။

(ကြားရက် နံနက် ၉နာရီ မှ မွန်းလွဲ ၁နာရီအထိ ၅၀ရာခိုင်နှုန်း အထူးလျှော့စျေး)

လိပ်စာ - ဥက္ကလာဂေါက်ကွင်း၊ ဂန္ဓာမာလမ်း၊
ဂန္ဓမာ Wholesale Center အနီး၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄-ဂို)၊ မြေကွက်အမှတ်-(I 6)(I7) မြေကွက်တည်နေရာအမှတ်-(၂၀၀)၊ စက်ရုံလမ်း၊ မဘုကုန်းရပ်ကွက် ဦးလှညွှန့်နှင့် ဒေါ်ခင်စော အမည်ပေါက် နှစ်(၉၀)ဂရန်(သက်ကုန်)မြေအား အမည်ပေါက် ဦးလှညွှန့်နှင့် ဒေါ်ခင်စောကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၅၉/၁၄(၁၀-၂-၂၀၁၄)အရ ဒေါ်မြင့်မြင့်ဆွေ၊ ဒေါ်နီနီ၊ ဒေါ်အေးအေး၊ ဒေါ်လှလှ၊ ဒေါ်သီတာညွန့်၊ ဒေါ်နီလာညွန့်တို့မှ ပိုင်ဆိုင်ခဲ့ပြီး ဂရန်သက်တမ်းတိုးလျှောက်ထားလာရာ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ခဲ့ပြီး ဂရန်(မြေဌားစာချုပ်)ထုတ်ပေးခဲ့နိုင်တွင် ၎င်းတို့အနက် ဒေါ်လှလှနှင့် ခင်ပွန်းဖြစ်သူ ဦးသိန်းမြင့်တို့ ထပ်မံကွယ်လွန်သဖြင့် ဓမ္ဓလတ်မြင့်[၁၂/ဒဂန(နိုင်)၀၂၇၉၃၅]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်တွင် ၎င်း၏မိခင် ဒေါ်လှလှ အမည်မှ ၎င်း၏အမည်ဖြင့် ပြောင်းလဲထုတ်ပေးပါရန် တင်ပြလာသဖြင့် ဒေါ်မြင့်မြင့်ဆွေ[၁၂/တမန(နိုင်)၀၅၀၀၀၀]၊ ဒေါ်ပဋိညွန့်(၁)ဒေါ်နီနီ(၁)ဒေါ်ရေးမြင့် [၁၂/ဗတထ(နိုင်)၀၁၈၅၆၄]၊ ဒေါ်အေးအေး(၁)ဒေါ်အေးသိန်း(၁)ဒေါ်ရသီညွန့်[၁၂/တမန(နိုင်)၀၀၄၅၅၁]၊ ဒေါ်သီတာညွန့်[၁၂/တမန(နိုင်)၀၀၅၆၀၂]၊ ဒေါ်နီလာညွန့်[၁၂/တမန(နိုင်)၀၄၉၀၈၆]၊ မစုလတ်မြင့်[၁၂/ဒဂန(နိုင်)၀၂၇၉၃] အမည်ဖြင့် မြေကွားစာချုပ်ထုတ်ပေးမည်ဖြစ်၍ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

"ရန်ကုန်မြို့၊ သယ်နိုးကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၊ မြဝတ်ရည်လ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးရဲမြင့်

ဗိုလ်မှူး(ငြိမ်း)၊ ရေ/၃၁၇၂

ညွှန်ကြားရေးမှူး(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၃၂/စီ)၊ စိမ်းလဲ့ကန်သာလမ်းနေ (ဒေါ်ဆွေဆွေသက်)၏ခင်ပွန်း၊ ဦးရဲထွဋ်(CEO, M.Y Group of Companies) - ဒေါ်ဥမ္မာမြင့် (M.D, M.Y Group of Companies)တို့၏ ကျေးဇူးရှင် ဖခင်သည် ၁၄-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။ ကောင်းရာသုဂတိသို့ ရောက်ပါစေကြောင်း ဝန်ထမ်းများမှ ဆုတောင်း မေတ္တာပို့ပါသည်။ **Y.H.O Co., Ltd မှ ဝန်ထမ်းများ**

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးရဲမြင့်

ဗိုလ်မှူး(ငြိမ်း)၊ ရေ/၃၁၇၂

ညွှန်ကြားရေးမှူး(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၃၂/စီ)၊ စိမ်းလဲ့ကန်သာလမ်းနေ ဦးရဲထွဋ်(CEO, M.Y Group of Companies) - ဒေါ်ဥမ္မာမြင့် (M.D, M.Y Group of Companies)တို့၏ ကျေးဇူးရှင်ဖခင်၊ မချောပြည့်ရဲထွဋ်၊ မောင်အောင်ပြည့်ရဲထွဋ်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၄-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။ ကောင်းရာဘုံဘဝသို့ ရောက်ရှိစံမြန်းနိုင်ပါစေ။

Myaing Hay Wun Co., Ltd မှ ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးရဲမြင့်(ငြိမ်း) (၇၈)နှစ်

ညွှန်ကြားရေးမှူး(ငြိမ်း) အကောက်ခွန်ဦးစီးဌာန

မိဘသဖွယ်ချစ်ခင်လေးစားရပါသော ဗိုလ်မှူးရဲမြင့်(ငြိမ်း)သည် ၁၄-၁၁-၂၀၁၄ ရက် ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကွယ်လွန်သူ ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းအပ်ပါသည်။

မြန်မာဂေါက်ကလပ်၊ ဂေါက်သီးရိုက်ဖော်များ
ဦးသာညွန့်၊ ဦးစန်းသိန်း၊ ဦးကျော်၊
ဦးမြင့်လွင်၊ ဦးဘထွန်း၊ ဦးထွန်းနု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရင်ရင်မြ

အသက်(၈၆)နှစ်

ရဲမျူးချုပ်သိန်းဦး (ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့)-ဒေါ်ခင်မာဝင်းတို့၏ မိခင် ဒေါ်ရင်ရင်မြသည် ၁၈-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရဲအရာရှိကြီးများ
မြန်မာနိုင်ငံရဲတပ်ဖွဲ့.ဌာနချုပ်

အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊သိမ်ကျောင်း ဒါယိကာမကြီး

ဒေါ်ရင်ရင်မြ(တောင်ငူ)

အသက်(၈၆)နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့.ဌာနချုပ်မှ ဒုတိယရဲချုပ် ရဲမှူးချုပ်သိန်းဦး၏မိခင် ဒေါ်ရင်ရင်မြ (တောင်ငူ)သည် ၁၈-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရဲမှူးကြီးဝင်းနိုင်-ဒေါ်မွေးမွေး မိသားစု
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့.မှူး

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်နန်းစန်းတင်

အသက်(၈၀)

ရဲမှူးကြီးမြင့်အောင် [ညွှန်မှူး (နိုင်ငံတကာ)၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့]-ဒေါ်ဝေမာကြည်တို့၏မိခင် ဒေါ်နန်းစန်းတင်သည် ၁၇-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရဲအရာရှိကြီးများ
မြန်မာနိုင်ငံရဲတပ်ဖွဲ့.ဌာနချုပ်

အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊သိမ်ကျောင်း ဒါယိကာမကြီး

ဒေါ်ရင်ရင်မြ(တောင်ငူ)

အသက်(၈၆)နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့.ဌာနချုပ်မှ ဒုတိယရဲချုပ် ရဲမှူးချုပ်သိန်းဦး၏မိခင် ဒေါ်ရင်ရင်မြ (တောင်ငူ)သည် ၁၈-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့.မှ
အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား မိသားစုဝင်များ

ဝမ်းနည်းကြေကွဲခြင်း

ဦးမျိုးမြင့် (၆၁)နှစ်

Capt.မင်းသူရလွင်-ဒေါ်သန္တာအေး တို့၏ဖခင် ဦးမျိုးမြင့် အသက်(၆၁)နှစ် သည် ၁၅-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစု နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Capt.ဥက္ကာကျော်ထက်-ဒေါ်ချောစုလှိုင်

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးရဲမြင့်(ငြိမ်း)

ရေ-၃၁၇၂

ညွှန်ကြားရေးမှူး (ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၃၂/စီ)၊ စိမ်းလဲ့ကန်သာလမ်းနေ ဦးရဲထွဋ်(Managing Director, Sinminn Cement Industry Co.,Ltd.)-ဒေါ်ဥမ္မာမြင့် (Director, Sinminn Cement Industry Co.,Ltd)တို့၏ ချစ်လှစွာသော ဖခင်ကြီး ဗိုလ်မှူးရဲမြင့်(ငြိမ်း)သည် ၁၄-၁၁-၂၀၁၄ရက်ညနေ ၆:၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဆင်မင်း ၁၊ ၂၊ ၃ ဘီလပ်မြေစက်ရုံများ
ဆဒ္ဓန်နှင့်တော်ဝင် စက်ရုံများအုပ်စုမှ
မိသားစုဝန်ထမ်းများ၊ ကျောက်ဆည်မြို့။

ဝမ်းနည်းကြေကွဲခြင်း

ဦးမျိုးဝင်း(ရွှေကျင်)

အသက်(၈၆)နှစ်

B.Sc (Geology)

(ဗိုလ်မှူးတင်ထွဋ်လတ်) - ဒေါက်တာကြည်သာမျိုးဝင်း (ကလေးအထူးကု ဆရာဝန်ကြီး၊ တောင်ငူပြည်သူ့ဆေးရုံကြီး)တို့၏ဖခင် ဦးမျိုးဝင်း(ရွှေကျင်) အသက်(၈၆)နှစ်သည် ၁၅-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကြည်စိုး-ဒေါက်တာကြည်ကြည်လွင်

ဝမ်းနည်းကြေကွဲခြင်း

ဦးထင်ကျော်(ခ)ကိုညို

အသက်(၈၄)နှစ်

ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း

ဦးထင်ကျော်(ခ)ကိုညို[ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း]သည် ၁၇-၁၁-၂၀၁၄(တနလာနေ့) နံနက်၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်

ဦးမန်းဝင်းတင်(အထွေထွေမန်နေဂျာ၊သစ်ထုတ်ရေး)နှင့်ဇနီး
ဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဦးထင်ကျော်(ခ)ကိုညို (၈၄)နှစ်

ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း

ဦးထင်ကျော်(ခ)ကိုညို [ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း]သည် ၁၇-၁၁-၂၀၁၄(တနလာနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သစ်ထုတ်ရေးဌာန၊ အငြိမ်းစားအရာထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စောစိန်(ရွှေပြည်သာ)

အသက်(၇၃)နှစ်

အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (ထန်းပင်ကုန်း-ပိတောက်မြိုင်)ရှိ အနန္တဂုဏ်ရည်ကျောင်းတိုက်ကြီး၏ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်စောစိန် (ရွှေပြည်သာ)သည် ၁၇-၁၁-၂၀၁၄(တနလာနေ့) ည ၈:၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အနန္တဂုဏ်ရည်ကျောင်း
သာသနာ့ဒုဋ္ဌဟအဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးအောင်ဝင်း (၆၇)နှစ်

B.Sc (GEOLOGY), D.A.G (MINING)
GENERAL MANAGER
(YOUNG INVESTMENT GROUP) Co.,Ltd.
LOGISTICS SUPERVISOR,PETRONAS (PCML) (RERIRED)

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ F.M.I ရွှေစံပယ်(၉)လမ်း၊ အမှတ်(F-၁၁၁/၁၁၂)နေ (ဦးအေး-ဒေါ်မမကြီး)တို့၏သား၊ (ဦးသောင်းညွှန့်-ဒေါ်အေးဥ)တို့၏သားသမက်၊ မောင်ဝိုင်းဥက္ကာ(ခ)မင်းသိမ်းကျော်၊ မောင်ခွန်ဟိန်းအောင်တို့၏ဖခင်၊ ဒေါ်အေးသန်းစိန်၏ ချစ်လှစွာသော ခင်ပွန်း ဦးအောင်ဝင်းသည် ၁၈-၁၁-၂၀၁၄ (အင်္ဂါနေ့) နံနက်၅:၅၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသီဟအောင်(Chairman)-ဒေါ်နန်းစောထွေး(Director)
Young Investment Group Co,Ltd

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးအောင်ဝင်း (၆၇)နှစ်

B.Sc (GEOLOGY),D.A.G (MINING)
GENERAL MANAGER
(YOUNG INVESTMENT GROUP) Co.,Ltd.
LOGISTICS SUPERVISOR,PETRONAS (PCML) (RERIRED)

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ F.M.I ရွှေစံပယ်(၉)လမ်း၊ အမှတ်(F-၁၁၁/၁၁၂)နေ ဒေါ်အေးသန်းစိန်၏ ချစ်လှစွာသော ခင်ပွန်း ဦးအောင်ဝင်းသည် ၁၈-၁၁-၂၀၁၄(အင်္ဂါနေ့) နံနက်၅:၅၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကုမ္ပဏီဝန်ထမ်းများ
Young Investment Group Co.,Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း

ကောင်းမြတ်ကုမ္ပဏီလီမိတက်၊ သစ်အခြေခံစက်ရုံ(၁)၊ (စစ်ကိုင်း)မှ စက်ရုံမှူး ဦးသိန်းမြင့် အသက်(၅၇)နှစ်သည် ၁၇-၁၁-၂၀၁၄(တနလာနေ့) နံနက် ၄:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

BOD အဖွဲ့.နှင့် ဝန်ထမ်းများ
KAUNG MYAT GROUP

(၁)နှစ်ပြည့် လွမ်းဆွတ်သတိရလှူဒါန်းခြင်း

ဒေါ်ခင်ခင်လတ် @ Catherine Saw

(၁၇-၁၁-၂၀၁၃) (၁၇-၁၁-၂၀၁၄)

ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ခင်လတ် @ Catherine Saw ကွယ်လွန်ခဲ့သည်မှာ (၁) နှစ်ပြည့်မြောက်ပါပြီ။ (၁)လ၊ (၃)လ၊ (၆)လ၊ (၁) နှစ်ပြည့်နေ့များတွင် သံယာတော်များအား ပင့်မိတ်၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သင်္ကန်း၊ နဝကမ္မလှူဒါန်းခြင်း၊ ပရိတ်တရားတော်များ နာယူရေစက်ချ အမျှဝေခြင်းတို့အား ပြုလုပ်နေဆဲပါ။

ပြုပြုသမျှ ကုသိုလ်ကောင်းမှုများကို မိခင်ကြီးရောက်ရာဘုံဘဝမှ သာဓုခေါ်၍ မြင့်ရာဘုံဘဝမှတစ်ဆင့် နိဗ္ဗာန်သို့ တက်လှမ်းနိုင်ပါစေ။

သား-ဦးမင်းစိန်၊ သမီး-ဒေါက်တာဒေါ်မေသိန်းတိုး
ချစ်မြေးများ-မောင်ဇော်လင်းအာင်၊ ပုံပုံ၊ ကိုလင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်စိုး

(စိုးမိုးမေတ္တာ-ဓာတ်ဘဲလေးဆိုင်)

(သနပ်ပင်မြို့)

ပဲခူးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမြင့်စိုး (၆၈) နှစ်သည် ၁၀-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပဲခူးတိုင်းဒေသကြီးမွေးမြူရေးလုပ်ငန်းအဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်သင်းသင်းဇင်(ဘ.ဓ.ရ)

အသက်(၅၅)နှစ်

သူငယ်ချင်း ဦးဟံဦးမ(ဘ.ဓ.ရ)၏ ဇနီး ဒေါ်သင်းသင်းဇင်သည် ၁၆-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၇၈ ခုနှစ်၊ ရန်ကုန်ပိရာသိပ္ပံတက္ကသိုလ်
ဘူမိဗေဒကျောင်းသားဟောင်းများ

အမျှားသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင်သွင်[၁၂/ဆကခ(နိုင်)၀၀၉၆၅၁]ကိုင်ဆောင်သူ၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်ကျေးရွာ၊ (၃)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ်(၂၃၁/ခ)၊ အလျား(၁၅)ပေ×အနံ(၅)ပေ)၊ ဧရိယာ(၇၅၀)စတုရန်းပေရှိ နှစ်(၆၀)ဝရန်မြေ မှာ ဦးလှသွင်အမည်ပေါက်ဖြစ်ပြီး ဦးဝင်းနိုင်သွင် မှာ ဦးလှသွင်၏ သားဖြစ်သောကြောင့် ယင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအား ဦးဝင်းနိုင်သွင်၏ သဘောတူ ခွင့်ပြုချက်မရှိဘဲ မည်သူမျှရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လျှဒါန်းခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းတို့မပြုလုပ်ရန် အတိအလင်းတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နှင်းနုထွေး (LL.B,WIPO SWITZERLAND)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၃၂)
အမှတ်(၁)၊ ၄ဝါလမ်း၊ ဦးထွန်းအိုရပ်ကွက်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၉၃၄၄၈၊ ၀၉-၇၉၅၇၁၉၉၃၇

အမျှားသိစေရန်ကြေညာခြင်း

